www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

# သစ္စာရှိစေသား



(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

ကွန်ပျူတာစာစီ - ခင်ပြုံးဝင်း

ထုတ်ဝေသူ - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၀၂၄၀)
'ရွှေပဒေသာအော့ဖ်ဆက်'
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

ဖြန့်ချေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

သစ္စာရှူးစေသား
မိုးစက်ပွင့်
ရွှေပဒေသာစာပေ၊ ၂၀၁၆၊ ရန်ကုန်။
၂၃၉-စာ၊ ၁၂ x ၁၈ စင်တီ။
(၁) သစ္စာရှူးစေသား

# သစ္စာရှူးစေသား

---

## မိုးစက်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

BURMESE CLASSIC

"ဘာ…မွေးကို တကယ် မချစ်ခဲ့ဘူး။ မွေးနဲ့ လက်မတွဲနိုင်လို့ ရှေ့မဆက်ချင်ဘူး…ဟုတ်လား…မောင်"

မေးလည်းမေး၊ မွေးအသံက ကွဲအက်တုန်ခါလျက် မျက်ရည်က ချက်ချင်း ဝေ့တက်လာသည်။ သူပြောလိုက်တဲ့စကားက မွေးရင်ကို ချက်ချင်း ခြောက်သွေ့စေပြီး နှလုံးသား ပတ်ကြားအက်စေခဲ့သည်လေ။ သူ ဒီလိုပြောလိမ့်မယ်လို့ ထင်မထားတာကြောင့် ကြားလိုက်ရတဲ့ ကိုယ့်နားပင်ကိုယ်မယုံချင်။

မွေးနဲ့လက်တွဲဖို့ မဖြစ်နိုင်လို့ လမ်းခွဲကြရအောင်တဲ့လား။ သူ့ ပါးစပ်က ဒီစကားကို ပြောထွက်ရက်သတဲ့လား။ အစက ချစ်လှပါချေ ရဲ့ဆိုတဲ့ပါးစပ်ကပဲ အခု လမ်းခွဲဖို့စကားကို ပြောထွက်လာတာ အချစ်





က ကြာကြာဝါးမှ ခါးတတ်သတဲ့လားလေ။ ကတိတွေ အထပ်ထပ် တောင်းပြီး မောင့်ကို မထားခဲ့ပါနဲ့နော်ဆိုတဲ့လူက အခု သူ့ပဲ သစ္စာ အရင်ဖျက်ချင်တာလား။

မောင်နဲ့ လက်တွဲနိုင်ပါ့မလားတဲ့။

သူ အားငယ်စကားတွေ ပြောခဲ့တုန်းက မွေး သူ့လက်ကို တင်းတင်းဆုပ်ပြီး အားပေးခဲ့တယ်လေ။ သူ အထပ်ထပ် တောင်းခဲ့တဲ့ ကတိကိုလည်း မွေး တည်ခဲ့ပါတယ်။ သူ့အပေါ်မှာ မွေး သစ္စာကြီးခဲ့ ပါတယ်။

နောက်ဆုံးတော့ ကတိအတောင်းခံရတဲ့သူကပဲ သစ္စာကြီးစွာနဲ့ ရင်ကွဲပက်လက်ဖြစ်ပြီး ကတိတောင်းခဲ့တဲ့သူက အနိုင်နဲ့ပိုင်းပြီး အချစ်သစ်ကို ရှာဖွေတွေ့ရှိခဲ့တယ်တဲ့လား။

အားငယ်စကားတွေ ခဏခဏ ပြောတတ်တဲ့သူ့ကို မွေး သနားချစ်နဲ့ အချစ်တွေ ပိုခဲ့တာ နှလုံးသားမှာ နုတ်မရ၊ ထွင်မရပါ။ သူပြောသမျှ ဘာမဆို ဘာရစေအောင် အတတ်နိုင်ဆုံး လိုက်လျောအလျှော့ပေးခဲ့တာလည်း မွေးဆိုတဲ့ မိန်းမပဲလေ။ သူ မွေးကို ဥပေက္ခာပြုခဲ့တာတော့ ကြာပါပြီ။

ဒါပေမယ့်…

အဆိုးမြင်ဝါဒနဲ့ မတွေးရက်ခဲ့ပါဘူး။ အရင်တုန်းက မွေးဆီ တစ်နေ့ နှစ်ခါ သုံးခါ ဖုန်းဆက်ပြီး အလွမ်းသယ်တတ်တဲ့ မောင်က နောက်ပိုင်း နှစ်ရက်တစ်ခါ သုံးရက်တစ်ခါလောက်ပဲ ခေါ်တော့တာ လေ။ ဒါကို မွေး ဖြည့်တွက်ခဲ့ပါတယ်။ သြော်…မောင် အလုပ်များ



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲဖြစ်မှာပါ။ နေမကောင်းလို့လား…သူ့ဖုန်းထဲမှာ ဘေမရှိလို့လား ဆိုပြီး မွေးကပဲ စခေါ်ခဲ့ရတဲ့ရက်တွေ မနည်းတော့ပြီ။

ပြီးတော့….

ဖုန်းခေါ်လိုက်တိုင်း မွေး ထမင်းစားပြီးပြီလား။ ဘာဟင်းနဲ့စားလဲ။ နေကောင်းရဲ့လား။ ဒီနေ့ မောင် ဘယ်သွားရလို့ ဝင်ယန်းလိုက်တာ။ ခေါင်းတွေကိုက်နေလို့ဆိုတဲ့ ဆင်တူရန်ရှောင်စကားတွေနဲ့တင် ဖုန်းပြောခြင်းက ပြီးဆုံးခဲ့ရတာပါ။ လူချင်းမတွေ့ဖြစ်တာလည်း ကြာပါပြီ။

အရင်က မောင် ဒီလိုမဟုတ်ခဲ့ပါဘူး။

မွေး ကျန်းမာရေးကို ဂရုစိုက်နော်။ မောင်က မွေးကို လွမ်းနေတာဗျ။ လွမ်းလို့မသေနိုင်ပေမယ့် သေလောက်အောင်ကို လွမ်းနေတာ။ မောင်နဲ့မွေး တွေ့ကြရအောင်လေ။ မောင် ဘယ်ကိုလာခဲ့ရမလဲ။ ချစ်သူချိန်းတဲ့နေရာဆို ဘုံယံရွှေနတ်တောင်ပဲ တက်ရတက်ရ မောင် လာခဲ့မယ်တဲ့။ ဖုန်းချကာနီးတိုင်း…

မောင့်ကို ချစ်တယ်လို့ ပြောပြီးမှ ဖုန်းချပါ မွေးရယ်တဲ့။ အခုတော့ အဲဒီအရာတွေအားလုံး ရေထဲကို ဆားထည့်လိုက်သလို အရည်ပျော်ပြီး ငန်တဲ့အရသာပဲ ကျန်ခဲ့လေသလား။

"ပြောပါဦး…မောင်ရယ်…မောင်…ရှေ့မဆက်ချင်လောက်အောင် မွေးက မောင်…စိတ်ပျက်အောင် ဘာတွေလုပ်ခဲ့မိလို့လဲ။ မွေးမှာ ဘာအပြစ်ရှိလို့လဲ။ မောင် မကြိုက်တာ မွေး ဘာလုပ်ခဲ့မိလို့လဲ… ပြောပါ"

"…………"





"မောင် မကြိုက်တာဆို မွေး ဆင်ခြင်ခဲ့တယ်…မောင့်အတွက် လိုအပ်တယ်ထင်တာ မွေး ဖြည့်ဆည်းပေးခဲ့တယ်။ မောင့်အပေါ်မှာ မွေး နားလည်ပေးခဲ့တယ်…အဲဒီကြားထဲက မောင်က…"

စကားက ရှေ့ဆက်ထွက်မလာဘဲ လည်ချောင်းဝမှာပင် တစ်ဆို့နေခဲ့သည်လေ။ မွေးမှာ မာနရှိသည်ပဲ။ စောစောကတော့ လုပ်ရက်လေခြင်း၊ ပြောရက်လေခြင်းလို့ ဝမ်းနည်းနေခဲ့တာ။ ခုတော့ မာနက မီးတောက်တွေလို တစ်ရှိန်ရှိန်နှင့် တောက်လာခဲ့ပြီ။ ကိုယ် မမှားတဲ့အတွက် တောင်းပန်မနေတော့ပါဘူး။

စကားတစ်ခွန်းမျှ မဆိုတော့တဲ့သူ့ကို…

မွေး မျက်ရည်တွေသုတ်ပြီး ခပ်စူးစူး ကြည့်ပြီးနောက်…

"ရပါတယ် မောင်…မောင်…ရှေ့မဆက်ချင်ဘူးဆိုမှတော့ ရှေ့မဆက်ကြရုံပဲပေါ့။ ဒါပေမယ့်…မွေး ဝမ်းနည်းတာတစ်ခုတော့ ရှိတယ်"

"ဘာလဲ"

ဪ…မေးဖော်တော့ရသေးသားပဲ။

"တကယ်ဆို…မွေးက ချန်ထားရစ်ခဲ့သူပဲ ဖြစ်ချင်တာ။ အခု ကျန်ရစ်ခဲ့ရမယ့်သူဖြစ်လာတော့ ရင်ခံသွားတာ အမှန်ပဲ။ ကိုယ် မမှားတဲ့အတွက် တောင်းပန်နေစရာလည်း မလိုပါဘူး…ဒါပေမယ့် မောင် သိထားဖို့က လောကမှာ မွေးအတွက် ယောကျ်ားရှားလို့ မောင့်ကို တွယ်ကပ်နေခဲ့တာ မဟုတ်ပါဘူး။ မောင့်ကို သိပ်ချစ်ခဲ့လို့ မောင့်အပေါ် သစ္စာရှိချင်လို့…မျက်နှာများတဲ့မိန်းမ မဖြစ်ချင်လို့ မောင့်ကို တွယ်တာ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့မိတာပါ။ နောက်ဆုံးတော့ ကတိတောင်းတဲ့သူကပဲ အဲဒီကတိကို ချိုးဖျက်သွားတာ။ အဲဒီအတွက်တော့ မွေးဝမ်းထဲ ဆန့်မကျေဆိုတာမျိုး ဖြစ်ရတယ်”

စကားလုံးတွေက ကြိုတင်တွေးတောကျက်မှတ်ထားတာ မဟုတ်ပါဘဲနှင့် နှလုံးသားက ပွင့်အန်ထွက်လာတဲ့အတိုင်း ထွက်လာတာ အမှားအယွင်းမရှိ ထိထိမိမိပါ။ အချစ်ရေးအချစ်ရာကိစ္စဆိုတာ ကျောင်းတက်ပြီး စာမေးပွဲဖြေယူရတာမှ မဟုတ်တဲလေ။ သူ့အလိုလိုပဲ ချစ်တတ်ပြီး သူ့အလိုလိုပဲ မုန်းတတ်လာခဲ့ကြတာမဟုတ်လား။

“မင်း… ငါ့ကို တကယ်ပြတ်နိုင်တယ်မို့လား”

မွေး နှုတ်ခမ်းလေး မဲ့ကနဲ ဖြစ်သွားပြီးနောက်…

“မောင်…ကိုယ့်ကိုယ်ကိုယ် သိပ်အထင်မကြီးပါနဲ့။ အချစ်ဆိုတာ ခမည်းပေးပစ္စည်းမှ မဟုတ်တာ။ ခမည်းပေးပစ္စည်းတောင် ကျပျောက်ရင် နေရသေးတာပဲ။ အခုလည်း လိမ်တတ်တဲ့ရှင် မမှားပါဘူး”

“ဟင်”

“အချစ်ကို ယုံကြည်ပြီး သစ္စာတရားကို ကိုးကွယ်မိတဲ့ ကျွန်မပဲ မှားတာပါ။ အခု ရှင့်ဘက်ကစပြီး သစ္စာဖောက်တယ်ဆိုရင် ကျွန်မ သစ္စာတွေ ရှင့်ကို ရူးမှာပဲ”

ကျွန်မ သစ္စာတွေရူးမှာပဲဆိုတဲ့စကားက ဝေယံရှိန်နားထဲမှာ ပဲ့တင်ထပ်သွားလေတော့၏။ သစ္စာဆိုတာ တကယ်ရူးတတ်သလား။ မွေးရဲ့ မာနရောင်တောက်ပနေတဲ့ မျက်လုံးရူးရူးကို ကြည့်ပြီး စိတ်ထဲမှာ





တစ်မျိုးကြီးပါပဲ။ မိန်းကလေးတွေ ဒီလိုပဲလား။ သူတို့ကို ချစ်နေတုန်းတော့ နူးညံ့သလိုလို၊ သိမ်မွေ့သလိုလိုနဲ့…

လမ်းခွဲကြတော့မယ်ဆိုမှ…

မာနတွေ၊ ဒေါသတွေနဲ့ ခေါင်းထောင်တတ်ကြသလား။ ဒါ များသောအားဖြင့်ပဲနေမှာပါ။

“သစ္စာဆိုတာ တကယ်ရူးတတ်သလား…မွေး”

“အနည်းဆုံး ဝဋ်လည်တာတော့ ရှင် ခံရမှာပါ။ မောင့်အပေါ် ချစ်ခဲ့တဲ့ မွေးအချစ်တွေကို မောင် တန်ဖိုးမထားခဲ့ဘူး။ မောင် ချစ်တဲ့သူနဲ့ တွေ့တဲ့အခါ မောင် ကိုယ်ချင်းစာတတ်လာမှာပါ။ မွေး ပြောချင်တဲ့ စကားလုံးတွေ အများကြီး ရှိတယ်။ ဒါပေမယ့် မပြောတော့ပါဘူး။ မျိုသိပ်လက်စနဲ့ မွေး မျိုသိပ်ထားလိုက်တော့မယ်။ ဘာလို့လဲဆို အဲဒီ စကားတွေက မောင်နဲ့ မတန်တော့လို့ပဲ”

“မျိုသိပ်တယ်ဆိုတာ လူကို အရမ်းပင်ပန်းစေပါတယ်။ မင်း ရင်ထဲမှာ ပေါ့သွားအောင် ပြောလိုက်ပါလား”

မွေး သူ့မျက်နှာကို ဆတ်ကနဲ မော့ကြည့်လိုက်ပြီး…

“မွေးအပေါ် အဲဒီလောက်အထိလေးတော့ စေတနာထားသေးတယ်လား”

“…………….”

“ကျေးဇူးတင်ပါတယ်”

“ဘာလို့ စေတနာမထားရမှာလဲ…မွေးက မောင့်ချစ်သူပဲလေ”

“ဘာ”



www.burmeseclassic.com

www.burmeseclassic.com



အခုပဲ လမ်းခွဲဖို့ ပြောခဲ့ပြီး အခုပဲ မောင့်ချစ်သူတဲ့။ ရှုးများနေပြီလားမသိပါဘူး။ မွေးကတော့ သူ့အရင် ရှုးနေခဲ့ရသူပါ။ သူ ပျော်မယ်ဆို ကျေနပ်ပါတယ်။ သူ ချန်ထားခဲ့တော့လည်း ကျန်ရစ်ခဲ့မှာပါ။ ဘာမှလိုက်ပြီး တွယ်ကပ်နေဖို့ မလိုပါဘူး။ ကိုယ်က ဒူးထောက်မှ ဒီယောက်ျားကို ရမယ်ဆိုရင်···

နေပါစေတော့···

အချစ်ပဲရှုံးရှုံး၊ နှလုံးသားပဲဆုံးဆုံး၊ အသက်ပါပဲသေသေ မွေး အသက်ပဲ အသေခံသွားမယ်။ ဘယ်တော့မှ ဒူးမထောက်ပေ။ သူ ဥပေက္ခာပြုရင် ကိုယ်လည်း နေနိုင်ရမှာပေါ့။ နေနိုင်အောင် ကြိုးစားရင်း နေတတ်သွားမှာပါ။ ရင်ထဲက ဒဏ်ရာကို အချိန်ဆိုတဲ့ သမားတော်က ကုစားသွားလိမ့်မယ်လေ။ ကိုယ်ပေးသလောက်မှ ပြန်မရရင် ဘာလုပ်နေမှာလဲ။

ဒါ···

မွေးရဲ့မာနပါ။

“ပြီးဆုံးသွားပြီဆိုရင်လည်း စကားထဲ ချစ်သူဆိုတာ ထည့်မပြောပါနဲ့တော့။ ရှင့်ကို ကျွန်မ နှုတ်ဆက်ပါတယ်”

“မွေး”

သူက မွေးလက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလေတော့ မွေး သူ့ကို လှည့်ကြည့်လိုက်ခြင်းမှာ ရင်ထဲနာကျင်ခံစားရခက်လိုက်တာ။ ချစ်သူဆိုတာ အဲဒီလိုချစ်ပြီးရင် လမ်းခွဲကြရသတဲ့လားလေ။ ပေါင်းဖို့ ချည်းသက်သက်မဟုတ်တဲ့ အချစ်ရေးဆိုတာ အခုလို အချိန်မရွေး





ဖြစ်လာနိုင်မှန်း မွေး သိလိုက်ပါပြီ။

တကယ့်အချစ်စစ်နဲ့ မထိုက်တန်တဲ့လူ။

ဒီတော့ ဘုန်းကံချင်းမညီမျှလို့ လမ်းခွဲဖြစ်တယ်လို့ပဲ သတ်မှတ်ရမှာပေါ့။ အရာတစ်ခုရဲ့တန်ဖိုးဆိုတာ ကိုယ့်လက်ထဲမှာ ဆုပ်ကိုင်ထားတုန်းတော့ တန်ဖိုးမရှိတဲ့ ကျောက်ခဲလို့ပဲ ထင်မှာပေါ့။ ကိုယ်မပိုင်ဆိုင်ရတော့တဲ့အချိန်ကျရင် ပတ္တမြားမှန်း သိလာမှာပါ။

စစ်မှန်တဲ့မေတ္တာနဲ့ သစ္စာကို တန်ဖိုးမထားတဲ့လူ တစ်နေ့တော့မှ အဲဒီမေတ္တာသစ္စာတွေ ရူးပြီး နောင်တမရပါစေနဲ့။

“ဘာကြောင့် လမ်းခွဲရတယ်ဆိုတာ ရှင် အကြောင်းပြချက် မပေးနိုင်ဘူးမို့လား။ ရှင်းရင် ပိုရှုပ်သွားလိမ့်မယ်···ဖယ်ပါ”

မွေး သူ့လက်ကို ဖယ်ချလိုက်တော့ သူက လွှတ်မပေးဘဲရိုကာ··

“မောင်···မွေးကို မမုန်းပါဘူး”

“မမုန်းတော့ဘူးရဲ့နောက်ကျောဘက်မှာ မချစ်တော့ဘူးဆိုတာလည်း သေချာနေတယ်မဟုတ်လား။ ရှင် ပျော်နေမယ်ဆိုရင် ကျွန်မ ကျေနပ်ပါတယ်။ ချစ်သူနှစ်ယောက်မှာ တကယ်ချစ်တဲ့သူကပဲ အရှုံးနဲ့ ရင်ဆိုင်ရတယ်တဲ့။ အဲဒါကို ကျွန်မ လက်ခံထားပါတယ်။ ရှုံးပါစေ··· ကျွန်မ အရှုံးခံနိုင်ပါတယ်။ အဲဒီအရှုံးက ကျွန်မကို သင်ခန်းစာတွေ အများကြီး ပေးခဲ့တာပဲမဟုတ်လား”

“မဟုတ်ဘူး မွေးရဲ့···လမ်းခွဲမယ်ဆိုတာ မွေး မောင့်ကိုချစ်မှန်း သိလို့ မောင်ကလည်း မွေးကို သိပ်ချစ်လို့စတာ။ ဒါလေးတောင် မသိဘူးလားကွာ···မွေးကို မောင် ချစ်တယ်။ အခုလည်း ချစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကအတိုင်းပဲ”

“ဟင်”

“စတာကို တကယ်ထင်ပြီး မောင့်ကို ပြောနေလိုက်တာများ ကက်ကက်လန်အောင်ပါပဲလား။ မောင် ဘာပြန်ပြောပြီး ချော့ရမှန်းကို မသိတော့တာ။ သာလီကာမလေး…ဒီလောက် စကားတွေတတ်တဲ့ ပါးစပ် ဘယ်လိုပိတ်ပေးရမှန်းကို မသိတော့ဘူး…ရှူး”

ပြောရင်း သူ မွှေးကိုယ်လေးကို ဆွဲဖက်လိုက်တော့ သူ့ရင်ခွင်ထဲမှာ နစ်မြုပ်သွားလေသည်။ မဟုတ်ဘူးတဲ့…တကယ် မဟုတ်ဘူးတဲ့လား။ တကယ်ချစ်တဲ့သူတွေက ကိုယ့်ချစ်သူ လိမ်နေမှန်းသိရင်တောင် မသိချင်ယောင်ဆောင်ပြီး ဆက်ချစ်ကြတယ်တဲ့လေ။ မွှေးက သူ့ကို တကယ်ချစ်ခဲ့တာပါ။

ဒါကြောင့်…

စောစောက တင်းကျပ်နေတဲ့ ရင်ဘတ်ကြီးက အားမလိုအားမရ ဆက်တင်းရမလို လျှော့ချရမလိုဖြစ်ပြီး နောက်ဆုံး…

“အိ…ဟီး”

“ဟာ…မွှေး”

မျက်ရည်တွေက စောစောကလို မာနနှင့် တင်းမထားနိုင်တော့ပေ။ ဒါကြောင့် ငိုချလိုက်တော့…

“မွှေး…မငိုနဲ့လေကွာ…ကလေးကျနေတာပဲ…စလို့စမှန်း မသိ၊ ချစ်လို့ချစ်မှန်းမသိနဲ့…မငိုနဲ့…တိတ်တော့”

စတာတဲ့လား။ ချစ်လို့စတာ…အခြားစနည်းရှားလို့ ချစ်သူကို





မျက်ရည်ကျအောင် လုပ်သတဲ့လားလေ။ ဒီလိုပြောပြန်တော့လည်း ချစ်တဲ့စိတ်က သူ ညာနေတယ်ဆိုရင်တောင် ညာတာလေးကိုပဲ ယုံမိနေတာပါ။ သူက မွှေးမျက်နှာလေးကို ဆွဲမော့ပြီး မျက်ရည်တွေ သုတ်ပေးကာ…

“မငိုနဲ့တော့နော်…မောင်က ချစ်လို့စတာပါ မွှေးရဲ့”

“တကယ်နော်”

“အင်း”

“စတာများ အခြားနည်းလမ်းနဲ့ပဲ စပါလား မောင်ရယ်…နောက်ကို အဲလိုမျိုးကြီး မစပါနဲ့နော်။ မွှေး မခံစားနိုင်လို့ပါ”

စောစောကတော့ မာနတွေ တံခွန်ထူပြီး ပြောခဲ့တဲ့စကားတွေက သူ့ရဲ့ ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းအောက်မှာ အရည်ပျော်သွားခဲ့ပါပြီ။

ဝေယံရိုန့်ရင်ထဲမှာတော့…

ပြောတုန်းက တကယ်ပြောတာပါ။ ကိုယ့်ရှေ့မှာ မျက်ရည်ကျတာကျတော့ မမြင်ချင်ပြန်ဘူးလေ။

အဲဒီတော့…

ကိုယ့်ကွယ်ရာရောက်မှပဲ သူ့ဘာသာသူ ဖြစ်ချင်သလိုဖြစ်ပစေတော့ပေါ့။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၂]

သက်ပြင်းတချချဖြစ်နေတဲ့ ဝေယံရှိန်ကို ကြည့်ပြီး မျိုးဇော်နဲ့ ဝေမိုးဦး ဘာပြောရမှန်းမသိပေ။ ဒီကောင်ကိုက မပြတ်သားတာလေ။ မွေးကို မချစ်တော့ဘူးဆိုရင်လည်း ငိုရှိုမကလို့ မျက်ရည်ချောင်းပဲစီးစီး ထားခဲ့လိုက်တော့ပေါ့။ ဘာလဲ…မလျှော့မတင်း လုပ်ရအောင် မွေးက စောင်းကြီးမှမဟုတ်တာ။

ခုလိုလုပ်တာကမှ…

သူ မွေးကို ဒုက္ခပေးနေတာနဲ့ အတူတူပဲလေ။ မွေးက တည်ငြိမ် သူဆိုပေမယ့် ဒီလိုကိစ္စမျိုးက လူတိုင်း မတည်ငြိမ်နိုင်ကြဘူးလေ။ သူငယ်ချင်းနှစ်ယောက်ရှိတဲ့အနက်မှ မျိုးဇော်က မြှောက်ထိုးပင့်ကော် လုပ်သူလေ။ ဝေမိုးဦးကတော့ မွေးကို ကိုယ်ချင်းစာစွာ သနားနေသူ။





ဒါကြောင့်…

"ရှိန်"

"ဟင်"

"မင်းကို ငါ မေးမယ်…မင်း…မှန်မှန်ဖြေမလား"

"ဘာမေးမှာလဲ…မေး"

"မင်း…မွေးကို တကယ်မချစ်တော့တာ သေချာလား"

"ဟ…မသေချာစရာ ဘာအကြောင်းရှိလို့လဲ။ အဆွလီက လှလည်းလှ၊ ငယ်လည်းငယ်တယ်။ သွက်သွက်လက်လက် ဖျတ်ဖျတ် လတ်လတ်…မင်းရဲ့မွေးက အဘွားအိုပေါက်စလေးအတိုင်းပဲ… ဘာမှကိုမဆိုင်တာ"

ဝင်ပြောလိုက်တာ မျိုးဇော်ပဲမို့ ဝေမိုးဦး ယောက်ျားမျက်စောင်း ကြီး ထိုးပစ်လိုက်သည်။ သူက လှတာသွက်တာလောက်ပဲ မြင်တာ ကိုး။ ဘာလို့ ရှေ့ကို မျှော်တွေးမကြည့်ရတာလဲ။ ချစ်တယ်ဆိုပြီး တစ်နေ့နေ့မှာ အိမ်ထောင်ပြုကြမှာပဲလေ။ အိမ်ထောင်ရေးဆိုတာ ဖြစ်ပြီး ပြန်ဖျက်လို့ရတဲ့ ငြမ်းမှမဟုတ်။

"မင်းကို ငါ တစ်ခု ပြောပြမယ်…မျိုးဇော်"

"ဘာလဲ"

"စိတ်ထားလှတဲ့မိန်းမနဲ့ ရုပ်လှတဲ့မိန်းမ…ရုပ်လှတဲ့မိန်းမက အသက်ကြီးတဲ့အခါ အဲဒီရုပ်က မလှပနိုင်တော့ဘူးတဲ့။ စိတ်ထားလှ တဲ့မိန်းမက သူ့စိတ်ကို တစ်သက်လုံးလှအောင် ပြုပြင်နေတာပဲလေ။ ရုပ်လှတဲ့မိန်းမက မျက်စိအေးစေသလို စိတ်ထားလှတဲ့မိန်းမက လင်တွ

www.burmeseclassic.com



ရဲ့နှလုံးစိတ်ဝမ်းကို အေးချမ်းစေတယ်တဲ့"

"ဟုတ်လား"

"ရှိသေးတယ်"

"ဆက်ပါဦး"

"ရပ်လှတဲ့မိန်းမက မိန်းမကောင်းဆိုရင် စိတ်ထားလှတဲ့မိန်းမက မိန်းမမြတ်။ ရုပ်လှတဲ့မိန်းမက ရတနာတစ်ပါးဆိုရင် စိတ်ထားလှတဲ့မိန်းမက ရတနာသိုက်ပဲ ဟေ့ကောင်"

"တယ်ဆိုတဲ့စာပါလား"

"မင်းပြောချင်တာပြော…ငါကတော့ စိတ်ထားလှတဲ့မိန်းမကိုပဲ သဘောကျတယ်"

"ဘယ်စာအုပ်ထဲက အလွတ်ကျက်လာတာလဲ"

"ဟုတ်တယ်…ငါ သဘောကျလို့ အလွတ်ကျက်ထားတာ မှန်ပါတယ်။ စာဖတ်တာ ဗဟုသုတရတယ်လေ။ ကိုယ် မသိတာတွေ သိရတယ်။ စာပေဆိုတာ ကန်းနေတဲ့မျက်စိကို ဖွင့်ပေးတယ်။ ပင်းနေတဲ့နားတို ကြားစေတဲ့ကွ။ ဖုန်းနဲ့ အင်တာနက်ကနေ မိန်းကလေးတွေကို ဖွန်ကြောင်နေတာကမှ အသံပြာငွေကုန်ဆိုတာမျိုး ဘေလည်းကုန်၊ အချိန်လည်းကုန်"

"အမယ်လေး…တော်ပါတော့ ပညာရှိကြီးရယ်…တကယ်ပဲ လိုရင်းကို မရောက်နိုင်တော့ဘူး"

မျိုးဇော် အော်မှပဲ ဝေမိုးဦး စကားသံပြတ်သွားလေတော့၏။ ဟုတ်တယ်လေ။ ကိုယ်က အမှန်တရားကို ပြောပြတာပဲဟာ။ မျိုးဇော်





ဆိုတဲ့ကောင်က ဖုန်းတစ်လုံးနဲ့ online ကနေ ကောင်မလေးတွေ လိုက်ပြီး ဖွန်ကြောင်နေတဲ့ကောင်။ သူငယ်ချင်းတွေဆိုပေမယ့် အကျင့်စရိုက်ချင်းကတော့ မတူပါဘူး။

အဲဒီလိုလုပ်နေတာကို ဝေမိုးဦးကတော့ မကြိုက်ပေ။ နှမချင်း ကိုယ်ချင်းစာစိတ်ထားရမယ်လေ။ ဝေယံရှိန်ကိုလည်း ဒီကောင်ပဲ မဟုတ်တာလုပ်ဖို့ မြှောက်ပေးနေတာ။ ဝေယံရှိန်မှာ မွေးဆိုတဲ့ ချစ်သူ ရှိနေမှန်းသိသိနဲ့ အဌလီနဲ့ အင်တာနက် online ကနေ ချိတ်ပေးလိုက်တာလေ။ အစကတော့ အပျော်။ နောက်တော့ လူချင်းတွေ့ကြပြီး ဝေယံရှိန်စိတ်က ဤသို့ဤနှယ် ဖြစ်သွားခဲ့တာပါ။ ကိုယ်ကတော့ ဘာမှအပြစ်မရှိတဲ့ မွေးကို သနားနေသည်လေ။

"နေစမ်းပါဦး…မင်းက ဘာဖြစ်နေတာလဲ။ တရားလို တရားခံ ကျေနပ်နေကြပါလျက် သက်သေက မကျေနပ်ဘူးဆိုတာမျိုး ဖြစ်နေပြီ။ ဝေယံရှိန်က ကာယကံရှင်လေကွာ…သူ့ဘာသာသူ ရွေးချယ်ပစေပေါ့။ မင်းက ဝာစ်မွေးတည်း မွေးနေရအောင် မင်းကြိုက် မင်းယူလိုက်ပါလား"

"အေး…ရမယ်ဆို လိုချင်တာ။ မွေးက ငါ့ကို မကြိုက်လို့ပေါ့ကွ။ ဒီလောက် သစ္စာကြီးမားတဲ့ မိန်းကလေးမျိုး ရလို့ကတော့ ယူတာပေါ့"

ကဲ…အမြင်ကတ်ကတ်နဲ့ ပြောလိုက်တာ အေးရော။ ဝေယံရှိန် ဆိုတဲ့ကောင်ကလည်း ရှေ့ကိုမျှော်မတွေးဘဲ ဘာလို့ တဒင်္ဂသာယာမှု နောက်ကို လိုက်နေပါလိမ့်။ အရင်ကတော့ မွေးမှမွေး။ မွေးကမှ ရိုးသား



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်တဲ့ မိန်းကလေး။ မွေးကလွဲရင် မွေးနေရာမှာ ဘယ်မိန်းကလေးကို မှ အစားထိုးမချစ်နိုင်ဘူးတဲ့။

အခုကျတော့…

မွေးကို သူ တကယ်မချစ်ခဲ့ဘူး ထင်ပါတယ်။ အဥ္ဆလီကိုပဲ ချစ်တယ်၊ အဥ္ဆလီကိုပဲ လက်ထပ်တော့မယ်တဲ့။ ဒီလောက် အပြောင်းအလဲမြန်တဲ့ယောကျာ်း နောက်ရော မပြောင်းလဲဘူးလို့ ပြောနိုင်မလား။ ဒီကောင် မွေးရဲ့မေတ္တာစစ်နဲ့ မထိုက်တန်တဲ့ကောင်။

"ဝေယံရှိန်"

"ဘာလဲကွာ"

"အမယ်…ထူးသံက"

"မင်း ပြောစရာရှိတာ ပြောပါလား"

စိတ်ညစ်ရတဲ့အထဲ ဒီကောင်က တစ်မျိုးမှောင့်ပါပဲ။ သူ့စိတ်ထဲမှာ မပြတ်သားနိုင် ဖြစ်နေတာလေ။ မွေးနဲ့ ရှေ့မဆက်ချင်တော့တာတော့ အမှန်ပါပဲ။ ပြောပြီးမှ ကိုယ့်ရှေ့မှာ ငိုပြနိုတော့လည်း စိတ်မကောင်းဖြစ်ရတာမို့ ပြန်ပြီးနှစ်သိမ့်ပေးခဲ့တာပါ။ တစ်ခါတည်း ဖြတ်ရင်ပြတ်မှာပေမယ့်…

ကိုယ့်ရှေ့မှာ မငိုစေချင်ဘူးလေ။

အဲဒီတော့ တဖြည်းဖြည်း ဆက်ဆံရေးကျဲခြင်းကိုပဲ အသုံးချရတော့မှာပေါ့။ ကြာရင် သူလည်း မေ့နိုင်သွားမှာပါ။

"မင်း မွေးကို တကယ်မေ့နိုင်ပြီလား…ရှိန်"

"မေ့တော့မမေ့နိုင်သေးဘူးပေါ့ကွာ…ဒါပေမယ့် ပြတ်နိုင်တာ





တော့ သေချာတယ်"

"မင်းဟာကလဲ"

"ဘယ်ဟာလဲကွ"

"ဘယ်မှမဟာဘူး…စိတ်မရှည်လို့ ပြောတာ။ ပြတ်တော့လည်း အေးတာပေါ့ကွာ…အဲဒီတော့လည်း မွေး ဝဋ်ကျွတ်သွားတာပေါ့"

"ဘာ"

"မင်း မပြောရက်ရင် ငါ ပြောပေးရမလား။ ဝေယံရှိန်က နင့်ကို တကယ်မချစ်ပါဘူးလို့။ အဲဒါမှ မွေး သိသိသာသာသိပြီး မင်းကို တစ်ခါတည်း မုန်းနိုင်မေ့နိုင်သွားမှာ"

"မင်း ဘယ်လိုဖြစ်နေတာလဲ ဝေမိုးဦး"

"ဘာဖြစ်ရမလဲ…မွေးကို သနားလို့။ အလွမ်းတွေ အရောင်မရင့်စေချင်တော့လို့ ပြောတာ"

"ကျွတ်"

ဝေမိုးဦးကလည်း ပွင့်ပွင့်လင်းလင်းပဲ ပြောပစ်လိုက်သည်။ အေးချမ်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့အချစ်ကို တန်ဖိုးမထား ဥပေက္ခာပြုနိုင်တဲ့ကောင် တစ်နေ့ မွေးဝဋ်တွေ မလည်ပါစေနဲ့။ မွေးရဲ့ သစ္စာတွေ မစူးပါစေနဲ့လို့ပဲ…

"ငါ…အဥ္ဆလီကို အရမ်းချစ်မိနေပြီ"

"ချစ်ပါ…သူချစ်နဲ့ကိုယ်ချစ် မင်းမှာ ဦးနှောက်ရှိတာပဲ။ မင်း ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ မင်း ကြိုက်တာသာရွေး…ငါကတော့ ဘာမှ



www.burmeseclassic.com

မပြောတော့ဘူး”

“စောစောကစာည်းက မပြောပါနဲ့လား။ ကိုယ်နဲ့မဆိုင် ခွင့်မပိုင် ဆွဲကိုင်ကြည့်မှ သတိပြုတဲ့။ မင်းပဲ ဟိုလိုပြောလိုက် ဒီလိုပြောလိုက် နဲ့ သောက်လျှာရှည်နေတာ”

“တော်ကြစမ်းပါကွာ…ဒီမှာ စိတ်ညစ်နေရတဲ့အထဲ”

နည်းတောင်နည်းသေးတယ်။ ကိုယ့်ဂါထာနဲ့ကိုယ် အာပြဲတာပြဲ ပေါ့။ ခုမှ ဒေဝဒတ်နဲ့အဇာတသတ် တွေ့ကြပြီပေါ့လေ။ မြှောက်ပေးတဲ့ သူနဲ့ မစဉ်းစား မဆင်ခြင်တတ်တဲ့သူ…

အဠုလီဆိုတဲ့ မိန်းကလေး…

မွေးလိုပဲ သူ့အပေါ် ချစ်နိုင်ပါစေလို့ ဆုတောင်းပေးရတော့မှာ ပေါ့။

❀ ❀ ❀





# အခန်း (၃)

မွေး…မောင်နဲ့အတူ ရိုက်ခဲ့တဲ့ ဓာတ်ပုံလေးကို ငေးရင်း ရင်ထဲ မှာ နာကျင်နေရသည်။ စတာတဲ့လား မောင်ရယ်။ ချစ်လို့စတာတဲ့ လား။ အရင်တုန်းက ဖုန်းခဏခဏခေါ်၊ မက်ဆေ့ချ်လေးတွေ ပို့တတ် တဲ့ မောင်က အခုတော့ နေနိုင်လိုက်တာ။ အခုဆိုရင် မွေးမှာ ဖုန်းသံ မြည်လာတိုင်း မက်ဆေ့ချ်ဝင်သံမြည်လာတိုင်း…

မောင်လားလို့ ကမန်းကတန်း ကြည့်ရတာ ဝဋ်ကြွေးတစ်ခု ဖြစ်နေပြီလား။

ဩော်…မောင်ရယ်…

စတာမဟုတ်လို့ တကယ်ဆိုရင်လည်း မွေး ရင်နာနာနဲ့ နှောက်ဆုတ်ဖိုက်မှာပါ။ ဒီလောက် သွေးအေးသွားပြီဆိုမှတော့

www.burmeseclassic.com



တကယ်ပဲဖြစ်မှာပေါ့။ မေ့နိုင်တယ်ဆိုလည်း ရပါတယ်။ မွေးမှာလည်း မာနနဲ့လေ။ မာနလို့ တွေးမိလိုက်တာနဲ့ မွေးစိတ်က တင်းကနဲ ဖြစ်သွားလေ၏။

"မွေးကို မောင် အရမ်းချစ်တယ်၊ အရမ်းလွမ်းတယ် သိလား"

"လွမ်းလို့သေတဲ့သူ မရှိပါဘူး မောင်ရယ်"

"သြော်…လွမ်းလို့သေတော့မသေဘူးပေါ့ မွေးရဲ့…ဒါပေမယ့် မွေးနဲ့သာဝေးရရင် လူမသေပေမယ့် မောင့်နှလုံးသားက သေဆုံးသွားမှာဗျ"

"အပွန်း…အပြောကောင်းတယ်"

"အပြောကောင်းတာ မဟုတ်ဘူး…အကောင်းပြောနေတာ။ မွေးကို မောင် အရမ်းချစ်တယ်။ မွေးကရော မောင့်ကို ချစ်လား… ပြောပါဦး"

"အင်း"

မွေးက အင်းလို့ဖြေတာကိုပဲ သူက မကျေနပ်သည့်ပုံစံနှင့်…

"အင်းလို့ မရဘူးလေ…ချစ်တယ်လို့ပြော"

"ချစ်ပါတယ်ဆို"

"ဟင်…လေသံကြီးကလည်း မရဘူး…လေသံပြင်ပြောကွာ။ မောင်လို့ ထည့်ပြောလေ"

"ကဲပါ…မွေးကလည်း မောင့်ကို ချစ်ပါတယ်နော်။ မွေးအချစ်က မောင့်ထက်တောင် ပိုသေးတယ်"

"တကယ်"





"အင်း"

သူက မွေးခေါင်းကိုကိုင်လေတော့ ဒီအတိုင်း ကိုင်ရုံပဲထင်တာ။ ဘယ်ဟုတ်မှာလဲ…သူက မွေးပါးကို နမ်းလိုက်တော့မှ မွေး ရှက်မျက်နှာလေးရဲသွားကာ သူ့ကို မကြည့်ရဲဘဲ ရှေ့ကိုသာ စိုက်ကြည့် ငြိမ်သက်နေမိတဲ့အဖြစ်လေ။ အဲဒီတုန်းကတော့ သူ့လောက်ချစ်တတ်တဲ့ သူ နှစ်ယောက်မရှိဘူးလို့တောင် ထင်ခဲ့တာ။

သြော်…ခုတော့လည်း…

ဒါတွေ ပြီးဆုံးခဲ့ပြီလေလားလေ…

"မွေး"

"ဟင်"

"မောင့်ကို ဘယ်လောက်ချစ်လဲ"

"အချစ်ကို တိုင်းတာလို့ရတဲ့ ပြဒါးတိုင်ရှိလို့လား မောင်ရဲ့"

"ဒါဆို အနှိုင်းအဆမရှိပေါ့"

"အင်း"

"လာပြန်ပြီ ဒီအင်း…စကားမပြောတတ်တာကျနေတာပဲ။ နေဦး မောင် ကြက်ဖင်ဝယ်ကျွေးဦးမယ်။ အဲဒါမှ မောင့်ချစ်သူ စကားများများ ပြောမှာ"

"မောင် စားပါလားလို့"

"မောင်က စကားတွေပြောတယ်လေ။ မွေးသာ မပြောတာ မဟုတ်ဘူးလား"

ဒီတော့မှ မွေး သူ့မျက်နှာကို မော့ကြည့်ဖြစ်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"မွေးက ဘာပြောရမှာလဲ"

"ချစ်တယ်လို့…အဲ…မောင့်ကို ချစ်တယ်လို့ အခါတစ်ထောင်ပြော"

"မောင်ရယ်…"

"ဟင်…ဘာလဲ"

"ချစ်တယ်လို့ တဖွဖွ ရွတ်ပြတိုင်း တကယ်ချစ်နေကြတာမှ မဟုတ်ဘဲလေ…မောင်…မွေးကို ယုံပါ။ မွေး…မောင့်အပေါ် မောင်က သစ္စာရှိနေသရွေ့ မွေးဘက်က သစ္စာမပျက်မယွင်းနဲ့ မောင့်အပေါ် မြတ်နိုးနေမှာပါ။ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ နားလည်မှုရှိကြဖို့ကသာ အဓိကပါ"

"မောင်က မွေးအပေါ် အမြဲတမ်း နားလည်ပေးနေမှာပါ"

"မွေးလည်း ဒီအတိုင်းပါပဲ"

"တကယ်နော်"

"တကယ်ပေါ့"

"ကတိ"

"ကတိ…ကတိ"

အဲဒီတုန်းကတော့ သူပဲ ကတိတွေ အထပ်ထပ်တောင်းပြီး ခုတော့ သူပဲ အဲဒီကတိကို ဖောက်ဖျက်ချင်တာလား။ မွေးဆိုတဲ့မိန်းမကလည်း သူကချစ်ရင် ကိုယ်က နှစ်ဆပိုချစ်ရဖို့ ဝန်မလေးပေမယ့် သူမကြင်လိုကိုယ်ဟင် ဆိုပြီး ကျောခိုင်းရရင်လည်း ဘယ်တော့မှ နောက်ပြန်လှည့်ကြည့်တတ်သူ မဟုတ်ပေ။





ရှိပါစေတော့…

တကယ်လို့များ သူနဲ့ကိုယ် တကယ်လမ်းခွဲရမယ်ဆိုလည်း ဝမ်းမနည်းပါဘူး။ ဘုန်းကံချင်းမညီမျှလို့ လွဲကြတယ်လို့ပဲ သတ်မှတ်လိုက်ပါ့မယ်။

မွေး…

ခါတ်ပုံတွေကို ပြန်သိမ်းပြီး စာအုပ်ကလေးတစ်အုပ်နဲ့ ဘော့လ်ပင်ကို ယူလိုက်သည်။ သူမက ကဗျာရေးရတာ ဝါသနာပါသူမို့ ကဗျာလေးတစ်ပုဒ် ရေးလိုက်မိတာသည်…

"အလွမ်းပြုစားတဲ့ည"

ခေါင်းစဉ်လေးနဲ့…

အလွမ်းတွေပြုစားတဲ့ည
စိတ္တဇ အိပ်မက်ဆိုးများခလို့
လေပြေက မအေးမြတော့ဘူး…။
သီချင်းတွေ သံစဉ်မချိုတော့ဘူး…။
စားသမျှ အာဟာရမဖြစ်တော့ဘူး…။
သြော်…ချစ်သူရယ်
ငါ့ချစ်သူ ရင်ဘတ်ထဲမှာမှ
ချစ်ပြီးရင် မေ့တတ်တဲ့ နှလုံးသား
ရှိနေခဲ့သလား…။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

ဝေယံရှိန်တစ်ယောက် အဥ္ဆလီကိုယ်လေးကို ရင်ခွင်ထဲမှာထည့်ပြီး ပျော်လိုက်တာမှ မိုးမမြင် လေမမြင်ပါ။ မွေးနံ့တုန်းက ပခုံးလေးဖက် တာတောင် တွန့်တိုလို့ သူမှာ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်ခဲ့ရသည်လေ။ နမ်းရင်လည်း အလစ်နမ်းမှရတာ။ အဥ္ဆလီကတော့ သူ့ပါးပြင်ကိုတောင် အဥ္ဆလီက စနမ်းတဲ့အခါတွေ ရှိသည်လေ။ ချစ်စရာမျက်နှာလေးက လည်း…

မပွင့်တပွင့် နှင်းဆီငုံလေးအတိုင်းပါပဲ။

မွေးလို ရှက်ကြမ်းရေကျိုမဟုတ်ပေ။ အဥ္ဆလီ ချွဲတာနွဲ့တာလေး ကိုပဲ သူမှာ ချစ်နေရတာ ချစ်လို့ရယ်တဲ့မကုန်နိုင်ပါ။





"ကိုကို"

"ဟင်"

"အဥ္ဆလီကို ဘယ်လောက်ချစ်လဲဟင်"

သူ့မေးစေ့ကို ပွတ်သပ်ပေးရင်း မေးလေတော့ ဝေယံရှိန် တစ်ယောက် သဘောတွေ့ခွေ့ကာရယ်ရင်း…

"မိုးလောက်ကြီးချစ်တာပေါ့…အဥ္ဆလီရဲ့"

"ဟင်…နည်းတာပေါ့လို့"

"ဒါဆို ဘယ်လောက်ချစ်ရမလဲ…ပြောပါဦး"

"မိုးအဆုံးမြေအနှံ့ စကြာဝဠာတစ်ခွင်လုံးထက် ပိုချစ်ရမယ်"

"အင်း…ချစ်တာပေါ့ အဥ္ဆလီရဲ့"

"တကယ်နော်"

"အကယ်တစ်သောင်း တစ်သိန်းဗျာ"

"အဲဒါကြောင့် အဥ္ဆလီကလည်း ကိုကို့ကို ချစ်တာ…သိလား"

"ကိုကိုကလည်း အရမ်း…အရမ်းကို ချစ်တာပါ့ဗျာ"

"အဟွန်း"

အဥ္ဆလီက ကြောင်လေးတစ်ကောင်လို သူ့ရင်ခွင်ထဲမှာ ခေါင်းနှင့်တိုးဝှေ့ပွတ်သပ်နေလျက်ပါ။ ငယ်ဂုဏ်၊ အလှဂုဏ်နဲ့ ချွဲတတ် နွဲ့တတ်ခြင်းတွေက တည်ငြိမ်မှုကို အနိုင်ယူနိုင်သတဲ့လား။ ဘဝ လက်တွဲဖော်ဆိုတာ ဘယ်လိုလူမျိုးကို ရွေးချယ်သင့်သလဲ၊ ဦးနှောက်နဲ့ စဉ်းစားပြီး…

နှလုံးသားကလည်း ဆုံးဖြတ်ရမယ့်အစား…



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားဆိုတာထက် ပျော်ရွှင်မှုကိုသာ မက်မောတွယ်တာနေမိတဲ့ ဝေယံရှိန် အခုချိန်မှာ မွေးဆိုရင် ယန်းရှန့်တောင်ကို ရှုရှိုက်မိတောင် သတိရမှာမဟုတ်ပေ။

"ကိုကို"

"ဗျား"

"ကိုကို့ကို အဉ္ဇလီ ပူဆာစရာရှိတယ်...သိလား။ ကိုကိုက ပေးနိုင်ပါ့မလား မသိဘူး"

"ပြောလေ...အဉ္ဇလီအတွက်ဆို ကိုကို့ဘက်က ဘာမဆို ဖြစ်စေရမယ်"

"ဒါဆို...ပြောမယ်နော်။ အားတော့အနာသား...ဒါပေမယ့် ကိုကိုက အဉ္ဇလီ့ချစ်သူဆိုတော့ အားမနာတော့ပါဘူး"

"ချစ်သူချင်း အားနာစရာမှ မလိုတာ အဉ္ဇလီရဲ့...ပြောမှာသာ ပြောစမ်းပါ"

လက်ကလေးကို ဆုပ်ကိုင်ပြီးပြောလေတော့ အတုတပ်ထားတဲ့ မျက်တောင်ကော့ကော့က ဖျတ်ကနဲ ပင့်တက်လာလေသည်။

"အဉ္ဇလီဖုန်းထဲမှာ ဘေပြတ်နေတာ ကြာပြီ ကိုကိုရဲ့...အဲဒါ ကြောင့် online မသုံးရတာ ဘယ်နှရက်ရှိနေပြီလဲ။ ဒါကြောင့် ကိုကို ဘေဖြည့်ပေးပါလားဟင်...မများပါဘူး၊ တစ်သောင်းဖိုးလောက်ပဲ ဖြည့်ပေး...ရပြီ"

ပြောနေပုံက ခေါင်းလေးငဲ့လိုက်၊ လက်ဝါးချင်း ပွတ်လိုက်ပါ။ ဝေယံရှိန် မျက်ခုံးနှစ်ဖက် စုကျုံ့မိသွား၏။ ညကမှ ဆယ်နာရီကျော်





လောက်မှာ သူ အင်တာနက်ဖွင့်ကြည့်တော့ အဉ္ဇလီ အွန်လိုင်းသုံးနေတာ တွေ့သားပဲ။ သူငယ်ချင်းတွေနဲ့ ပြောနေတာပဲဖြစ်မှာပါဆိုပြီး သူ ဘာစာမှ မပို့ခဲ့တာလေ။

ညာမှန်းသိသာပေမယ့်...

ချစ်တဲ့စိတ်က အပြစ်မမြင်နိုင်။

"ညက အဉ္ဇလီ သုံးနေတာ ကိုကို တွေ့ပါတယ်"

"အဲဒါ...မနေ့က တစ်ထောင်ကတ်လေး ဝယ်ထည့်ပြီး သုံးတာ။ အခု မရှိတော့ဘူးလေ။ ဖုန်းလည်း ပြောလိုက်သေးတာကိုး"

"ဘယ်သူနဲ့ပြောတာလဲ"

"သူငယ်ချင်းနဲ့လေ...အလုပ်ကိစ္စပြောတာ...ဘာလဲ...ကိုကိုက စစ်လားဆေးလားနဲ့ အဉ္ဇလီကို မယုံဘူးလား"

သူ သက်ပြင်းချလိုက်ပြီး မယုံပေမယ့်...

"ယုံပါတယ် အဉ္ဇလီရယ်"

'အဉ္ဇလီအပေါ် သံသယတော့မဝင်နဲ့နော်...အဉ္ဇလီက ကိုကို့ကိုပဲ ချစ်တာ။ ကိုကိုကလွဲရင် အခြားယောကျ်ားတွေဆို အားလုံးကို ဖွဲ၊ ဆန်ကွဲလို့ပဲ ထင်တာ"

"ဟုတ်လား"

"အင်း"

သူ အဉ္ဇလီနဲ့ ပါးချင်းထိကပ်ထားလေတော့ အဉ္ဇလီက ငြိမ်သက်နေလေသည်။ မွေးကို ဖျတ်ကနဲတော့ သတိရမိသွား၏။ ချစ်သူ သက်တမ်း တစ်နှစ်ဆိုတဲ့ကာလမှာ မွေးဘက်က ချစ်တာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လွဲရင် ဘာတောင်းဆိုမှုမှ မရှိခဲ့ဘူးလေ။ သူ့ကို မွေးက အကြံပေးကူညီခဲ့တာတွေပဲ ရှိတာ။

တကယ်တမ်းမှာ…

အချစ်က ဒါတွေနဲ့မဆိုင်ပါဘူး။ ကိုယ်က ချစ်မိနေတော့ လိုက်လျှောရမှာပဲပေါ့။

“ဘယ်လိုလဲ…ကိုကို”

“ဟင်…ဘာလဲ အရွှလီရဲ့”

“အရွှလီ ဖုန်းထဲကို ဘေတစ်သောင်းဖိုး ဖြည့်ပေးမှာလား”

“အင်း…ဖြည့်ပေးမယ်လေ”

“ဟေး…ဒါမှ ဒို့ကိုကိုကွ”

“ရွှတ်”

သူ့ဆန္ဒကို ဖြည့်ဆည်းပေးမယ်ဆိုတာနှင့် အနမ်းတွေက ရက်ရက်ရောရောပါ။ ဒါတွေကိုပဲ သူ နှစ်သက်ခုံမင်ပျော်ဝင်နေခဲ့တာပါ။

“မြန်မြန်လာပါ မွေးရဲ့…ငါက စောင့်နေရရင် စိတ်မရှည်တတ်လို့ပါဆို။ တဂါတည်းဟယ်…လှမ်းနေတဲ့ခြေလှမ်းက ခရုကျနေတာပဲ။ လှည်းဘီးနှံ့နစ်နေတဲ့အတိုင်း”

“လာနေတာပဲလေဟယ်…ဘာလဲ…ပြေးလာရမှာလား”

“ပြေးသင့်ရင် ပြေးရမှာပဲ”

ဇင်မာ…မွေးကို ရပ်စောင့်နေရင်း အတွဲတွေကို လိုက်ကြည့်မိတော့ ကဲတော့ကဲနေကြတာပဲ။ ဒါပေမယ့် ကောင်လေးကလည်း အင်္ကျီအနီ၊ ကောင်မလေးကလည်း အင်္ကျီအနီနှင့်မို့ ထင်းထင်းလင်းလင်း





ဖြစ်နေတဲ့ အနီရောင်ကြောင့် ဂရုစိုက်ပြီး ကြည့်လိုက်မိရာ…

“ဟင်”

အံ့သြသွားစဉ်မှာပဲ မွေးက အနားကိုရောက်လာလေတော့…

“မွေး”

မွေးလက်ကို အတင်းဆွဲမိပြီး မျက်နှာက ဝေယံရှိန်တို့ကိုပဲ မျက်စိအောက်က ပျောက်သွားမှာစိုးသည့်အလား ကြည့်နေမိစဉ်…

“ဘာလဲ ဇင်မာရဲ့”

“ဟိုအတွဲကို ကြည့်စမ်း”

“…………”

“နင့်ရဲ့မောင်…ဝေယံရှိန်မဟုတ်လား”

ဇင်မာပြလို့ မွေးကြည့်လိုက်မိတော့ ဟုတ်နေတာပဲလေ။ သူမ သိပ်ချစ်ပါတယ်ဆိုတဲ့ မောင်မှမောင်အစစ်ပါပဲ။ မျက်နှာတစောင်း အနေအထားပေမယ့် နှုတ်လုံးသားက အလွတ်ကျက်ထားတဲ့ ဒီမျက်နှာက မှားစရာအကြောင်းမှမရှိတာ။ မွေးမြင်လိုက်ပြီး ပါးစပ်ကလေး ပွင့်ဟကာ ကြက်သေ သေနေမိတာလေ။

နောက်မှ…

ရင်ထဲမှာ နာကျင်ခြင်းတွေနှင့်အတူ မျက်ဝန်းမှာ မျက်ရည်တွေ ရစ်သိုင်းဖွဲ့လာလေတော့သည်။ မွေးကို မချစ်တော့လို့ ဖြတ်မယ်ဆိုလည်း ပွင့်ပွင့်လင်းလင်းပေါ့။ ခုတော့ မွေးကွယ်ရာမှာ သစ္စာမဲ့နေတဲ့ မွေး နှုတ်ခမ်းကို ဖိကိုက်မိလိုက်ချိန်မှာ…

“နင် ဘာလုပ်မှာလဲ မွေး”



www.burmeseclassic.com

www.burmeseclassic.com



မွေး မျက်ရည်မကျအောင်ထိန်းရင်း မျက်နှာကို ဆတ်ကနဲ မော့လိုက်ကာ…

"ဘာလုပ်စရာရှိလို့လဲ…ကိုယ့်လမ်းကိုယ် ဆက်သွားရုံပဲပေါ့"

"ဟင်"

နောက်က စကားသံတွေကြောင့် လှည့်ကြည့်မိတဲ့ ဝေယံရှိန်… မွေးကို မြင်လိုက်ရတော့ မွေးက သူ့ကိုကြည့်နေတာ စိမ်းစိမ်းကားကား မျက်လုံးတွေနှင့်ပါ။

"မွေး"

ခေါ်သံက လည်ချောင်းထဲမှာသာ။ ရင်ခွင်ထဲမှာ တစ်ယောက်က ရှိနေသည်မို့ သူ့ကို ခေါ်စရာမှမလိုပဲလေ။

"တောက်"

"သွားမယ်…ပြန်မယ်…မွေး"

"နင် သွားစရာရှိတာကိုပဲ ဆက်သွားပါ"

"မသွားတော့ဘူး…မွေး…သိပ်ချစ်ပါတယ်ဆိုတဲ့ ယောက်ျားတောင် သစ္စာဖောက်တတ်သေးတာပဲ။ တို့က အဲလောက်မဟုတ်သေးဘူး။ သူ့ကို နမူနာယူပြီး ငါ ယောက်ျားတွေကို မယုံတော့ဘူး… ပြန်မယ်"

ဇင်မာက ဆွဲခေါ်တာနှင့် မွေး ချာကနဲ လှည့်ထွက်ခဲ့တော့၏။ သူမကြင်မှတော့ ကိုယ်က ခင်တွယ်နေစရာ မလိုဘူးလေ။ သစ္စာဆိုတာ လူတိုင်းနဲ့ မထိုက်တန်မှန်း မွေး သိလိုက်ပါပြီ။ သိချိန်မနှောင်းသေးပါဘူး။ ပြင်ဆင်ခွင့်ရှိပါသေးတယ်လေ။





"မွေး"

လက်ကို တင်းတင်းဆုပ်ပြီး ဇင်မာက ခေါ်လေတော့…

"သူ့ကိုချစ်ခဲ့မိတဲ့ ငါ့ကိုယ်ငါ အရမ်းမုန်းတာပဲ"

"တောက်…နင့်မေတ္တာ နင့်သစ္စာနဲ့ မထိုက်တန်တဲ့လူ။ အရင်တုန်းက သူ့ကို တည်ငြိမ်ရိုးသားတယ်လို့ ထင်ခဲ့တာ…တို့ မှားတာပဲ"

"တော်ပါတော့ဟယ်…စောစောစီးစီး သိလိုက်ရတာ ကံကောင်းလို့ပဲပေါ့"

"အေးပါ…ချစ်သူနဲ့ လမ်းခွဲရလို့ ဝမ်းနည်းမနေပါနဲ့။ သူနဲ့ကိုယ် ဘုန်းကံချင်းမညီမျှလို့ လွဲခဲ့ကြတယ်လို့ သတ်မှတ်လိုက်စမ်းပါ"

အားပေးလို့ အားတင်းထားပေမယ့် ရင်ထဲမှာတော့ တဆစ်ဆစ်နှင့်ပါ။ ဘုန်းကံချင်းမညီမျှလို့ လွဲခဲ့တယ်လို့ ဖြေသိမ့်ပေမယ့် ချစ်ခဲ့တဲ့ကာလက တစ်ရက်တစ်လမှ မဟုတ်ဘဲလေ။ သူ မေ့နိုင်ပေမယ့် ကိုယ်ကမှ မမေ့နိုင်သေးတာ။

ရင်ထဲမှာ…

ချစ်ခဲ့တာကသပ်သပ် နာကြည်းတာကသပ်သပ်နဲ့ ရှေ့ဆက်ဘာတွေဖြစ်ဦးမလဲဆိုတာ…။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

"မွေးရေ"

"...............?"

"မွေး"

ကောင်းစစ်သည် မြန်မာပြည်ကို ပြန်ရောက်လို့ ကိုယ့်အိမ်မှာ ကိုယ့်မိသားစုနှင့် အလွမ်းသယ်ပြီး ဖင်နွှေးအောင်ပင် ဆက်ထိုင်မနေနိုင်ဘဲ သူငယ်ချင်းမလေး မွေးဆီသို့ အပြေးလာခဲ့တာပါ။ ဖုန်းနဲ့ အဆက်အသွယ်မပြတ်ခဲ့ပေမယ့် လူချင်းမတွေ့ရတာ ကြာပြီဆိုတော့ လွမ်းလွန်းလို့ တွေ့ချင်လှပြီလေ။

အခု...





မွေး ပိန်နေလား...ဝနေလား၊ အသားဖြူလား၊ ညိုလား...။ အရင်အတိုင်းပဲလားဆိုတာ မြင်ချင်လှပါပြီ။

"မွေး"

"............"

"မွေး"

"ဘယ်သူလဲဟေ့...ဝင်ခဲ့လေ"

လှမ်းမေးတာ မွေးရဲ့မေမေ ဒေါ်စုစုဝင်းရဲ့ အသံဆိုတာ ကောင်းစစ်သည် မှတ်မိတာမို့ အိမ်ထဲသို့ဝင်လာကာ...

"အန်တီစု...ကျွန်တော်ပါဗျ...ကောင်းစစ်သည်ပါ"

"ဟယ်...စစ်သည်"

"နေကောင်းရဲ့လား အန်တီစု"

"ကောင်းပါတယ်ကွယ်...ကောင်းပါတယ်။ ပြန်လာမယ်လို့တော့ ပြောသံကြားပြီး ဒီနေ့ ရောက်လိမ့်မယ်လို့ အန်တီစုက ထင်မထားတာ။ လာထိုင်ပါဦး...သားရဲ့"

ထိုင်ပါဦးဆိုပေမယ့် စစ်သည်က မထိုင်။ စိတ်က မွေးနဲ့ပဲ တွေ့ချင်နေတာလေ။ အန်တီစုနဲ့ စကားပြောနေရင်း ပြန်ထွက်သွားလို့ မကောင်းလို့သာပေါ့။ မွေး ဘယ်မှာလဲ။ အပြင်သွားနေတာလား။ အသံတိတ်နေလို့လေ။

"အန်တီစု...ဝလာတယ်နော်"

"ဟုတ်တယ် သားရဲ့၊ ဝလာတော့ ထိုင်မကောင်း၊ ထမကောင်း ဖြစ်နေတာ။ သားကတော့ နိုင်ငံခြားကပြန်လာမှ ပိုဖြူပြီး ပိုချောလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်"

"အန်တီစုက ပြောတော့မယ်"

စစ်သည် ရယ်လိုက်ရင်းပဲ…

"ဒါနဲ့ မွှေးရော အန်တီ…ကျွန်တော် မွှေးနဲ့ တွေ့ချင်လို့ ပြေးလာတာ"

"သြော်…အေး…သားသူငယ်ချင်း ခြံထဲဆင်းသွားတယ် သား။ ဒီရက်ပိုင်းမှာ ဘာဖြစ်နေလဲမသိပ်ဘူးကွယ်…မျက်နှာက မရွှင် မလန်းနဲ့ နေလိုက်ရင် ငိုင်တိငိုင်တိုင်"

"ဟုတ်လား"

ဒါပေါ့လေ…မိဘဆိုတာ သူများနားမှာလျှံမှ သူတို့နားမှာ သဲ့သဲ့ပဲ ကြားရတာမဟုတ်လား။ မွှေး ဘာဖြစ်နေပါလိမ့်။ သူ့ဘဲနဲ့များ အဆင်မပြေလို့လား…

"ဒါဆို ကျွန်တော် သူ့ဆီသွားလိုက်ဦးမယ် အန်တီစု"

"အေး…အေး"

စစ်သည် ခြံထဲသို့ ဆင်းလာတဲ့ ခြေလှမ်းတွေက သွက်လက်စွာ။ မွှေးက ဘာမဆို သူ့ကို ပြောပြတိုင်ပင်တတ်တာပဲလေ။ ခုရက်ပိုင်းလေး မှာပဲ အဆက်အသွယ် ပြတ်သွားခဲ့တာ။ သူ့ဘဲနဲ့ အကြောင်းတွေလည်း ပြောပြခဲ့တာပါပဲ။ ဟိုတစ်လောကတောင် ပြောပြပါသေးတယ်။

သူက ငါ့ကို စပြီးလမ်းခွဲဖို့ပြောတာကို ငါမှာ တကယ်ထင်ပြီး ခံစားလိုက်ရတာတဲ့။ တကယ်လို့များ တကယ်သာ လမ်းခွဲလိုက်ကြရင် မွှေး ဘယ်လောက်တောင် ခံစားနေရမလဲလို့တွေးပြီး သူ့ စိတ်မကောင်း





ဖြစ်ခဲ့ရသေးတယ်လေ။ အခု အန်တီစုပြောပုံအရဆို သူ တစ်ခုခုအတွက် များ ခံစားနေရသလား။

"မွှေး"

"ဟင်"

"ဖတ်"

မွှေးအနားကို စစ်သည် ရောက်ကာနီးမှ လေက ဗိုးကနဲ မြည်အောင်တိုက်သွားပြီး မွှေးကိုင်ထားတဲ့ စာအုပ်ကြားမှ စာရွက် ကလေးတစ်ရွက်က လေသယ်ဆောင်ရာနောက်မှာ လွင့်ပါလာပြီး ပြန်ကျသွားတော့ စစ်သည်ရဲ့ခြေအစုံရှေ့မှာပါ။ ရပ်တန့်မိသွားတဲ့ စစ်သည် စာရွက်ကလေးကို ကောက်ပြီး မွှေးကို လှမ်းကြည့်လိုက် တော့…

"စစ်သည်"

ခေါ်သာခေါ်ပြီး သူ့ဆီကို ခါတိုင်းလို ဝမ်းသာအားရပုံစံနှင့် ထလာတာမဟုတ်ပေ။ ထိုင်နေမြဲပဲမို့ စစ်သည်လည်း စာရွက်ထဲက စာသားလေးတွေဆီ အကြည့်ပြန်ရောက်သွားတော့…

မောင်…

တာဒင် အချစ်ကနေ

အထင်ကရဖြစ်ခဲ့တာ

အလွမ်းနဲ့နာကျင်မှုတွေ…

သိပ်ချစ်ခဲ့ပေမယ့် စိတ်ညစ်ခဲ့ရတယ်။

ထွက်သွားတော့ မောင်…



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်တံခါးပြန်စေ့လိုက်ပြီ
ကျွန်ခဲ့ရသူ ရင်ထဲမသိပေမယ့်
ချစ်ခဲ့ရသူရင်ထဲ
မီးဝင်စွဲခဲ့ပေါ့…မောင်ရယ်…။

ကဗျာလေးက ခေါင်းစဉ်မဲ့နေသည်။ မောင်နဲ့စထားတော့ 'မောင်' လို့ပဲ ခေါင်းစဉ်တပ်ထားတာလား။ နောက်ကျောဘက်ကို လှန်ကြည့်လိုက်တော့လည်း ခေါင်းစဉ်မဲ့ကဗျာလေးတစ်ပုဒ်ပါပဲလေ။

အချစ်တွေ ဖူးငုံနေတဲ့
ငါ့နှလုံးသား ပန်းခင်းလေးထဲ
သူရေလာဖြန်းပြီး အတင်းပွင့်ခိုင်းခဲ့တယ်။
လှလှပပ ပွင့်လာပြီဆိုမှ
ဘာလို့ နင်းခြေသွားရက်တာလဲ…
အခုတော့…
ငါ့နှလုံးသား ပန်းခင်းလေးထဲ
အရွက်ကနွမ်း
ပွင့်ဖတ်သို့ကြွေ
ချစ်သူရေ…
ဒီဘဝ ဒီမျှပဲပေါ့နော်…။

ကဗျာတွေကို ဖတ်ပြီး စစ်သည် သဘောပေါက်လိုက်ပါပြီ။ သူတို့ တကယ်ပဲ လမ်းခွဲလိုက်ကြပြီပေါ့။ သူတို့လမ်းခွဲလိုက်ကြပြီဆိုရင် ဘာကြောင့်လဲ။ စိတ်သဘောထားချင်း မတိုက်ဆိုင်လို့လား။ ဟိုကောင်





က သစ္စာမရှိလို့လား။ သစ္စာမရှိတဲ့ကောင်ဆိုရင်တော့ ကိုယ့်သူငယ်ချင်းလေးကို စိတ်ဆင်းရဲအောင်လုပ်တဲ့ကောင်ဆိုပြီး စစ်သည် ဘယ်တော့မှ ကျေမှာမဟုတ်ပေ။

စစ်သည်…

မွေးအနားသို့ ခပ်သွက်သွက် လျှောက်သွားပြီး ဘေးမှဝင်ထိုင်လိုက်ကာ–

"မွေး"

"…………"

"နင် အသည်းကွဲနေတာလား"

"နင် ပြန်လာပြီနော်"

"ပြန်လာလို့ နင် မြင်ရတာပေါ့။ အပိုတွေ ငါ့ကို မမေးနဲ့… ငါ မေးတာကိုပဲ နင် ဖြေပါ"

နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မွေးမျက်နှာလွှဲသွားလေ၏။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပဲပေါ့။

"ဘာဖြစ်ကြတာလဲ"

"နောက်ကျောကို ဓားနဲ့ အထိုးခံလိုက်ရတာပါ။ သူနဲ့ ငါ့ရဲ့ စစ်မှန်တဲ့ မေတ္တာသစ္စာတွေနဲ့ မတန်ဘူး။ မုန့်လုံးရေပေါ်စားတဲ့သူလိုပေါ့ဟာ…အထဲမှာ ထန်းလျက်ခဲထည့်ထားသလားလို့ စားလိုက်မိတာ။ စပ်မှပဲ ငရုတ်သီးမှန်း သိတော့တယ်"

မာနနဲ့အသံကို မာစေနိုင်ပေမယ့် တုန်ယင်နေသံက ခံစားမှုကို မဖုံးနိုင် မဖိနိုင်။ ဖြေဆေးရှိရင် ဒီဝေဒနာအတွက် စစ်သည် ဖြေဆေး



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်ပါသည်လေ။ ကိုယ့်နှလုံးသားက ဖြေဆေးအဖြစ် အစွမ်းထက်မယ်သာဆိုရင် ကိုယ့်ရင်ကို ခွဲပြီးထုတ်ပေးမိမှာပါ။ အဲဒါဘာ့ကြောင့်လဲဆိုရင်…

ကိုယ်ကလည်း ကိုယ့်အကြောင်းနဲ့ကိုယ်ပါ။

ငယ်ငယ်လေးကတည်းက မွေးကို ဘယ်လိုအကြောင်းမျိုးနဲ့မှ မနာကျင်စေချင်ခဲ့တာလေ။

"မွေး"

"…………"

"ငါ ပြန်ရောက်လာပြီလေ"

"ငါ ဝမ်းသာပါတယ်…စစ်သည်"

"ငါ ပြောချင်တာ အဲဒါမဟုတ်ဘူး…မွေး၊ နင် ဘာပဲဖြစ်ဖြစ် ရင်ဖွင့်စရာ ငါ ရှိတယ်။ နင် ဝမ်းနည်းတဲ့အခါ ထိုးဝင်ငိုကြွေးဖို့ ငါ့ရင်ခွင်က အမြဲတမ်း အဆင်သင့်ပါ။ အဲဒီလို နင် တင်းခံနေရင် ပိုပြီး ခံစားရလိမ့်မယ်။ နင့်ရင်ထဲမှာ ပေါ့သွားအောင် ငိုပစ်လိုက်ပါဟာ"

မွေး မျက်ရည်ဝေ့နေတဲ့မျက်ဝန်းနှင့် စစ်သည်မျက်နှာကို တစ်ချက်မော့ကြည့်လိုက်ပြီး…

"စစ်သည်ရယ်…အဟင့်…ဟင့်"

ခွင့်ပြုတဲ့သူက ခွင့်ပြုပြီး ရင်ခွင်တံခါးကို ဖွင့်ထားပေးတော့ တိုးဝင်တဲ့သူကလည်း တိုးဝင်ပြီး ငိုပါလေတော့သည်။

အရင်က မောင် ပြောခဲ့ဖူးပါတယ်။

မောင့်ရင်ခွင်က မွေးအတွက် ထာဝရပျော်ရွှင်စရာတွေ ဖန်တီး





ပေးမယ့် ရင်ခွင်ပါတဲ့။ အခုတော့ တာဒင်္ဂနဲ့ပဲ အရာအားလုံးကို ပြီးဆုံးသွားစေခဲ့ပါပြီ။ လူတွေ ဘယ်လောက်ပဲ ဝမ်းနည်းဝမ်းနည်း တစ်သက်လုံး ငိုနေနိုင်ကြတာမှမဟုတ်ဘဲ။ မွေး အငိုတိတ်သွားလေတော့…

"နင် ငိုလို့ဝပြီလား…မွေး"

"နောက်ထပ် ငိုစရာ ငါ့မှာ မျက်ရည်မကျန်တော့ပါဘူး"

"ဒါဆို…ငါ ပြောမယ်"

လှချင်းခွာလိုက်ကြပြီး စစ်သည်က မွေးပခုံးလေးကို ဆုပ်ကိုင်လျက်ပါ။

"အချစ်ဆိုတာ သစ်ပင်တစ်ပင်ပေါ်က အသီးအပွင့်တွေလိုပဲ မွေး…သူ့ရာသီကုန်လို့ အသီးအပွင့်တွေ ကြွေကျကုန်ပေမယ့် သူ့ရာသီရောက်လာရင် အသီးအပွင့်တွေ ထပ်ဝေလာစမြဲပါ။ အချစ်က ဘယ်တော့မှ မသေဆုံးဘူး။ ကြာနိုးသေရင် ငွေ ပေါ်လာလိမ့်မယ်"

"တော်ပါပြီ စစ်သည်ရယ်…ငါ ချစ်ရမှာကို ကြောက်သွားပါပြီ"

"ကိုယ်ချစ်ကိုကြောက်လို့ရှောင်ရင် သူ့ချစ်ကိုတော့ နင် မရှောင်သင့်ဘူး…မွေး၊ သူ့ချစ်က သူပဲ ကိုယ့်လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးမှာလေ။ ချစ်သူနှစ်ယောက်မှာ ပိုချစ်တဲ့သူက ရှုံးတာပါ။ အခု နင်က သူ့ကို ပိုချစ်လို့ နင် ရှုံးခဲ့တာပေါ့"

မှန်လိုက်တဲ့စကားလုံးတွေ။ သူနဲ့မွေး ချစ်သူဘဝမှာ မွေးကချည်းပဲ အလျှော့ပေးအရှုံးပေးခဲ့ရတာချည်းပါပဲ။ ဒါ…မွေးက သူ့ မွေးကို ချစ်တာထက် သူ့ကို ပိုချစ်ခဲ့မိလို့ပေါ့။ ပြီးဆုံးခဲ့တဲ့ ဇာတ်လမ်းကို



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းလည်း ပြုမနေတော့ပါဘူး။ သူက မေ့နိုင်ရင် ကိုယ်ကလည်း မုန်းနိုင်ရမှာပေါ့။

ကိုယ်ပေးသလောက်မှ ပြန်မရရင် ဘာလုပ်နေရမှာလဲ။ ရင်းနှီးခဲ့ရတာ ငွေကြေးဥစ္စာတွေနဲ့ ပြန်ဝယ်ပြီး အစားထိုးလို့ရတဲ့ပစ္စည်း မဟုတ်ဘူးလေ။ ရင်ဘတ်ထဲက နှလုံးသားကို ရင်းနှီးခဲ့ရတာမဟုတ်လား။

"ငါပြောတာတွေ သဘောပေါက်ရဲ့လား…မွေး"

"ငါ သဘောပေါက်ပါပြီ…စစ်သည်ရယ်"

"ဒါဆို…ထ"

"ဟင်…ဘာလုပ်မလို့လဲ"

"နင့်စိတ်တွေ လန်းသွားအောင် အပြင်ထွက်လည်ကြမယ်လေ။ နင် သွားချင်တဲ့နေရာတွေ လိုက်ပို့ပေးမယ်။ နင် စားချင်တာတွေ အကုန် ဝယ်ကျွေးမယ်"

သူက လက်ကမ်းလေတော့ မွေးက သူမလက်ကလေးကို ထည့်ပေးပြီး စစ်သည်နဲ့ လိုက်ခဲ့လေတော့သည်။

ဪ…

ချစ်သူနဲ့လမ်းခွဲလို့ ဝမ်းနည်းရချိန်မှာ သူငယ်ချင်းကသာ အားပေးဖော်။ ချစ်သူကြောင့်ကျတဲ့မျက်ရည်ကို သူငယ်ချင်းက သုတ်ပေးသတဲ့လားလေ…။

❀❀❀





# အခန်း (၆)

နှစ်ယောက်သား လျှောက်လည်ကြတာ နေ့ရာအနှံ့ပါပဲ။ စိတ်ထဲမှာ တစ်ခါတလေ သူ့ကို သတိရမိသွားပြီး ရင်ထဲမှာ နင့်တင့်တင့်ကြီးဖြစ်သွားပေမယ့် စစ်သည်က ရယ်စရာတွေပြော၊ ကစားကွင်းထဲ အတင်းဆွဲခေါ်ပြီး ကစားဆိုတော့ စိတ်ပြေလက်ပျောက် ဖြစ်သွားပြန်ရောလေ။

'ဝေဒနာတွေကို အချိန်က ကုစားသွားမှာပါ။

နေတတ်ရင် ကျေနပ်စရာချည်းပါပဲ။ အသဲကွဲလို့သေတဲ့ မသာမရှိပဲလေ။ ရှိရင်တောင်ရှားပါ့။ မွေးလည်း နောက်တော့ ဝေဒနာတွေ ပျောက်ကင်းသွားမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



"မွေး"

"ဟင်"

"ပျော်လား"

"အင်း…ပျော်ပါတယ်"

"ဟွန့်"

"ဘာဖြစ်တာလဲ"

"နင် ဖြေပုံကြီးက အသက်မပါလို့"

"ဟဲ့…အသက်မပါရအောင် ငါက အသက်မရှိတဲ့ ကျောက်ရုပ်မှမဟုတ်တာ။ ဘာလဲ…ပျော်တာကို သိသာအောင် ငါက ဟားတိုက်ရယ်ပြရမှာလား"

"ရယ်ပေါ့"

"အဲလိုရယ်ရအောင် လူကို အရူးများမှတ်နေလား"

"ရူးတော့ရူးနေတာပဲလေ"

"မရူးပါဘူး…အမူးမပြေသေးတာပဲ ရှိတာ။ အချိန်တန်ရင် ထူးလာလိမ့်မယ်"

မွေး နှုတ်ခမ်းလေးမဲ့ပြီး ပြောလိုက်တာဖြစ်၏။ တကယ်ပဲ သူမ အဖြစ်က အရက်မူးသမားလိုပဲလေ။ လောလောဆယ်အဖို့မှာ လူမှန်း သူမှန်းမသိအောင် မူးနေပေမယ့် အချိန်တန်ရင်တော့ အမူးပြေသွားမှာ ပါ။ ထန်းရည်သမားလိုတော့ အမူးပြေတဲ့အခါ ထန်းရည်အိုးကို မော့မကြည့်တော့ပါဘူး။

ရစ်မူးစေတာချင်းတူပေမယ့်…



အဖြစ်ချင်းက တူမှမတူတာ။ သစ္စာမရှိတဲ့ယောက်ျားအတွက် ဘာလို့များ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေရဦးမှာလဲ။ သူသာ မွေးရဲ့ သစ္စာတွေ မစူးပါစေနဲ့။

"အမူးပြေရင် ငါ့ကိုပြော…သိလား"

"ဘာဖြစ်လို့လဲ"

"အရူးဆေး ထပ်တိုက်မလို့"

"ကောင်စုတ်"

"အား"

မွေး ဆွဲလိမ်လိုက်တော့ စစ်သည် အလိမ်ခံလိုက်ရတဲ့လက်စုံကို ပွတ်၍ မျက်နှာလေး ရှုံ့မဲ့သွားလေသည်။

"ငါ ထုထည့်လိုက်ရ…ပုဝင်သွားတော့မယ်"

"အံမယ်…ထုရဲထုကြည့်ပါလား"

မျက်စောင်းထိုးပြီး မွေးက ပြောလေတော့ စစ်သည်…မွေး နဖူးကို ဖွဖွထုပြီး ရယ်လေ၏။ သူ နာကျင်အောင် မလုပ်ရက်ခဲ့တဲ့ ဒီမိန်းကလေးကို တစ်ယောက်သောသူက နာကျင်အောင် လုပ်သွားခဲ့ ပြီလေ။ အဲဒီအတွက် စစ်သည် စိတ်မကောင်းပါဘူး။ သူတို့ ဇာတ်လမ်း စခဲ့တာကို ကိုယ်မသိခဲ့လို့သာပေါ့။

သိသာသိခဲ့ရင်…

တားဆီးခဲ့မလား မပြောတတ်ပေ။ သူသိရတဲ့အချိန်က သူတို့ နှစ်ယောက် ချစ်သူဖြစ်ပြီးမှလေ။ အစွဲအလမ်းကြီးလွန်းတဲ့ မွေးခိုင်ဘို ကြောင့် စိုးရိမ်မှုတော့ ဖြစ်ခဲ့ဖူးသားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…စစ်သည်"

"ဟင်…ဘာလဲ"

"အဲဒီမုန့်တွေ အများကြီးဝယ်တာ ဘာလုပ်ဖို့လဲ"

"ယောက္ခမတွေကို ကန်တော့ဖို့"

"အမယ်…နင်က ရည်ရွယ်ထားတဲ့သူတွေဘာတွေ ရှိနေပြီပေါ့…ဟုတ်လား"

"ညောင်ပင်ကြီး ဒီလောက်ကြီးမှတော့ ရုက္ခစိုးမကပ်ဘဲနေပါ့မလားဟ"

"အင်း…ဟုတ်ပါပြီ၊ ငါနဲ့ မိတ်ဆက်ပေးဦးနော်…သူငယ်ချင်းအချင်းချင်း လျှို့မထားနဲ့…သိလား"

"ဘာမှလျှို့မထားဘူး…အခု လက်ဆွဲပြဆိုတောင် ပြလို့ရတယ်"

"ဟယ်…ဟုတ်လား၊ ဒါဆိုပြလေ"

မွှေးပြောတော့ စစ်သည်က ပြုံးစိစိပါ။ တကယ်တော့ စစ်သည်မှာ ရည်းစားဆိုလို့ မူးရင်တောင် ရှူစရာမရှိလို့ လဲကျခံရမယ့်ကိန်းပါပဲ။ ဒါကိုယ့်ကို စိတ်ဝင်စားမယ့်သူမရှိလို့ မဟုတ်ပါဘူး။ ဥစ္စာပေါရုပ်ချောနဲ့ ကောင်းစစ်သည်ဆိုတာ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပါ။ ကိုယ်က စိတ်မဝင်စားလို့ မရှိခဲ့တာပဲပေါ့။

စစ်သည်…

မွှေးလက်ကို ဖျတ်ကနဲ လှမ်းဆွဲပြီး သူ့မလက်ကိုပဲ မြှောက်ပြလေလျှင်…





"ဘာလဲ"

"နင်ပဲပြဆို"

"ဟင်"

"ငါ ကန်တော့မှာ နင့်မိဘတွေကို"

"ဟယ်…ကောင်စုတ်…ငါကတော့ အကောင်းမှတ်လို့"

ဆိုပြီး ထုတော့လည်း စစ်သည် ရယ်နေသည်သာ။ ဒီစကားတွေက သူတို့အတွက် ဘာမှမထူးဆန်းဘူးလေ။

ဘာလို့လဲဆို…

အရင်ကတည်းက ဒီလို ခဏခဏ စခဲ့ဖူးတာကိုး။

"သိပ်စိတ်ကူးယဉ်မနေနဲ့"

"ဘာဖြစ်လို့လဲ"

"နင့်ကို စဉ်းစားဖို့များ…ဝေးသေး"

"ငါကလည်း နင့်ထက်တောင် ပိုဝေးသေး။ နင့်ကိုယူမယ့်အစားလေ"

"ဆက်ပြော"

"တိရစ္ဆာန်ရုံထဲက မျောက်အိုမကို ပါးရိုက်ဆွဲထုတ်လာပြီး ပေါင်းမယ်…သိလား"

ဒီလိုပြောတော့လည်း အထုခံရတာပါပဲ။ မွှေးက စစ်သည်အပေါ်မှာ ငယ်ငယ်ကတည်းက နိုင်ခဲ့တဲ့ငယ်နိုင်မို့ ထာဝရနိုင်ခွင့်ပါမစ်ပေးထားပြီးသားပါ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [၇]

ဝေယံရှိန် သူ့ဖုန်းက ဘတ်ထရီဒေါင်းသွားလေသဖြင့် စက်ပိတ်ထားလိုက်သည်။ ချစ်သူချင်းပဲမို့ ကိုယ့်ချစ်သူရဲ့ဖုန်းထဲမှာ ဘာတွေထည့်ထားသလဲ သိချင်တာကြောင့် အစ္စလီလက်ထဲက ဖုန်းကို ဆွဲယူလိုက်စဉ်…

"ဘာလုပ်မလို့လဲ…ကိုကိုရဲ့"

"ခဏလေးပါ"

"မပေးဘူး"

"ခဏလေးပါဆိုကွာ…"

"အဲဒါဆိုပေးမယ်…ခဏနေဦး"





အစ္စလီ သူ့ဖုန်းကိုကိုင်တာ မကြိုက်သလို နှုတ်ခမ်းလေးစူ၍ဖုန်းကို ဖွင့်လိုက်သည်။ ပြီးမှ Viber က ဝင်ထားတဲ့စာတွေကို ဖျက်လိုက်ပြီး သူ့လက်ထဲသို့ ထည့်ပေးလေ၏။

"ဘယ်သူနဲ့ ပို့ထားတဲ့စာတွေလဲ"

"သူငယ်ချင်းနဲ့ပါ"

"ယောကျ်ားလေးလား…မိန်းကလေးလား"

"ကိုကိုကလည်း အစစ်အဆေး အမေးအမြန်းထူလိုက်တာ။ ဖွန်လို့ မှတ်ထားမှတော့ ဖွန်ဖါတာ မိန်းကလေးပဲဖြစ်လိမ့်မယ်လို့ မတွေးမိဘူးလား"

"ကိုကိုက ကိုယ့်ချစ်သူလေးကို စိတ်မချနိုင်အောင် ချစ်လို့မေးမိတာပါ အစ္စလီရဲ့…ကြည့်ပါဦးကွာ…နှုတ်ခမ်းကလည်း ဝက်နှုတ်ခမ်းကျနေတာပဲ…စူထားလိုက်တာ"

ပြောရင်း နှုတ်ခမ်းလေးကို လက်နှင့်ဆွဲညှစ်မိပြီး ဝေယံရှိန်ရယ်နေမိသည်။ မွေးနဲ့တုန်းက မကျေနပ်ရင် မကျေနပ်တဲ့အတိုင်းပြောတတ်တဲ့ ဝေယံရှိန်က အခုတော့ မကျေနပ်တာတွေရှိလည်း မျိုသိပ်တတ်နေပါပြီ။ ချစ်တာကိုး…။ ချစ်တော့ ချစ်သူပြုံးပြင်မှာကို မခံစားနိုင်တာလေ။

မွေးနဲ့တုန်းကလည်း ချစ်ခဲ့တာပါပဲ။

အဲဒီတုန်းကတော့ မွေးက အလျှော့ပေးခဲ့သူမို့ သူပြောသမျှခေါင်းညိတ်ခဲ့တာပဲလေ။ အဲဒါကိုက ပျင်းစရာကောင်းလာခဲ့ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အရင်တစ်ယောက်တုန်းကလည်း အဲဒီလိုတွေပဲ ပြောခဲ့မှာပေါ့"

"ချစ်တယ်ပြောတာချင်းတူပေမယ့် အစ္စလီလောက် သူ့ကိုကိုကို ဂရုမစိုက်ခဲ့ဘူးလေ။ ယောကျ်ားလေးပဲ တွဲနေတုန်းတော့ ချစ်တယ်လို့ ပြောမှာပေါ့။ မုန်းတယ်လို့ ပြောလို့ဖြစ်ပါ့မလား"

"ဒါဆို အစ္စလီကိုလည်း တွဲနေတုန်းမို့ ချစ်တယ်ပြောတာပေါ့ ဟုတ်လား"

"အဲလိုအထမကောက်နဲ့လေကွာ…အစ္စလီကိုက ကိုကို နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုးနဲ့ ချစ်နေတာလေ။ ပြောသမျှ ရင်ထဲကလာတဲ့စကားတွေချည်းပဲ။ ကိုကိုက အစ္စလီကို ချစ်လို့ အစ္စလီကိုပဲ လက်ထပ်မှာ"

"တကယ်"

"တကယ်ပေါ့"

"ဒါဆို…အစ္စလီ ဖုန်းထဲကို ဘောဖြည့်ပေးဦး"

"ဟင်"

သူ့ရင်ဘတ်မှာ ပါးလေးကပ်ပြီး အစ္စလီက ရယ်နေတော့ ပြောချင်တဲ့စကားတွေ ပြောမထွက်နိုင်။ ဒီလိုပဲ ဘောကုန်တိုင်း သူ ဖြည့်ပေးနေရတာ ဘယ်လောက်ကြာပြီလဲ။ တစ်သောင်းကတ် ဖြည့်ပေးလို့ ဆယ်ရက်မခံပါလား။ ဒါကို ဆင်ခြင်ခိုင်းချင်တာပေမယ့် အစ္စလီစိတ်ကောက်ရင် ချော့ရတာ မလွယ်ဘူးလေ။

ဒါပေမယ့်…





အရိပ်အမြွက်လောက်တော့ ပြောထားဦးမှပါ။

"လိုင်းသုံးတာ နည်းနည်းလျှော့ဦးနော် ကောင်မလေး"

"ဟင်…ကိုကိုက ငြိုငြင်တာလား"

"ငြိုငြင်တာ မဟုတ်ပါဘူး…ကိုကိုမဟုတ်တဲ့ အခြားကောင်လေးတွေနဲ့ အစ္စလီ အီစီကလီလုပ်နေမှာစိုးလို့ စိတ်မချလို့ ပြောတာပါ"

"ဟုတ်ကဲ့…ကိုကို မကြိုက်ရင် အစ္စလီ ဆင်ခြင်ပါ့မယ်နော်။ လိုင်းမသုံးတော့ဘူး…ဖုန်းပဲ ဆက်တော့မယ်…ခစ်…ခစ်"

"ထုထည့်လိုက်ရ"

လက်ရွယ်လိုက်ပေမယ့် ဖွဖွလေးတောင် မထုရက်ပါဘူး။ အဲဒီလောက်အထိကိုပဲ ချစ်တာပါလေ။ မွေးလည်း သူ့အပေါ် ဒီလိုပဲ ချစ်ခဲ့တာလား။ ကိုယ်ချင်းစာစိတ်ဖြစ်သွားမိပေမယ့် လောကမှာ ကိုယ့်ကိုယ်ကိုယ်ထက် သူများကို ပိုသနားတဲ့သူက အရူးသားလား။

"ကိုကို"

"ဟင်"

"ထည့်ပေးမယ်မို့လား"

"ဘာလဲ"

"မသိချင်ယောင်ဆောင်နေပြန်ပြီ"

"ဘောလား"

"ဒါပေါ့"

"အင်း"

"ရွှတ်❤



www.burmeseclassic.com

www.burmeseclassic.com



ဒီလို တစ်ခါအနမ်းခံရဖို့အတွက် ဘေတစ်ခါထည့်ပေးရရင် တစ်သောင်းပါ။ မွေးတုန်းက ကိုယ့်ပါးကို နမ်းဖို့မပြောနဲ့။ သူ့ပါးကို နမ်းရင်တောင် အလစ်နမ်းရတာလေ။ ကိုယ့်မှာ ဖုန်းဘေပြတ်ရင် သူ ထည့်ပေးဖို့ မပြောသလို သူ့မှာ ဖုန်းဘေပြတ်ရင်လည်း ကိုယ်ထည့် ပေးဖို့ပြောတာ လက်မခံပေ။

"မွေးနဲ့မောင့်ကြားမှာ ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး ဘာတစ်ခု မှ ပတ်သက်ဆက်နွယ်မှု မလုပ်ချင်ဘူး မောင်…ချစ်သူတွေကြားမှာ အပေးအယူတွေရှိလာရင် မကောင်းဘူး။ မွေးကတော့ အချစ်ကို အချစ် အတိုင်း ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းလေးပဲ ချစ်ချင်တယ်။ အငြိအစွန်း အချုပ်အနှောင်တွေပါလာရင် မကောင်းဘူး" တဲ့။

ဒီလိုကိစ္စတွေကိုပဲ မွေးက အချုပ်အနှောင်တွေလို့ ထင်ထားပုံရ သည်လေ။

"အဥ္ဇလီ…ကိုကို့ကို အရမ်းချစ်တယ်…သိလား"

"ကိုကို့အချစ်ကို မမီပါဘူး"

"ဒါဆို အဥ္ဇလီ ကံကောင်းတာပေါ့နော်"

အဥ္ဇလီက ကံကောင်းတယ်ဆိုရင် မွေးက ကံဆိုးသူလား။ ဒါမှ မဟုတ် ကိုယ့်ထက်တော်တဲ့သူ တကယ်ချစ်တတ်တဲ့သူနဲ့ တွေ့တဲ့အခါ မွေးလည်း ကံကောင်းသူ ဖြစ်လာမှာပါလေ။ သူ ဖုန်းကို ဟိုဆွဲဒီဆွဲ ဆွဲရင်း ဓာတ်ပုံဖိုင်ထဲကို ကြည့်လိုက်တော့…

"ဟင်"

အဥ္ဇလီက သူ့ကို ဖျတ်ကနဲ မော့ကြည့်ပြီး…





"ဘာလဲ…ကိုကို"

"ဓာတ်ပုံဖိုင်ထဲမှာ ဒီကောင့်ပုံတွေချည်းပါပဲလား။ ဒီကောင် က ဘယ်သူလဲ…အဥ္ဇလီ"

"ဩော်…သူလား"

"အင်း…မှန်မှန်ဖြေနော်"

အဥ္ဇလီက ခစ်ခနဲ ရယ်ပြီး…

"အဲဒါ မလေးရှားရောက်နေတဲ့ မောင်ဝမ်းကွဲလေးပါ ကိုကိုရဲ့။ သူက အဥ္ဇလီထက် နှစ်လငယ်တယ်လေ။ သူ့အဖေနဲ့ အဥ္ဇလီအဖေက ညီအစ်ကိုအရင်းပါ။ စိတ်ချ…အဥ္ဇလီရင်ထဲမှာရှိတာ ကိုကိုတစ်ယောက် တည်းပဲ။ ကိုကိုကလွဲရင် အဥ္ဇလီ ဘယ်ယောကျ်ားကိုမှ နောက်ထပ် ချစ်လို့ရမှာမဟုတ်တော့ပါဘူး ကိုကိုရယ်"

ဝေယံရှိန် အဥ္ဇလီလက်ကလေးကို ထွေးဆုပ်နမ်းရှိုက်မိလိုက်၏။ ဒီစကားကြောင့်ပဲ ကျေနပ်ရပြန်ပြီလေ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

စစ်သည်တို့မိသားစုနဲ့ မွေးတို့မိသားစု မွေးတို့ခြံထဲမှာပဲ ထိုင်၍ စကားပြောဖြစ်ကြသည်လေ။ ဟိုဘက်ခြံမှာပဲဖြစ်ဖြစ် ဒီဘက်ခြံမှာပဲ ဖြစ်ဖြစ် ဒီလိုပဲ စုထိုင်ပြီး ဟိုအကြောင်း ဒီအကြောင်းတွေ အပန်းဖြေရင်း ခဏခဏ ပြောတတ်ကြပေမယ့် မွေးက တစ်ခါတလေမှသာ ဝင်ထိုင်ဖြစ်တာလေ။

စစ်သည် နိုင်ငံခြားကိုသွားကတည်းက…

ဒီစကားဝိုင်းက ကိုယ်နဲ့မဆိုင်သလိုနေခဲ့တာ။ အခု စစ်သည် ပြန်ရောက်လာပြီဆိုတော့ ကိုယ်ဝင်မထိုင်ချင်လည်း သူက အတင်းခေါ်နေလို့ ဝင်ထိုင်နေရတာပါ။





"မောင်စစ်သည်…နိုင်ငံခြားကို ပြန်သွားဦးမှာလား"

မေးလိုက်တာ မွေးရဲ့အဖေ ဦးချစ်လှိုင်ပါ။

"ပြန်မသွားတော့ဘူး အန်ကယ်လ်…အရွယ်က အိမ်ထောင်ပြုသင့်နေပြီလေ။ ကျွန်တော် လိုချင်တဲ့ပုံစံမျိုးက မြန်မာပြည်မှာမှ ရမှာဗျ"

"ဟုတ်လား…မင်းက ဘယ်လိုပုံစံမျိုး လိုချင်လို့လဲ…ပြောပါဦး"

"ကျွန်တော် လိုချင်တာလား"

"အင်း"

စစ်သည် လည်ပင်းကို ပွတ်၍ ရှက်ရယ်ရယ်ကာ…

"ဘယ်လိုပုံစံမှလို့တော့ သတ်မှတ်မထားပါဘူး။ နှလုံးသားရဲ့ တောင်းဆိုချက်အတိုင်းပဲပေါ့။ ဒါပေမယ့် ကျွန်တော် မြန်မာပြည်မှာပဲ ဖူးစာရှင်ရှာမယ်လို့ ဆုံးဖြတ်ထားလို့ပါ"

"ကောင်းပါတယ်…ကိုယ့်နိုင်ငံ ကိုယ့်မြန်မာပြည်မှာ ကိုယ့်မိဘ ကိုယ့်မိသားစုနဲ့ ရင်အုပ်မကွာနေတော့ ပိုကောင်းတာပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် စည်းစည်းလုံးလုံးရှိတာပေါ့"

"ဒီကောင် ရှာတော့ရှာနေပြီထင်တယ်ဗျ…ပြန်ရောက်ကတည်းက အိမ်ကပ်တယ်ကို မရှိဘူး။ အပြင်ထွက်သွားလိုက်…ပြန်ဝင်လာလိုက်နဲ့ပဲ မျက်စိတောင်နောက်လာပြီ"

တကယ်တော့ အပြင်ထွက်နေတော မွေးနဲ့ပဲဆိုတာ ဦးမိုးကောင်းသိသည်လေ။ သိသိနဲ့ကို တမင်ပြောလိုက်တာ။ သူက သားကို



www.burmeseclassic.com

www.burmeseclassic.com



မွေးလေးနဲ့ပဲ နေရာချထားပေးချင်သူပါ။ တစ်ယောက်အကြောင်း တစ်ယောက် သိပြီး ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ကိုယ်ဖိတ်စေချင်တာလေ။ မွေးလေးက အတွင်းသိအစင်းသိ လိမ္မာယဉ်ကျေးတဲ့ မိန်းကလေးပဲဥစ္စာ။

"သား...သွားနေတာ အခြားလူနဲ့မှမဟုတ်ဘဲ ကိုကောင်းရယ်...မွေးလေးနဲ့ပဲဥစ္စာ"

"မွေး"

"ရှင်"

"သမီးလက်ကို အန်ကယ်လ် အပ်တယ်နော်။ ဒီကောင် တစ်ခုခု မဟုတ်တာလုပ်တာနဲ့ အန်ကယ်လ်ကို ပြော...ကြားလား"

"ဟုတ်ကဲ့"

"ဖေဖေကလည်း သားက ကလေးမှမဟုတ်တာ။ သားက ဘာမှမဟုတ်တာ မလုပ်ဘူး။ အဲဒီကောင်မလေးမှ မဟုတ်တာလုပ်မိလို့ ကွဲနေတာ"

"ဟော့ကောင်"

"အသည်းကိုပြောတာ"

"စစ်သည်နော်"

"မဟုတ်လို့လား"

"အဲဒါ...ငါ့အကြောင်းပါ"

သူတို့နှစ်ယောက် အဲလိုမတည့်ကြတာကိုပဲ လူကြီးတွေက ချစ်စရာအဖြစ်နဲ့ ရယ်နေကြသည်လေ။ မွေးက မျက်စောင်းလည်းထိုး၊





ပါးစပ်ကလည်း အသံတိတ် ဘာတွေပွစိပွစိ ပြောသည်မသိ။ ဒါကိုပဲ စစ်သည်က သတိထားဆိုတဲ့ပုံစံနှင့် လက်သီးဆုပ်၍ ထောင်ပြလေသည်။

"အန်တီစု"

"ပြောလေ...သား"

"အန်တီစုမှာ အဝတ်ချုပ်တဲ့အပ်...ရှိလား"

"ဘယ်ရှိမှာလဲ...သားရဲ့။ ဒီလောက်အဝတ်အစားပေါ်နေတဲ့ ခေတ်မှာ ဘယ်သူက အပ်ဆောင်ထားပြီး ချုပ်ဝတ်မှာလဲ သားရယ်။ သားက ဘာလုပ်ဖို့လဲ"

"အန်တီစုသမီးပါးစပ်က ပွစိပွစိဖြစ်နေတာ ချုပ်ပေးမလို့လေ။ အဓိကပိုကျတာက ကွဲနေတဲ့အသည်းကို ချုပ်ပေးချင်တာပါ"

"စစ်သည်နော်"

"ကဲပါ သားရယ်...မွေးကို စနေရမှ ပျော်သလား။ မစပါနဲ့ကွယ်"

ဒေါ်ခက်မာ ထိန်းထိန်းကာကာလေး ဝင်ပြောပေးလိုက်၏။ သူမ စနနှန သတင်းကြားတာတော့ မွေးက ဝေယံရှိန်ဆိုတဲ့ ကောင်လေး တစ်ယောက်နဲ့ ကြိုက်နေတာတဲ့။ အခု ပြတ်သွားကြပြီဆိုတာပါပဲ။ သူ့ခမျာ ခံစားချင်ခံစားနေရမှာပေါ့။ ဒါ...အပြစ်တစ်ခုမှ မဟုတ်တာ။ အရွယ်ရောက်လာတဲ့သူတိုင်း ရည်းစားထားကြတာ ကင်းမှမကင်းတာ။

ပေါင်းတာကွဲတာတော့...



www.burmeseclassic.com

www.burmeseclassic.com



ကံစီမံရာပဲပေါ့။ အခု မွေး အသည်းကွဲနေတယ်ဆိုတာ လတ်တလောအဖို့မှာ ဟုတ်ချင်ဟုတ်မှာပေါ့။ အဲဒီအတွက် မတရားဘူး ဘဲပြောပြော ကိုယ်ကတော့ ဝမ်းသာမိသည်သာ။

"မေမေက ဘာသိလို့လဲ…အဲဒီကောင်မလေးက ကယ်ကြီး ထိသွားတာ။ ရုပ်ကိုကြည့်ပါလား…အီးမှန်ထားတဲ့ရုပ်နဲ့ ရွှင်ရွှင် လန်းလန်းကို မရှိဘူး"

"သား"

"ဗျာ…ဖေဖေ"

ဖေဖေခေါ်တာမို့ စစ်သည် စပ်ဖြဲဖြဲ မလုပ်ရဲတော့ပေ။ မိဘကို ရှိသေတာ ယခုထက်ထိ ဖေဖေ့လေသံမာရင် သူကြောက်နေရတုန်းပဲ လေ။ ဒါကြောင့်သာပေါ့…

"ဟုတ်ကဲ့…မစတော့ပါဘူး ဖေဖေ"

"ကိုမိုးကောင်းကလည်း စပါစေဗျာ…စစ်သည်က သူ့သူငယ် ချင်းကို ချစ်လို့စတာပဲဥစ္စာ…မှန်းရင် ဘယ်သူက စမှာလဲ"

ဦးချစ်လှိုင်က သဘောကောင်းစွာ စစ်သည်ဘက်က ဝင်ထောက်ပေးသည်လေ။ သမီးကိစ္စ သူသိသားပဲ။ ဟုတ်နေတာပဲ လေ။ ဦးချစ်လှိုင်လည်း မျက်စိကန်း၊ နားပင်းမှ မဟုတ်တာ။

"ဒါဆို အန်ကယ်လ် ခွင့်ပြုတယ်နော်"

ဦးချစ်လှိုင် ခေါင်းညိတ်လိုက်တော့…

"စိတ်ကောက်နေတဲ့သူ ဝက်မလေးနဲ့တူ…စူနေတဲ့နှုတ်ခမ်း ဝက်ဖင်ကိုနမ်း"





"စစ်သည်စုတ်"

မွေးထုရအောင်ထလာတော့ စစ်သည်လည်း တဟားဟား ရယ် ကာ ထပြေးလေတော့သည်။ မွေးကလည်း မှီအောင်လိုက်၍ ထုသည်သာ။

"အေးပါ…ထုပါ…နင် ယောကျ်ားရရင် ဝဋ်လည်လိမ့်မယ် သိလား"

"ဘယ်တော့မှမယူဘူး"

"တကယ်"

"ဆယ်ကယ်ဟာ"

"ယုံရချည်သေးရဲ့…ဟီး…ဟီး…ဟီး"

"မယုံရင် စောင့်ကြည့်…ငါ သီလရှင်ပဲ ဝတ်တော့မှာ"

"ဂတုံးနဲ့လား…ဘီးဆံထုံးနဲ့လား"

မွေးက ဘာမှမပြောဘဲ မျက်စောင်းသာထိုးလေ၏။ စစ်သည် အရယ်ရပ်သွားပြီးနောက်မှာတော့…

"မွေး"

"…………"

"ငါ အကောင်းခေါ်နေတာဟ"

"ဘာလဲ"

"နင် ငါ့ကို စိတ်ဆိုးတာလား"

မဖြေပေမယ့် တကယ် စိတ်မဆိုးဘူးဆိုတာကို စစ်သည် သိသည်လေ။ မွေးက လွယ်လွယ်နဲ့ စိတ်မကောက်တတ်သလို ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရင်လည်း တော်တော်နှင့် မပြေတတ်သူပါ။

"ငါက နင် စိတ်ညစ်မပြေသေးမှန်းသိလို့ စိတ်ပြေလက်ပျောက် နင်ပျော်အောင် စတာပါဟာ…နင် သူ့ကို တော်တော်ချစ်ခဲ့တာပဲနော်"

မွေး ခုမှပဲ သူ့မျက်နှာကို မော့ကြည့်ပြီး…

"သူ့အကြောင်း မပြောပါနဲ့တော့"

"နင် ပတ်သက်ခဲ့မိပြီးပြီမဟုတ်လား။ အဲဒီလူ အရမ်းကံကောင်း ပါတယ်…နင့်မှာသာ"

"စစ်သည်"

"ဟင်"

"တကယ်တော့ ချစ်သူဆိုတာ နာမည်သာ ဂုဏ်မြင့်တာပါဟာ။ တကယ်တမ်း ခံစားချက်တွေ ရင်ဖွင့်ဖို့ လိုအပ်တာက သူငယ်ချင်းပဲ မဟုတ်လား။ ငါ့အနားမှာ အားပေးမယ့် နင် ရှိနေတာအတွက် ငါလည်း ကံကောင်းပါတယ်။ သူနဲ့ လမ်းခွဲရတာလည်း ကံကောင်း တာပါပဲ။ မဟုတ်ရင် ငါ သူ့လိုလူနဲ့ ခရီးဆက်နေရဦးမှာ"

ဒါ မွေး သူ့စိတ်သူ ဖြေနေတာပဲဖြစ်မှာပါ။ တကယ်တော့ ဒီဝေဒနာမျိုးက ရောဂါတစ်ခုလို ဆေးကုလို့ ချက်ချင်း မပျောက်ဘူး လေ။ မွေးလောက် အစွဲအလမ်းကြီးတာ မွေးပဲရှိတယ်။ ငယ်ငယ်က သူ ကစားခဲ့တဲ့ အရုပ်ကလေးတွေတောင် သူမြတ်နိုးတဲ့အရုပ်တွေဆို…

အခုအရွယ်အထိ သိမ်းထားတုန်းပဲလေ။

စစ်သည်က နောက်ပြောင်ပြီး တောင်းခဲ့တာတောင်…

"နင်က ဘာလုပ်ဖို့လဲ…ငါ မြတ်နိုးလို့ သိမ်းထားတဲ့အရုပ်တွေ





ကို ငါ ဘယ်သူ့မှ မပေးဘူး။ သူ့အလိုလို ပျက်စီးချင် ပျက်စီးသွားပါ စေ။ ငါ သူများကို ဘယ်တော့မှ ပေးမှာမဟုတ်ဘူး"

တဲ့လေ။ အဲဒီလိုအစွဲအလမ်းကြီးခဲ့တဲ့သူဆိုတော့…

"နင် အဲဒီလိုခံယူထားရင်လည်း ရွှင်ရွှင်လန်းလန်း နေစမ်းပါ မွေးရယ်…နင် မျက်နှာမကောင်းရင် ငါ မနေတတ်ဘူးဟာ"

စစ်သည် အပိုစကားတွေ ပြောနေတာမဟုတ်ဘူးဆိုတာ မွေး သိတာပေါ့။ ငယ်ငယ်ကဆို မွေးငိုရင် မနေတတ်လို့ဆိုပြီး ကစားနေတဲ့ အရုပ်တွေကိုတောင် ကိုင်ပေါက်ပစ်တတ်တဲ့ကောင်ပါ။

ဒါကြောင့်…

မွေး သူ့လက်ကို ဆုပ်ကိုင်ပြီး ပြုံးပြလိုက်ကာ…

"စိတ်ချ စစ်သည်…နင် ငါ့ဘေးမှာ ရှိနေသရွေ့ ငါ ပျော်ပါ တယ်။ ချစ်သူဆိုတာ ပြတ်သွားရင် ပြန်လှည့်ကြည့်စရာအကြောင်း မရှိပါဘူး။ ငါ့အတွက် တကယ်လိုအပ်တာ နင့်လိုသူငယ်ချင်းကောင်း ပါ"

တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ပြီး ပြုံးလိုက်မိကြတာ တကယ့်ရင်ထဲကလာတဲ့ လှိုက်လှဲမှုများနှင့်သာ…



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ဖုန်းငွေဖြည့်ကတ်က ခဲကွက်ကိုခြစ်နေတဲ့ ကိုကြီးလက်ကို လိုက်ကြည့်ရင်း ဝေယံကျော် သက်ပြင်းချလိုက်မိ၏။ သူလည်း ဝဋ်ကြွေးတစ်မျိုးပါပဲလား။

"ဟေ့ကောင်"

"ဗျာ"

"ဘာကြည့်နေတာလဲ"

အင်း…မေးတော့လည်း အရှိကိုအရှိအတိုင်း ဖြေရတော့မှာပေါ့။

"ကိုကြီးကိုကြည့်ပြီး တရားကျလို့ပါ"

"ဘာ"





"ရည်းစားထားချင်စိတ်ကို ကုန်သွားတာပဲ။ ကိုကြီးဟာက အချစ်ကို သေနဲ့ လဲယူနေရသလိုပဲ။ မမမွေးနဲ့တုန်းက ကိုကြီး သူ့အတွက်နဲ့ ဘာအလုပ်မှ မရှုပ်ခဲ့ရဘူး။ အပြောင်းအလဲမြန်တဲ့ ကိုကြီး"

"ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး"

ဝေယံကျော် ပြောကိုမပြောချင်တော့ပါဘူး။ ကိုယ်က ကိုကြီးကို မမမွေးနဲ့ပဲ သဘောတူတာပါ။ မမမွေးက အေးချမ်းတယ်လေ။ သူ နှစ်ခါလောက်တော့ မြင်ဖူးလိုက်ပါတယ်။ အဲဒါတောင် ကိုယ်က မြင်ဖူးချင်လွန်းလို့ ကိုကြီးနဲ့လိုက်သွားပြီး မိတ်ဆက်ပေးခိုင်းရတာပါ။

အခုတစ်ယောက်ကျတော့…

အိမ်ကိုလာတာ မမြင်ချင်အဆုံးပါပဲ။ ဝေယံရှိန်မှာတော့ ဝေယံကျော်ကို ဂရုမစိုက်နိုင်။ ခဲကွက်ကိုခြစ်ပြီး သူ့ဖုန်းထဲမှာ ဂဏန်းတွေရိုက်ထည့်…ပြီးတော့မှ အခ္ခလီဆီကို မက်ဆေ့ချ်နဲ့ပို့ပြီး ထည့်ပေးရတာလေ။ ဝေယံကျော်ကတော့ သူ့ကိုကြည့်ပြီး စိတ်လည်းမော၊ စိတ်လည်းပျက်ပါပဲ။

သူ့ကိုစွပြီးသွားပြီဆိုမှ…

ဝေယံရှိန်က ဝေယံကျော်ကို လှည့်ကြည့်ကာ…

"ဟေ့ကောင်…မင်း မသွားသေးဘူးလား"

"ဘယ်ကိုသွားရမှာလဲ"

"သွားချင်တဲ့နေရာသာသွား"

"ကိုကြီးနဲ့ကျွန်တော် စကားပြောရင်ကောင်းမလားလို့ ရပ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဝေယံရှိန် ညီဖြစ်သူကို မျက်လုံးထောင့်ကပ်ကြည့်ပြီး…

"ဘာပြောချင်လို့လဲ…ပြော"

"ဘယ်ကစပြောရမှန်းတောင် မသိဘူး"

"ပြောချင်တဲ့နေရာကနေသာ စပြောကွာ"

ပြောလို့ခွင့်ပြုရင်တော့ ဝေယံကျော် မပြောဘဲ မျိုသိပ်ခဲ့ရတာတွေ ပြောရတော့မှာပဲပေါ့။ မွေးနဲ့ အဥ္ဇလီရဲ့ ကွာဟချက်တွေကို ကလေးကစ ခွေးကစတောင် မေးရင်သိနေမှာပါ။ ကိုကြီးက တဒင်္ဂအအလှကို မက်မောတာ။ ထာဝရအေးချမ်းဖို့အတွက်ကို အဥ္ဇလီစိတ်မှန်ပြီး မတွေးမိဘူးထင်ပါရဲ့။

အခုပဲကြည့်လေ…

ကိုကြီး ဘောထည့်ပေးနေရတာ ခဏခဏပါပဲ။ အဲဒီလောက် အထိ ဘေကုန်နေတာ ကိုကြီးတစ်ယောက်တည်းနဲ့ ဆက်သွယ်ရုံနဲ့ ကုန်မတဲ့လား။ ကိုကြီးနဲ့ မကြိုက်ခင်ကရော ဘယ်သူက ဘောထည့်ပေးခဲ့လဲ။ တွေးစရာတွေက အများကြီးပါ။

"ကိုကြီး"

"ပြော"

"ကိုကြီး မအဥ္ဇလီနဲ့ လက်ထပ်မှာလား"

"ဟ…ချစ်ပါတယ်ဆိုမှတော့ လက်တွဲမှာပေါ့ကွ"

ဝေယံကျော် ခေါင်းခါလိုက်ပြီး…

"ကိုကြီးရဲ့ဦးနှောက်ကို နှလုံးသားက အနိုင်ယူနေပြီ။ အချစ်ဆိုတာ သူ့ဘက်ကိုယ့်ဘက် မျှတပြီး နားလည်မှုတွေနဲ့ တည်ဆောက်မှ





ဆေးဘက်ဝင်တာ ကိုကြီးရ…အခု ကိုကြီးဟာက တစ်ဖက်သတ်ကြီး လိုပဲ။ တစ်နေ့ အဆိပ်ဖြစ်နေမယ်နော် ကိုကြီး"

"အဲဒါ…ငါ့အကြောင်းပါ"

"ကျွန်တော်က ကိုကြီးရဲ့ညီလေ ကိုကြီးရဲ့…ကောင်းတာဆိုးတာ ပြောခွင့်မရှိဘူးလား။ ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောရရင် အဥ္ဇလီကို သဘောမကျဘူး။ ပွင့်လင်းတယ်ဆိုတာထက် ရဲတင်းလွန်းတယ်။ မိန်းကလေးတစ်ယောက်က အဲဒီလောက် ရဲတင်းဖို့ မလိုဘူးထင်တယ်"

"သူ့ကို မင်း သဘောကျဖို့ မလိုဘူးလေ။ မင်းရဲ့ချစ်သူမှ မဟုတ်တာ။ ငါ့ချစ်သူ ငါ သဘောကျဖို့ပဲလိုတာ"

"ကျွတ်"

ဆက်ပြောရင် ဘုန်းကြီးစာချ မိကျောင်းမင်းရေကင်းပြဖြစ်တော့မှာပဲ။ မပြောဘဲလည်း မနေနိုင်။ မနေနိုင်တာက သူ ကိုယ့်အစ်ကို ဖြစ်နေလို့ပေါ့။ ကိုယ့်အစ်ကို လူရွေးမှားရင် ကိုယ့်အစ်ကိုပဲခံရမှာ။ ပြီးတော့ မိဘတွေကိုပါ အပူကူးစက်ဦးမှာလေ။

"ကိုကြီး…ဒုက္ခရောက်မှာစိုးလို့ ကျွန်တော်က ပြောတာပါ"

"ငါ ကလေးမဟုတ်ဘူး ဝေယံကျော်…ကောင်းကောင်းဆိုးဆိုး ခွင်း ဝေဖန်ပိုင်ခွင့်မရှိဘူး။ အဥ္ဇလီဆိုးလည်း ငါ ခံမယ်။ ငါ လျှောက်မယ့်လမ်း ငါ ဖောက်နေတာ၊ ငါဖြစ် ငါခံပဲ"

"အဲဒါဆိုလည်း ကောင်းပါတယ်"

"နေစမ်းပါဦး…မင်းက ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး… ကိုကြီးအတွက် ပြောတာ။ ပြီးတော့ ကျွန်တော် မမမွေးကို လေးစားတယ်၊ သနားတယ်"

"ဒီလောက်ဖြစ်နေတာ အဲဒီမွေးကို မင်း ယူလိုက်ပါလား"

"ကျွန်တော့်ကို မကြိုက်လို့ပေါ့။ ကြိုက်ရင် ယူတယ်။ ချစ်ပါ ကိုကြီး…အဲဒီအဠလီကိုပဲ…နောက်မှတော့ နောင်တမရနဲ့"

"ဘာ"

သူတောင် အဆိုးနဲ့အကောင်းကို ခွဲခြားတတ်တာ။ ကိုကြီးက အကြီးဖြစ်ပြီး ဘာလို့မခွဲခြားတတ်တာလဲ။ ခဏတာ မျက်စိအရသာ ခံပြီး ထာဝရအေးချမ်းမယ့် အလှစစ်စိတ်ထားဖြူစင်သူကိုကျတော့ စွန့်လွှတ်ခဲ့တယ်တဲ့လား။

ဒါပေါ့လေ…

မမမွေးနဲ့ ဖူးစာမပါလို့ အဠလီဆိုတဲ့ ထန်းလက်ရုပ်ကို နတ်ရုပ် ထင်နေတာပေါ့။

"ငါ ဘယ်တော့မှ နောင်တမရဘူး ဟောကောင်…အဠလီက ငါ့ကို တကယ်ချစ်တာကွ"

"ကိုကြီး စုံလုံးကန်းနေပြီ"

"မင်းက ချစ်မှမချစ်တတ်သေးတာကိုးကွ…ဘယ်ကိုယ်ချင်းစာ တတ်မှာလဲ"

"ကျွန်တော့်မှာလည်း နှလုံးသားနဲ့ပါ ကိုကြီးရာ…ချစ်ရမယ့်သူ မတွေ့သေးတာသာရှိတာ…ချစ်တော့ချစ်တတ်တာပေါ့"

လူတွေက အချစ်နဲ့ပတ်သက်လာရင် ဖျက်တဲ့သူကို ရန်သူလို့





သတ်မှတ်ကြတာပါပဲ။ အခု ဝေယံရှိန်လည်း ညီဖြစ်သူကို မကျေမနပ် နှင့်ပဲ ကိုယ့်ညီမို့ ရန်သူလို မသတ်မှတ်ခြင်းသာ ဖြစ်၏။ စိတ်ထဲမှာ တော့ တင်းနေတာပေါ့လေ။ ကိုယ့်ချစ်သူကို ရှုတ်ချတာ ဘယ်ကောင် က ကြိုက်မှာလဲ။

"ကိုကြီးကို မအဠလီ တကယ်ချစ်တာပါလို့ ဘယ်အချက်ကို ကြည့်ပြီး ကိုကြီး သုံးသပ်တာလဲ"

"မင်း…တော်တော်လျှာရှည်ပါလား ဝေယံကျော်…ငါ့ဘာသာ ဘယ်လိုပဲ သုံးသပ်သုံးသပ် မင်း နေစမ်းပါ…အေးအေးဆေးဆေး"

ဝေယံကျော် ပြောချင်တဲ့စကား ကျန်နေသေးတာကို ပြောပြီး လစ်ဖို့ပြင်ရတော့၏။ ဘာလို့လဲဆို သူပြောမှာ ကိုကြီး မကြားချင်ဆုံး စကား ဖြစ်နေမှာမို့လို့ပါ။

"မအဠလီ ကိုကြီးကို တကယ်ချစ်မချစ် သိရအောင် ကိုကြီး သူ့ကို ဖုန်းဘောထည့်မပေးဘဲ ထားကြည့်လိုက်…"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"စစ်သည်…ခဏနေဦး"

"ဟင်"

"ငါ ဖိနပ်ဝယ်မလို့"

"နင့်မှာ ဖိနပ်တွေ အများကြီးရှိတာကို ဘာလို့ ထပ်ဝယ်ဦးမှာလဲ…ဘာလဲ…ဖိနပ်တွေ ဝမ်းစာထည့်ပြီး ဖုတ်စားမလို့လား"

"ဟုတ်တယ်… နင့်အတွက်ပါ ပိုပြီး ဝမ်းစာထည့်ပေးဦးမှာသိလား"

"အမယ်…ကောင်မစုတ်လေး"

မွေး သူ့ကို မျက်စောင်းထိုးပြီး ဖိနပ်ဆိုင်ထဲသို့ ဝင်လာခဲ့တော့၏။ သူမက ဖိနပ်ဆိုရင် အနက်ရောင်စိုစိုလေးတွေကို အရမ်းကြိုက်တာ





လေ။ ခုလည်း ဖိနပ်ဆိုင်ထဲကို လှည့်ကြည့်ရင်း အနက်ရောင်စိုစိုလေးတွေကို မြင်လိုက်လို့ပါ။ သူမ ဖိနပ်ဝင်ရွေးတော့ ဟိုဘက်အားမှာလည်း ဖိနပ်ရွေးနေတဲ့သူတွေရှိတာကို ကိုယ့်အာရုံနဲ့ကိုယ်မို့ လှည့်မကြည့်ဖြစ်ပေ။

စစ်သည်လည်း…

အပြင်မှာ တစ်ယောက်တည်း ရပ်စောင့်နေရင်း ကြောင်တက်တက်နှင့်မို့ ဆိုင်ထဲသို့ ဝင်လိုက်လာခဲ့သည့်တွင်…

"အနက်ရောင်ပဲလား"

"အင်း"

"ဟိုဖိနပ်လေးက ပိုလှတယ်"

"ဒါလား"

စစ်သည် လက်ညှိုးထိုးပြတဲ့ ဖိနပ်လေးကို မွေးက ကောက်ကိုင်ပြီးပြလေလျှင်…

"ဟုတ်တယ်…စီးကြည့်ပါဦး"

မွေး ဖိနပ်လေးကို စီးကြည့်ဖို့ အောက်သို့ချလိုက်စဉ်…

"ဖိနပ်ဝယ်တာ အဲလောက်မြင့်တာကြီး ဝယ်ရသလား အရူလီရဲ့… နဂိုကမှ အရူလီက အရပ်ရှည်တာကို…ပြီတော့ အနီရောင်ကြီး"

"အရူလီက အဲလို ထင်းကနဲ လင်းကနဲဖြစ်မယ့် အရောင်တောက်တောက်တွေကိုမှ ကြိုက်တာ ကိုကိုရဲ့…ပြောမနေပါနဲ့ ကိုကို စီးတာမှမဟုတ်တာ။ အရူလီစီးဖို့ အရူလီစိတ်ကြိုက် ဝယ်မှာပေါ့လို့"

"ကဲ…ဒါဆိုလည်း သဘောဗျာ…သဘော"



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသံက မွေးနားထဲမှာ ရင်းနှီးနေတဲ့အသံပါ။ သူပဲဖြစ်မှာပါလို့ လှည့်ကြည့်လိုက်တော့ သူကလည်းကြည့်တာနဲ့ တိုးပြီး မွေးနှုတ်ခမ်းလေး မဲ့မယောင် ဖြစ်သွား၏။ သူနဲ့အတူရှိခဲ့ပြီး ဖြုန်းခဲ့မိတဲ့ အချိန်တွေကို နမြောလိုက်တာ။ အလုပ်မရှိ ကိုယ့်အိမ်မှာ အိပ်နေတာကမှ အိပ်ရေးဝဦးမယ်။

ခုတော့…

ကိုယ့်မှာသာ ဒဏ်ရာဒဏ်ချက်တွေနဲ့ ကျန်ခဲ့ရတာလေ။ သူကတော့ ချစ်သူအသစ်နဲ့ ပြုံးလို့ပျော်လို့။ မတန်လိုက်တာ။ တစ်နေ့သူလည်း မွေးရဲ့သစ္စာတွေ မစူးပါစေနဲ့။

"မွေး…စီးကြည့်လေ"

"ဩော်…အင်း"

မွေး ဖိနပ်လေးကို စီးကြည့်လိုက်တော့ သူမခြေထောက်နှင့် ကွက်တိပါ။ တော်မှန်းသိလို့ ကြိုက်နေပြီပေမယ့်…

"ကို…ကြိုက်လား…ကို…ကြိုက်ရင် မွေး ယူလိုက်မယ်လေ"

"အင်"

မွေးက သူ့ကို ကိုလို့ခေါ်လိုက်တာကြောင့် စစ်သည် ကြောင်သွားလေသည်။ နောက်မှ အကင်းပါးသူပီပီ မွေး သူ့ကို ဒီလိုခေါ်တာ အကြောင်းမဲ့မဖြစ်နိုင်ဘူးလို့ တစ်ဖက်က စုံတွဲကို ကြည့်လိုက်တော့ အမျိုးသားက သူ့ကို ရှုတည်တည်နှင့် ကြည့်နေသည်လေ။ အင်း…ဟုတ်သားပဲ။





ဒီလူကို…

စစ်သည် ခေတ်ပုံထဲမှာ မြင်ဖူးသားပဲ။ ဝေယံရှိန်ဆိုတဲ့လူ… ကိုယ့်သူငယ်ချင်းမလေးအပေါ် ရက်စက်ခဲ့တဲ့ကောင် မင်းလားကွဆိုပြီး လက်သီးနဲ့ ဆွဲထိုးရမကောင်းရှိရှောမယ်။ မွေး သူ့ကို ကိုလို့ခေါ်လိုက်တဲ့အကြောင်းရင်းကို သဘောပေါက်လိုက်ပါပြီ။ ခုမှတော့ မကျေမနပ်မဖြစ်နဲ့ ကိုယ့်လူရေ။

မွေးဆိုတဲ့ မိန်းကလေးက…

မင်းကို ရွဲ့ချင်သာရွဲ့မယ်။ မင်းဘက်ကို ခြေဦးပြန်လှည့်မှာမဟုတ်တော့ဘူးဆိုတာ ငါ အာမခံရဲပါတယ်။ မွေးက မင်းတွေ့နေတဲ့ မိန်းကလေးမျိုးမဟုတ်ဘူး ဝေယံရှိန်။

"ချစ်ကလည်း…ချစ် စီးမှာပဲဥစ္စာ…ချစ်ကြိုက်တာယူပေါ့။ ကိုက ချစ်ဝယ်သမျှ ပိုက်ဆံလိုက်ရှင်းပေးဖို့ပဲ သိတာ…ပြီးတော့ သိတာ တစ်ခုရှိသေးတယ်"

"ဟင်…ဘာလဲ"

"ချစ်ကို အရမ်းချစ်တယ်ဆိုတာလေ"

မွေး ခစ်ကနဲ ရယ်လိုက်မိ၏။ စောစောက ဆက်ဆံရေးနဲ့ အခု ဆက်ဆံရေး တော်တော်ကို ကွာခြားသွားလို့လေ။

"ကိုပိုကြီး"

"မပိုပါဘူး ချစ်ရယ်…မွေးက ကို့ဘဝအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာသိုက်ပါဗျ"

"ဟုတ်လား"

www.burmeseclassic.com



"ဒါပေါ့…ချစ်က အေးချမ်းတယ်၊ မြန်မာဆန်တာ မိန်းမတို့ တတ်အပ်တဲ့ပညာတွေ တတ်တာကပဲ ကို့ကို ကွန်ထရိုးလုပ်နိုင်မယ့် အရည်အချင်းတွေလေ ချစ့်ရဲ့"

"ဒီမှာ"

"ဟင်"

ဒီမှာဆိုတဲ့အသံကြောင့် ပြိုင်တူလှည့်ကြည့်လိုက်ကြတော့ ခေါ်လိုက်တာ အဒ္ဒလီပါ။ သူမက မွေးကို နာမည်သာ ကြားဖူးပြီး လူကို မြင်ဖူးတာမှမဟုတ်ဘဲလေ။

ဒါကြောင့်…

သူမဘေးက ချစ်သူမျက်နှာကို မကြည့်မိဘဲ နားကြားကတ်တာ လောက်ပဲသိတာပါ။ ဝေယံရှိန့် မျက်နှာမကောင်းတာကိုသာ မြင်ရင် ဘာဖြစ်မည်မသိပေ။

"ဒါ…စင်တာနော်…ကန်တော်ကြီးနဲ့အင်းလျားကန် မဟုတ်ဘူး။ နင်တို့မှ ချစ်တတ်တယ်လို့ မထင်ကြနဲ့"

"မထင်ပါဘူး…စင်တာမကလို့ ဘယ်နေရာဖြစ်ဖြစ် ကိုယ့် ပါးစပ်ထဲကစကားလုံး ကိုယ်သုံးချင်ရာသုံးမှာပေါ့။ ကိုယ့်ချစ်သူကို ချစ်လို့ ချစ်တဲ့အကြောင်းပြောတာ ဘယ်သူ့ဆီမှာ ပါမစ်ယူနေရဦးမှာလဲ။ ဘယ်နေရာမှာဖြစ်ဖြစ် ပြောခွင့်ရှိတယ်။ မမြင်ချင်ရင် မျက်စိမှိတ်ထား။ မကြားချင်ရင် နားပိတ်ထား"

ပြောပြီး စစ်သည် မွေးရှေ့မှာ ထိုင်ချလိုက်ကာ ဖိနပ်ကလေးကို ကိုင်၍ မွေးခြေထောက်ကို ဝတ်ပေးလေလျှင်…





"နေပါစေ ကိုရဲ့…မွေးဘာသာ ဝတ်ပါ့မယ်။ တော်ကြာ ငရဲ ကြီးနေဦးမယ်"

"ကိုယ့်ချစ်သူကို ချစ်လို့ ဝတ်ပေးတာ ငရဲကြီးစရာလား မွေးရဲ့။ မွေးရှေ့မှာ ကိုယ် ဒူးထောက်လိုက်တာ ဒူးထောက်တိုင်း အရှုံးပေးတာ မဟုတ်ဘူး။ ကို…ထောက်ထားတာ ဒူးတစ်ဖက်တည်းရယ်။ အရှုံး ပေးတာဆိုရင်လည်း ကြောက်လို့မဟုတ်ဘူးလေ…ချစ်လို့ပဲဥစ္စာ"

"ဒါတော့ ဒါပေါ့ ကိုရဲ့…ဒါပေမယ့် လူမြင်လို့မကောင်းဘူး လေ…ထပါ"

ထဆိုတာ သူမထတော့ မွေးဖိနပ်တစ်ဖက်ကျန်တာကို ကိုယ့် ဘာသာပဲ အတင်းဝတ်ကြည့်လိုက်ရ၏။

"တော်တယ်"

ပထမတစ်ခါ စီးကြည့်ပြီးတကတည်းက တော်နေမှန်းသိရဲ့နဲ့ ပြန်ချွတ်တဲ့သူက ချွတ်ပြီး ဝတ်ပေးတဲ့သူက ဝတ်ပေးနဲ့ နောက်တစ်ခါ ထပ်စီးကြည့်၍ အပိုလုပ်နေကြတာ။ ဝေယံရှိန့်စိတ်ထဲမှာ တင်းကနဲ ဖြစ်ပြီး မျက်နှာလွှဲပစ်လိုက်သည်။ ဒါ ကိုယ့်ကို ရွဲ့နေတာပဲဖြစ်မှာပေါ့။

ကိုယ်နဲ့ မသက်ဆိုင်တော့ဘူးဆိုပေမယ့်…

သက်ဆိုင်တဲ့အချိန်က ကိုယ်လုပ်မပေးခဲ့ဖူးတဲ့အလုပ်ကို သူ့ရှေး လုပ်ပေးနေတာမြင်တော့ မရှုစိမ့်နိုင်။ ဟိုကောင့်ကို ဆွဲဖယ်ပြီး ကိုယ်ပဲ အဲဒီဖိနပ်စီးပေးချင်လိုက်တာ။ ဒီလိုတွေးလို့ သူ လောဘများကြီးနေပြီ လား။ မဆိုင်တော့မှ သဝန်တိုစိတ်တွေ ဖြစ်တည်လာတာ ဘာကြောင့် လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဖိနပ်ယူမှာလား ညီမလေး"

"ဟုတ်…ယူမယ် အစ်မ"

"ဟိုညီမလေးကရော"

"မယူဘူး…သွားမယ် အစ္စလီ"

ဆိုင်ရှင်က နှစ်ယောက်စလုံးကို ယူမှာလားမေးတော့ ယူမယ်လို့ ပြောလိုက်တာက မွေးပါ။ အစ္စလီတို့မှာတော့…

"ဟာ…ဘာဖြစ်တာလဲ ကိုကိုရဲ့…အစ္စလီကြိုက်လို့ ရွေးထားတာပဲဥစ္စာ…ယူမှာပေါ့"

"အခြားဆိုင်မှာ ဒီထက်ကောင်းတဲ့ ဖိနပ်ကိုဝယ်…ဒီဖိနပ်ကို အစ္စလီကြိုက်ပေမယ့် ကိုကို မကြိုက်ဘူး"

"မရဘူး ကိုကို…အစ္စလီ ဒီဖိနပ်ပဲ ယူမယ်"

"ကျွတ်"

ဝေယံရှိန် ပြောမကောင်းဆိုမကောင်းဖြစ်တဲ့သူကို မပြောတော့ဘဲ ရပ်သာကြည့်နေလိုက်တော့၏။ အစ္စလီ သူ့စကားကို ဘယ်တုန်းက နားထောင်ဖူးလို့လဲ။ ကိုယ်ကသာ အလျှော့ပေးရတာလေ။ မွေးနဲ့တုန်းက ကိုယ်ပြောသမျှ နာခံခဲ့တာချည်းပါပဲ။ ဒါ ဝဋ်လည်တာများလား။

ဟိုကောင်ကတော့ မွေးဖိနပ်ဖိုး သူပဲရှင်းနေတာ။ ဒီလိုကျ မွေးက လက်ခံသတဲ့လား။

အစ္စလီ…

ကိုယ်နဲ့မဆိုင်ပေမယ့် စပ်စုချင်တဲ့ဝါသနာကြောင့် ဟိုလူပိုက်ဆံအိတ်ဖွင့်တာကို မျက်လုံးထောင့်ကပ်ကြည့်လိုက်တော့ ပိုက်ဆံအိတ်ထဲ





မှာ ပိုက်ဆံတွေ အထပ်လိုက်ပါ။

"ပြီးရင်…သွားမယ်လေ…ချစ်"

"အင်း…သွားမယ်လေ"

စစ်သည်…မွေးလက်ကလေးကို ဆုပ်ကိုင်ပြီး ထွက်လာခဲ့တော့ ဆိုင်အပြင်သို့ရောက်လေလျှင် မွေးက သူ့မလက်ကို ရုန်းပြီး…

"ကဲ…လွှတ်တော့။ အသားယူလိုက်တာ လွန်ပါရော"

"လက်ကိုင်ရတာထက် ချစ်လို့ခေါ်ရတာ ပါးစပ်ထဲမှာ အရသာရှိလိုက်တာ မပြောပါနဲ့တော့"

"ကောင်စုတ်"

"ဟောဗျာ…အပြောင်းအလဲကလည်း မြန်လိုက်တာလွန်ပါရော…ခေါ်ဦးလေ…ကိုလို့"

"သေတောင်မခေါ်ဘူး"

"မခေါ်ချင်နေပါ…သေတော့မသေပါနဲ့။ ငါ သရဲကြောက်တယ်ဟ"

မွေး သူ့ကို မျက်စောင်းထိုးပြီး ရှေ့မှထွက်လာတဲ့ ခြေလှမ်းတွေက သောက်ဆတ်ဆတ်ပါ။

ဩော်…ခုတော့လည်း…

ဝေယံရှိန်နဲ့ ချစ်သူဖြစ်ခဲ့တဲ့ ပုံရိပ်တွေက မွေးရင်ထဲမှာ ဆေးသားနှန်သွားခဲ့ပါပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

စစ်သည် သူငယ်ချင်းမွေးနေ့သွားဖို့အတွက် မွေးကို အဖော်ခေါ်တာ မွေးက မလိုက်ချင်ဘူးတဲ့။ ဒါကြောင့် တစ်ယောက်တည်း ထွက်လာရတာ ပျင်းဖို့ကောင်းလိုက်တာ။ မွေးနဲ့ဆိုရင် ရယ်စရာပြောရင်ပြော မပြောရင် စပြီးနောက်ပြီး ရန်ဖြစ်နေရမှာလေ။ ပျင်းပျင်းနဲ့ပဲ မွေးနေ့ကိုရောက်လာတော့…

"ဟာ…စစ်သည် လာပြီ"

"ဟေ့ကောင်ကြီး…နောက်ကျလှချေလားကွ…ဘာလဲ…အလှပြင်ဆိုင်သွားပြီး မိတ်ကပ်လိမ်းနေရလို့လား"

"ပြင်စရာလား…မင်ကိုက ချောပြီးသားပဲဥစ္စာ။ သူငယ်ချင်းကို အဖော်ခေါ်နေလို့ ကြာသွားတာ။ ခေါ်လို့မရလို့ တစ်ယောက်တည်းပဲ လာရတော့တာ"





"ဘယ်သူငယ်ချင်းလဲ…မွေးပဲမို့လား"

စစ်သည် ပြုံးပဲပြုံးပြီး ဘာမှပြန်မဖြေလေတော့…

"ထင်သားပဲ"

"ဒီကောင့်ဝင်္ကကလည်း တစ်မျိုးပဲ…ကိုယ့်ရင်ထဲရှိတာကို ဖွင့်ပြောတာမဟုတ်ဘူး။ ဖြည့်ဆည်းခြင်းသက်သက် လုပ်နေတာ။ အရင်က သူများနောက်ပါတော့မလို့…ကံကောင်းလို့။ အခုတစ်ခါတော့ မင်းပါးစပ်ကြီး ပိတ်မထားနဲ့တော့နော် ဟေ့ကောင်…ပြောစရာရှိတာ မြန်မြန်ပြော…တော်ကြာ ဒုတိယအကြိမ် ရင်နာနေရဦးမယ်"

အကြောင်းသိသူငယ်ချင်းတွေမို့ သူတို့ပြောတော့ ပြုံးရမလို ရယ်ရမလိုပါ။ မွေးနေ့ရှင် မင်းထိုက်နဲ့ဆန်းဝင်းကို၊ နိုင်ကိုဦးတို့က သူ့ရဲ့အချစ်ဆုံးသူငယ်ချင်းတွေပါ။ ဒါကြောင့် သူ မွေးနဲ့ပတ်သက်ပြီး ရင်ဖွင့်သမျှ ဒီကောင်တွေဆီမှာလေ။ သူ မွေးကို ခိုးချစ်ခဲ့ရတာ တက္ကသိုလ်ကျောင်းသားဘဝကတည်းကပါ။

ရှည်ရှည်ဝေးဝေးရယ်ချက်တွေကြီးလွန်းလို့ ဖွင့်မပြောခဲ့တာလေ။ ပြီးတော့ မွေး စိတ်ဆိုးမှာစိုးလို့ပေါ့။ သူ နိုင်ငံခြားကိုသွားခဲ့တာလည်း မွေးကို ကိုယ်ကိုယ်တိုင်ရှာတဲ့ စည်းစိမ်ဥစ္စာနဲ့ပဲ တင့်တောင်းတင့်တယ်ထားချင်လို့ပါ။ သူ နိုင်ငံခြားကနေ ပြန်လာမှ ဖွင့်ပြောမယ်ပေါ့လေ။

ဒါပေမယ့်…

မွေးမှာ ချစ်သူရှိနေပြီဆိုတာ သိလိုက်ရချိန်မှာ သူ ဘယ်လောက် ခံစားခဲ့ရသလဲ။ ရူးမတတ် ခံစားခဲ့ရပေမယ့် သူပျော်ရင် ကျေနပ်တယ်ဆိုပြီး မျိုသိပ်မှုတွေနဲ့ အိပ်ပျက်ညတွေများခဲ့သည်လေ။ မွေး



www.burmeseclassic.com

www.burmeseclassic.com



သူချစ်သူနဲ့ ပြတ်သွားပြီဆိုတော့လည်း သူ ဝမ်းမသာနိုင်ခဲ့ပါဘူး။

ဘာလို့လဲဆို…

မွေး ခံစားနေရတာကို မကြည့်ရက်လို့ပါ။ သူများချစ်သူတွေတွဲမှ ကိုယ်က ပွဲလန့်တုန်း ဖျာဝင်ခင်းတာမျိုးလည်း မဖြစ်ချင်ပါဘူး။ ဒါကြောင့် မျိုသိပ်လက်စနဲ့ မျိုသိပ်ထားတာကို သူငယ်ချင်းတွေက မချင့်မရဲ ဖြစ်နေကြတာလေ။

"စစ်ကြီး"

"……………………"

"ဆန်းဝင်းပြောတာ မှန်တယ်နော် ဟောကောင်…ဒီတစ်ခါ မင်းပါးစပ်ကြီးက ရေငုံနှုတ်ပိတ် လုပ်မနေနဲ့။ ပြောမှသိမှာကို ပြောသာ ပြော"

"အခုနေ…ငါ ပြောလိုက်ရင် ပွဲလန့်တုန်းဖျာဝင်ခင်းသလို ဖြစ်မှာ ပေါ့ကွ"

"ခင်းတော့ဘာဖြစ်လဲ…ကိုယ့်နေရာရဖို့အတွက် ခင်းတာ ဘယ်အချိန်ပဲခင်းခင်း ရတယ်။ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူး လေကွာ"

မပြောတော့ပါဘူး။ ကိုယ်ကလည်း ကိုယ့်အကြောင်းနဲ့ကိုယ်ပဲ လေ။

"ဟဲ့…သက်ထား"

"ဟင်…ဘာလဲ…အဋ္ဌလီ"

"နင်…ဟိုတစ်ယောက်ကို သိလား"





အဋ္ဌလီ မေးငေါ့ပြလိုက်တာသည် စစ်သည်ပါ။ ဟိုတစ်ခါ တွေ့ဖူးလိုက်ကတည်းက ဒီလူ ဝတ်တာစားတာ စမတ်ကျပြီး ချောသားလို့ တွေးခဲ့မိတာ။ သူနဲ့ပါလာတာက ကိုကို့ရဲ့ရည်းစားဟောင်း မွေးတဲ့။ သူတို့စကားထဲမှာ ဒီနာမည်ပါလို့ သူတို့ ထွက်သွားချိန်မှာ မေးတော့ ဟုတ်တယ်တဲ့လေ။

ဒါကြောင့်…

သူမတို့ရှေ့မှာ ရွဲ့သွားမှန်း သူတို့ထွက်သွားမှ သိလိုက်ရတာ။

"ကိုစစ်ကို ပြောတာလား"

"နာမည်အပြည့်အစုံက ဘာလဲ"

"ကောင်းစစ်သည်လေ…သူက နိုင်ငံခြားက ပြန်လာတာ မကြာသေးဘူးဟ…ငါ့လူ ကိုထိုက်ရဲ့ အချစ်ဆုံးသူငယ်ချင်းပေါ့။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး"

"ကောင်မနော်…မလှုပ်နဲ့…နင် စိတ်ဝင်စားသွားပြီမဟုတ် လား"

အဋ္ဌလီ ဘာမှမပြောဘဲ ရယ်နေလိုက်သည်။

"စိတ်ဝင်စားဖို့ကောင်းပေမယ့် မဝင်စားစမ်းပါနဲ့ အဋ္ဌလီရယ် သူက အခုထိ ဘယ်မိန်းကလေးကိုမှ ဂရုစိုက်တာမဟုတ်ဘူး ခင်တာတော့ ခင်တတ်ပါတယ်"

"ဝင်စားအောင် လုပ်လို့ရပါတယ်"

ဘယ်မိန်းကလေးကိုမှ ဂရုမစိုက်ဘူးတဲ့လား။ ဒါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မွေးဆိုတဲ့မိန်းမကို ဂရုစိုက်ခဲ့တာကရော။ ဟုတ်ပါပြီ…ဝေယံရှိန်ဆိုတဲ့ လူရှေ့မှာမို့လို့ အရွဲ့တိုက်ခဲ့တာပေါ့။ သေချာပါတယ်။ ဘာလို့လဲဆို သူ့ရဲ့ဂရုစိုက်မှုက လိုသည်ထက် ပိုနေတာပဲဥစ္စာ။

"နင်က ဘယ်လိုဝင်စားအောင်လုပ်မှာလဲ"

"သူနဲ့နင် သိရင် ငါနဲ့ မိတ်ဆက်ပေးလေ"

"အလာကြီးပါလား"

"လာလို့ပဲ ဒီရောက်လာတာပေါ့။ အဉ္ဇလီပါဟ…နင် ငါ့ အကြောင်း သိရဲ့သားနဲ့"

"သူက နင်တွဲဖူးတဲ့ ယောကျ်ားတွေလို မဟုတ်ဘူးနော် အဉ္ဇလီ"

"ဘာလဲ…သူက သူများထက်ထူးပြီး ဦးချိုပေါက်နေလို့လား"

"ကဲပါ…ခဏစောင့်…ငါ ကိုထိုက်ကို ပြောကြည့်ပေးမယ်"

ပြောပြီး သက်ထား ထသွားလေသည်။ သူငယ်ချင်းဆိုတော့ သက်ထား ဟင့်အင်းလုပ်ရမှာ မကောင်းတတ်လို့လေ။ ကိုထိုက်ဆီကို သွားပြီး 'ခဏ' ဟုဆိုကာ ခေါ်ပြီး သက်ထား ခပ်တိုးတိုးနဲ့ ဘာတွေ ပြောလိုက်တယ်မသိပါဘူး။ ကိုထိုက် ခေါင်းညိတ်ပြပြီး သက်ထားက အဉ္ဇလီဆီသို့ ပြန်လျှောက်လာကာ…

"လာ…အဉ္ဇလီ"

သက်ထား ကမ်းပေးတဲ့လက်ကို ဆုပ်ကိုင်ပြီး အဉ္ဇလီ လိုက်ပါ သွားလေတော့၏။ သူမ အကျွမ်းကျင်ဆုံး တတ်မြောက်ထားတဲ့အရာ က မာယာပဲလေ။





"စစ်ကြီး"

"ပြော"

"မင်းနဲ့ မိတ်ဆက်ပေးရဦးမယ်"

မင်းထိုက် ပြောပြီး ထိုင်ရာကနေ မော့ကြည့်လိုက်တဲ့လူကို စစ်သည်လည်း လိုက်မော့ကြည့်လိုက်တော့…

"ဟင်"

"ဒါ…သက်ထားရဲ့သူငယ်ချင်းလေ…နာမည်က အဉ္ဇလီတဲ့၊ ခုတ်ထား"

"သြော်"

"ဒါက ကိုယ့်သူငယ်ချင်း အဉ္ဇလီရဲ့…နာမည်က ကောင်းစစ် သည်တဲ့"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ကိုကောင်းစစ်သည်"

"ဝမ်းသာပါတယ်"

"ကိုကောင်းစစ်သည်ကို ကျွန်မ မြင်ဖူးသလိုပဲ…အင်း… ဘယ်နေရာမှာ မြင်ဖူးမှန်းတော့ မမှတ်မိဘူး"

"ဟုတ်မှာပေါ့"

ဒါ့အပြင် ဘာပြောစရာရှိလို့လဲ။ တကယ် မမှတ်မိတာလား၊ ဟန်ဆောင်မမှတ်မိတာလားတော့ မသိပါဘူး။ ကိုယ်ကတော့ ကောင်းကောင်းမှတ်မိနေပါသည်။ ဘာလို့မှတ်မိလဲဆို မွေးချစ်သူကို လုယူသွားတဲ့မိန်းကလေး ဖြစ်နေလို့ပေါ့။

"အဉ္ဇလီကိုလည်း သက်ထားကိုခင်သလို ခင်လို့ရပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သက်ထားကို ခင်သလိုလား"

"အင်းလေ"

"ရပါတယ်"

မြန်မာစကားရှုပ်တယ်ဆိုတဲ့အတိုင်း စစ်သည်ရဲ့ ရပါတယ်ဆိုတဲ့ စကားကို ဘေးလူတွေ ဘယ်လိုအဓိပ္ပာယ်ကောက်ကြမည်တော့ မသိပေ။ သူကတော့ သက်ထားကို ခင်သလိုခင်ဖို့ ရတယ်လို့ ပြောလိုက်တာပါ။ သက်ထားက ကိုယ့်အချစ်ဆုံးသူငယ်ချင်းရဲ့ချစ်သူဆိုတာ မှန်ပါတယ်။

ဒါပေမယ့်····

ဒီလောက်ရင်းနှီးတာမှ မဟုတ်တာ။ တွေ့ရင်ခေါ်မယ်၊ နှုတ်ဆက်ပြုံးပြ ဖြစ်တယ်။ ဒါလောက်ပါပဲ။ ဒီထက်မှ ပိုပြီး မရင်းနှီးခဲ့တာလေ။ သက်ထားကို ခင်တဲ့အတိုင်းဆိုမှတော့ ရင်းနှီးပတ်သက်မှုမှ မရှိတာ၊ ရတာပေါ့။

"ဒါဆို တို့ကို သွားခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ"

အဋ္ဌလီ ထွက်သွားပြီးတဲ့နောက်မှာတော့ နိုင်ကိုဦးက စစ်သည်ရှေ့သို့ မျက်နှာတိုးလာကာ···

"သတိတော့ထားနော် သူငယ်ချင်း"

"ရပါတယ်···ငါက အချဉ်မှမဟုတ်တာ"

"မင်းက အချဉ်မဟုတ်ပေမယ့် သူက အချိုကျွေးပြီး ဖမ်းတတ်တယ်ကွ"





"ဟုတ်မှာပါ···မွေးရဲ့လူတောင် ရှန်းမထွက်နိုင်ဖြစ်နေတာလေ။ အဲဒီအတွက်တော့ သူ့ကို ကျေးဇူးတင်ရမှာကွ"

"အေး···ဒါတော့ဟုတ်တယ်။ ကျေးဇူးရှင်ဆိုပြီး ထိုင်ကန်တော့ဖို့ကောင်းတာ"

စစ်သည်စကားကို ကိုဆန်းဝင်းကိုက ထောက်ခံလေလျှင်··

"ငှက်ပျောပွဲ၊ အုန်းပွဲနဲ့လား"

"ကန်တော့ပွဲမှာ တစ်သောင်းတန်တွေ တစ်ထပ်လောက် ညှပ်ထည့်ရင် ပိုကောင်းတယ်"

"ဟား···ဟား···ဟား···ဟား"

သူငယ်ချင်းတွေ ဝိုင်းရယ်မိကြလေ၏။ မင်းထိုက်က အဋ္ဌလီအကြောင်းကို ပိုသိသူလေ။ ကိုယ့်ချစ်သူရဲ့သူငယ်ချင်းအကြောင်း မသိဘဲနေပါ့မလား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

ဝေယံရှိန်၊ မျိုးဇော်နဲ့ ဝေမိုးဦးတို့သုံးယောက် စားသောက်ဆိုင်ထဲသို့ ဝင်ခဲ့ကြပြီး မီနူးကဒ်ကို ကြည့်ပြီး ဝေမိုးဦးကပဲ မှာလေသည်မှာ

"ကြက်ကုန်းဘောင်တစ်ပွဲ၊ မှိုကန်စွန်းရယ် ကြက်ချိုချဉ်ရယ် ငါးခေါင်းဟင်းရည်ကတစ်ပွဲ…ထမင်းသုံးပွဲနဲ့ ရေသန့်က တစ်ဗူး"

"ဟုတ်ကဲ့"

"မြန်မြန်လေး လုပ်ပါနော်…ဗိုက်ကဆာနေပြီ"

"ဟုတ်ကဲ့ပါ"

ဝိတ်တာလေး ပြန်ထွက်သွားပြီးနောက် စကားမပြောဖြစ်ကြသေးဘဲ ဝေယံရှိန်က စားပွဲကို လက်ညှိုးနှင့် တဒေါက်ဒေါက် ခေါက်နေလေလျှင်…





"ဟော့ကောင်"

"ဟင်"

"အဲဒါ…ဘာလုပ်နေတာလဲ…နားငြီးရငြီးနဲ့"

ဝေမိုးဦးပြောမှပဲ လက်က ငြိမ်သက်သွားလေသည်။ ပြီးရယ်စရာတွေပြောကြရင်းပဲ မှာထားတာတွေရောက်လာတော့ စကားတပြောပြောနှင့်ပဲ စားနေကြရာ မျိုးဇော်အကြည့်က ဆိုင်ထဲသို့ ဝင်လာတဲ့စုံတွဲတစ်တွဲဆီ ရောက်သွားလေတော့…

"ဟင်"

အဠလီပါလား။ လူတစ်ယောက်နဲ့ လက်ချင်းချိတ်လို့။

ဝေယံရှိန်မြင်ရင် ဘာဖြစ်နိုင်မလဲတွေးပြီး မျက်နှာပျက်သွားမိလေသည်။ သူက အဠလီနဲ့ပတ်သက်ပြီး ဝေယံရှိန်ကို မြှောက်ပေးနေတဲ့သူ။ ဝေမိုးဦးမြင်ရင်လည်း ကိုယ့်ကိုကောမှာ။ အဠလီ ရည်းစားများမှန်းသိပေမယ့် ဝေယံရှိန်နဲ့မှာ ခြေငြိမ်သွားမယ်လို့ ထင်ခဲ့တာ မှားပြီ။

ဝေမိုးဦးမြင်ရင် ပိုဆိုးမှာ…

သူက အဠလီကို ကြည့်ရတဲ့ကောင် မဟုတ်ဘူးလေ။ အခုဒီလိုဆိုတော့…

"ဟာ…ဝေယံရှိန်"

"ဘာလဲကွ"

"ဟိုမှာ မင်းရဲ့အဠလီမဟုတ်လား"

ဝေယံရှိန် လှည့်ကြည့်ပြီး…

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဘုရား…ဘုရား…မမြင်ပါစေနဲ့လို့ ဆုတောင်းနေရင်းက မြင်သွားပြီ။ ဖြစ်နိုင်ရင် ကိုယ့်မှာ တန်ခိုးစွမ်းအားတွေရှိနေလို့ကတော့ အဋ္ဌလီတို့နှစ်ယောက်ကို တန်ခိုးနဲ့ ကွယ်ထားချင်လိုက်တာ။

ဝေယံရှိန်…

သူ့ကိုတောင်မမြင်ဘဲ အခြားတစ်ယောက်နဲ့ အကြည်ဆိုက်နေတဲ့ အဋ္ဌလီကို ခပ်စူးစူးကြည့်ပြီး ထသွားလေတော့…

"ဟာ…ဟော့ကောင်"

တားတာပင် မရလိုက်ပေ။

"အဋ္ဌလီ"

"ဟင်"

သူ့ကိုမြင်သွားတော့ အဋ္ဌလီမျက်နှာ ပျက်သွားလေ၏။ အဋ္ဌလီနဲ့ တွဲလာတဲ့ကောင်ကို ကြည့်လိုက်တော့ တစ်ခါက အဋ္ဌလီ ဖုန်းထဲက ဓာတ်ပုံဖိုင်ထဲမှာ တွေ့ရတဲ့ကောင်။ မှတ်ဉာဏ်ကောင်းတဲ့ ဝေယံရှိန် ဒီမျက်နှာကို သိနေတာပေါ့။ ဒါကြောင့်…

"အဋ္ဌလီ့မောင်ဝမ်းကွဲပါလား…မလေးရှားက ပြန်ရောက်နေတာကြာပြီလား"

"ဗျာ"

"အဋ္ဌလီ…မင်းရဲ့မောင်လေးနဲ့ ကိုကို့ကို မိတ်ဆက်ပေးဦးလေ"

ပြောရင်း ဝေယံရှိန် ခုံတစ်လုံးဆွဲပြီး အဋ္ဌလီဘေးမှာ ဝင်ထိုင်လိုက်၏။ မျိုးဇော်နဲ့ဝေမိုးဦးကတော့ ပွဲကြည့်ပရိသတ်ပေါ့လေ။





"ဟိုလေ"

အဋ္ဌလီ ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ…

"အစ်ကို ဘာမြောတာလဲ မသိဘူး။ လူမှားနေပြီထင်တယ်။ ကျွန်တော် ဘယ်တုန်းကမှ မလေးရှား မသွားပါဘူး။ ပြီးတော့ အဋ္ဌလီနဲ့ကျွန်တော်ကလည်း မောင်နှမဝမ်းကွဲ မဟုတ်ပါဘူး ချစ်သူတွေပါ"

"ဩော်"

ဩော်သံနှင့်အတူ ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားလေ၏။ အဋ္ဌလီကို ကြည့်လိုက်တော့…

"ဟုတ်တယ် ကိုဝေယံရှိန်…ဓာနည်နဲ့ကျွန်မက ချစ်သူတွေပါ။ အခုမှမဟုတ်ဘူး…ရှင်နဲ့ မတွေ့ခင်ကတည်းက ချစ်သူတွေဖြစ်ခဲ့ကြတာ"

စိတ်ထဲမှာ တင်းသွားပေမယ့် ဝေယံရှိန် ထိန်းထားလိုက်ပါတယ်။ ဘာလို့လဲဆို ဓာနည်ဆိုတဲ့ကောင်မှာ အပြစ်မှမရှိတာ။ သူလည်း ကိုယ့်လို အညာခံနေရမှာပဲပေါ့။ အပြစ်ရှိတာက ညာခဲ့တဲ့ အဋ္ဌလီနဲ့သူ့ကိုမှ ချစ်မိတဲ့ကိုယ်ပဲလေ။ သံသယစိတ်တွေဝင်ခဲ့ပေမယ့် အချစ်နဲ့ဖုံးကွယ်ပြီး ခွင့်လွှတ်နားလည်ပေးခဲ့တာကိုယ်…။

မွေး…

မောင်…မွေးရဲ့သစ္စာတွေ အစူးခံနေရပြီ မွေးရေ…သစ္စာရှိတဲ့ မွေးအပေါ် သစ္စာမဲ့ခဲ့မိလို့ အခု ကိုယ့်အပေါ် သစ္စာဖောက်တဲ့သူနဲ့ တွေ့ရတာ။ ကိုယ်ကတော့ ချစ်တဲ့စိတ်နဲ့ သူခိုင်းတိုင်းလုပ်ရတာ အစေကြီးတစ်ယောက်လို။ ဖုန်းဘေဖြည့်ပေးဦးဆို ဖြည့်ပေးရ၊ ဘာညာ



www.burmeseclassic.com

www.burmeseclassic.com



လိုချင်တယ် ဝယ်ပေးပါဆို ဝယ်ပေးရနဲ့လေ။

ကိုယ် အရွှးလုပ်ခံရလို့ ခံရမှန်းမသိ…

သူမရဲ့စကားလုံးချိုချိုလေးတွေကြားမှာ ပျော်ဝင်ခဲ့မိတာ။ ဖွတ်ခေါင်းကို မြင်နေရတာတောင် မမြင်ချင်ယောင်ဆောင်ပြီး ဆက်ဦးချနေမိတာ ကိုယ်ပါပဲ။ အခုရော ဘာဆက်လုပ်ရမလဲ။

"အခု…အမှန်တရားကို ရှင် သိပြီမဟုတ်လား။ နေတတ်အောင်သာ နေလိုက်ပါတော့"

"ဘာ"

"အဲ့လီ…မင်း ဘာတွေပြောနေတာလဲ။ ဒီအစ်ကိုက ဘယ်သူလဲ"

အဲ့လီ နှုတ်ခမ်းကို တင်းတင်းစေ့လိုက်မိ၏။ ခုမှတော့ မထူးတော့ပါဘူး။ ထားခဲ့သမျှ ရည်းစားအားလုံးကို အခုချိန်မှာ အဲ့လီက အမှုဝေချင်နေတာလေ။ အခုလောလောဆယ် သူမနှလုံးသားထဲမှာ အထပ်ထပ်မြင်နေတဲ့သူသည် ကောင်းစစ်သည်ဆိုတဲ့လူ။ အရင်လူတွေတုန်းက ကိုယ်က ဇာတ်လမ်းစခဲ့တာ မရှိဘူးလေ။

သူတို့လာစလို့ ကိုယ်ပတ်သက်မိတာ။

အခုကျတော့ ကိုယ့်ကို ဂရုမစိုက်တဲ့သူကိုမှ ကိုယ်က စပြီးပတ်သက်ချင်နေမိသည်။ သူ့ပုံရိပ်တွေက စားစားသွားသွား ရင်ထဲမှာ အထပ်ထပ်ပါပဲ။

ဒီတော့…

"နင့်လိုပဲ ဇာနည်…သူလည်း ငါ့ရဲ့ရည်းစားဆိုတာထဲက





တစ်ယောက်ပေါ့။ ငါ ဒီနေ့ကစပြီး ဘယ်သူ့ကိုမှ မညာတော့ဘူး။ ကျေနပ်ရင် မကျေနပ်တဲ့သူ ကြိုက်တဲ့လမ်းလျှောက်ကြ"

"မင်းက ဒီလိုလား အဲ့လီ"

မတ်တတ်ရပ်ပြီး ပြောလိုက်သူက ဇာနည်ပါ။

"ဟုတ်တယ်"

"ကောင်းပြီလေ…ဒါဆို မင်းနဲ့ငါ့ဇာတ်လမ်းကို အဆုံးသတ်ကြတာပေါ့။ လောကမှာ မင်းတစ်ယောက်တည်း မိန်းမရှိတာမှ မဟုတ်တာ။ မင်းအချိုးတွေကို ငါ သိတော့သိနေခဲ့ပါတယ်။ ဒါပေမယ့် ငါ့ကို တကယ်ချစ်တာဆိုရင် ပြုပြင်မလားလို့ ကြည့်နေခဲ့တာ။ ခုတော့ ပြီးပြီပေါ့"

"သဘောပဲ"

ဇာနည် ထွက်သွားပြီးနောက် ဝေယံမိုးက ဆက်ထိုင်နေဆဲပါ။ ဪ…သူက နောက်တစ်ယောက် ထပ်မပြောင်းချင်တော့သူဆိုတော့ ပြုပြင်ကြည့်ရဦးမှာပေါ့။

ဪ…သစ္စာဆိုတာ တကယ်ရှူးလေရှာသလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"ထိုး"

"နင် အရင်ထိုးပါ"

"သြော်…နင်က မိန်းကလေးမို့လို့ ဦးစားပေးတာကို နင် အရင်ထိုးစမ်းပါ။ အနိုင်အရှုံးကတော့ အလကားဆို ပျင်းဖို့ကောင်းတယ်။ အလောင်းအစားတစ်ခုခုကြေးပေါ့"

မွေး တွေကာနဲ ဖြစ်သွားပြီးမှ…

"ကောင်းသားပဲ…ဘာကြေးလဲ၊ နင် သတ်မှတ်လေ"

"အင်း"

ဘာကြေးလဲဆိုတော့ စစ်သည် စဉ်းစားနေဟန်ရှိသည်။ သူတို့ နှစ်ယောက်က ငယ်ငယ်ကတည်းက ပျင်းရင် ဒီလိုပဲ ကျားကွက်ရွှေ့





တမ်းကစားကြတာလေ။ အိုးမည်းသုတ်ကြေးပေါ့။ တစ်ခါတလေကျတော့ ဘာလုပ်ပေးကြေး၊ ညာလုပ်ပေးကြေးဆိုတာတွေ ရှိသည်လေ။ အခု ဘာကြေးလောင်းကြမလဲ။

"အင်းဆိုရင် ပြောလေ…ဘာကြေးလဲ"

"ငါ ရှုံးသွားရင် နင် တောင်းဆိုချင်တာ တောင်းဆိုလေ။ ငါ လိုက်လျောမယ်။ နင် ရှုံးသွားရင်တော့…"

"ဘာဖြစ်လဲ"

"ငါ စကားသုံးခွန်းပဲပြောမယ်။ နင် စိတ်မဆိုးနဲ့"

"အမယ်လေး…စကားလေးသုံးခွန်းပြောဖို့များ ကြီးကြီးကျယ်ကျယ်လုပ်လို့…အိုကေလေ…ကတိ"

"ဒါဆို စမယ်"

"အင်း…တိုးပြီ"

သူတို့သတ်မှတ်ထားတဲ့ အနိုင်အရှုံးကို သူတို့ သိပြီးသားလေ။ အရင်ကတည်းက ကစားနေကျကိုး။ သုံးပွဲကစားလို့ နှစ်ပွဲနိုင်တဲ့သူက အနိုင်ပဲလေ။

"ငါက မကစားတာကြာပြီဟ…နင် နိုင်ငံခြားကိုသွားကတည်းကပဲ"

"ငါလည်း အတူတူပါပဲ။ မကစားတာ နိုင်ငံခြားသွားကတည်းက"

"ဟုတ်လို့လား"

"သြော်…ဟုတ်ပါတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ…တိုး"

နှစ်ယောက်သား ကျားကွက်ရွှေ့ကြတာ ပထမတစ်ပွဲမှာ စစ်သည် နိုင်လေသည်။ ဒုတိယပွဲလည်း စစ်သည် နိုင်တာပါပဲ။ ထို့ကြောင့် မွေး သက်ပြင်းလေးချလိုက်ပြီး…

"ရှုံးနေပြီပဲဟာ…နောက်တစ်ပွဲ မကစားတော့ပါဘူး… ဟူး… ကိုယ့်ကိုယ်ကိုယ် တော်တော်စိတ်ပျက်တာပဲ"

"ကိုယ်ညံ့တာ ကိုယ်ဝန်ခံလေ"

"ဝန်ခံပါတယ်"

ခပ်ဆောင့်ဆောင့်လေးပြောတော့ စစ်သည်က ရယ်လေသည်။ ဘယ်သူမဆို ကိုယ်ပဲ သူများထက်တော်ချင်တဲ့ အစွဲတော့ ရှိတာပေါ့။

"ကဲ…ပြော…နင် ဘာပြောမှာလဲ"

"အခုမပြောသေးပါဘူး…နောက်မှ"

"ခုပြောတော့ ဘာဖြစ်လို့လဲ"

"အချိန်မတန်လို့တော့ မဟုတ်သေးဘူး။ နင့်ဝေဒနာတွေ အနည်ထိုင်လို့ အိပ်မက်ကနေ လန့်နိုးတဲ့နေ့မှ ငါ ပြောမယ်"

"နင့်စကားက ဘာစကားမို့လို့လဲ"

"ပြောတဲ့အချိန်သိရမှာပေါ့"

မွေး မဲ့ကာနဲ့ဖြစ်ပြီး မျက်နှာလွှဲသွားပြီးမှ တစ်ခုခုကို သတိရပြီး စစ်သည်ကို ခပ်တွေတွေ ပြန်လှည့်ကြည့်မိ၏။ သူ ဒီစကားတွေကို ဘာအဓိပ္ပာယ်နဲ့ပြောတာလဲ။ စကားက အဓိပ္ပာယ်အမျိုးမျိုး တွေးယူလို့





ရတယ်လေ။ ရိုးရိုးသားသားစကားလား။ မရိုးမသားစကားလား။

တကယ်လို့များ…

မရိုးမသားပြောလာခဲ့ရင် မွေး ဘယ်လိုလုပ်ရမလဲ။ အဲဒီအချိန်မှာ ဖြေဖို့အတွက် အဖြေတစ်ခုကို ကြိုတင်ပြီး စဉ်းစားထားရမလား။ အခုမဟုတ်လို့ တော်သေးတာပေါ့။ စစ်သည်ကို မွေး သံယောဇဉ် ရှိပါသည်။ ငယ်သံယောဇဉ်က ခိုင်ခိုင်မာမာပဲလေ။

"မွေး"

"ဟင်"

"မင်းထိုက်မွေးနေ့တုန်းက ငါ ဘယ်သူနဲ့ တွေ့ခဲ့လဲ နင် သိလား"

"မသိဘူးလေ…နင် မပြောဘဲနဲ့ ငါက ဘယ်လိုလုပ်ပြီး သိမှာလဲ။ ဘယ်သူနဲ့ တွေ့ခဲ့တာလဲ…ပြောပါဦး…ဝေယံရှိန်နဲ့လား"

"မဟုတ်ပါဘူး"

"ဒါဆို…"

"အဥ္ဇလီနဲ့ တွေ့ခဲ့တာ"

"ဩော်"

စစ်သည် ဖြစ်ခဲ့ပြောခဲ့သမျှကို တွေးမိပြီး လွှန့်ကာနဲ ပြုံးလိုက်မိ၏။ ပြီးမှ…

"သူက ငါနဲ့ လာမိတ်ဆက်တယ်။ မင်းထိုက်ရဲ့ချစ်သူ သက်ထားကို ခင်သလိုမျိုး သူ့ကိုလည်း ခင်ပါတဲ့။ တော်တော်မျက်နှာပြောင်တဲ့ မိန်းမပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား…နင်က ဘာပြန်ပြောလိုက်လဲ"

"ရပါတယ်လို့ ပြောလိုက်တာပေါ့"

"ဟင်"

"သူပြောတာက သက်ထားကို ခင်သလိုမျိုး သူ့ကိုခင်ဖို့ ပြောတာလေ။ သက်ထားနဲ့ငါက သိပ်မှမရင်းနှီးတာကို"

အင်း…ဒါလည်း ဟုတ်တာပါပဲ။ ဘယ်လိုရေစက်ကြောင့်လဲတော့ မသိပါဘူး။ ဟိုဘဝက မွေးအပေါ် သူ ဘယ်လိုအကြွေးတွေတင်ခဲ့လို့လဲ။ မွေးနဲ့ပတ်သက်တဲ့လူတွေကိုမှ သူ ဘာလို့ လိုက်ပြီး ပတ်သက်ချင်နေရတာလဲ။ မွေးချစ်သူကို သူ လုယူခဲ့ပြီးပြီလေ…တော်ရောပေါ့။

အခု…

မွေးရဲ့သူငယ်ချင်းကို ထပ်ပြီး ဘာလို့ ပတ်သက်ချင်ရတာလဲ။

"မျက်နှာရော အပြောရောက တကယ်ချိုတာပဲ။ အဲဒါကြောင့် နင့်လူ ပစ်ကျသွားတာထင်တယ်"

"ငါ့လူလို့ မပြောစမ်းပါနဲ့…အခု ဟုတ်မှမဟုတ်တော့တာ။ အဲဒီအဋ္ဌလီ့လူ ဖြစ်နေပြီလေ"

"သြော်…အေး…ဟုတ်သားပဲ။ သူက နင့်လူမှ မဟုတ်တော့တာ"

စကားကိုပြောတာ ကတ်ဖိုးကတ်ဖဲ့ပါ။ ဟုတ်တော့လည်း ဟုတ်နေတာပဲလေ။ သူနဲ့မဆိုင်တော့ဘူးဆိုမှတော့ သူ့လူ ဘယ်ဟုတ်တော့မှာလဲ။ နှစ်ယောက်သား ပြောပြီး ရယ်လိုက်မိကြစဉ်မှာပဲ စစ်သည်ရဲ့





ဖုန်းက အသံမြည်လာသဖြင့် စစ်သည် ဖုန်းကိုင်လိုက်တော့ ပေါ်လာသောနံပါတ်သည် သူ တစ်ခါမှ မမြင်ဖူးသောဖုန်းနံပါတ်ပါ။

ဘယ်သူပါလိမ့်…

ဘယ်သူပဲဖြစ်ဖြစ် ကိုယ့်ဖုန်းထဲဝင်လာမှတော့ နားထောင်ရတော့မှာပေါ့။ ကိုယ်နဲ့ဆိုင်လို့ ကိုယ့်ကိုဆက်တာပဲလေ။

"ဟဲလို…အမိန့်ရှိပါခင်ဗျာ"

"အခုပြောနေတာ ကောင်းစစ်သည်လား"

"ဟုတ်ပါတယ်ခင်ဗျာ…အခုပြောနေတာ ဘယ်သူလဲခင်ဗျ"

စစ်သည် မေးလိုက်တော့ တစ်ဖက်မှ ရယ်သံထွက်လာလေ၏။ သူပြောတဲ့စကားထဲမှာ ဘာများရယ်စရာပါလို့လဲ။

"စစ်သည်အသံလေးက နားထောင်လို့ကောင်းလိုက်တာ…အသံက ချိုနေတာပဲ"

"ချိုဆို…သကာရည်တွေပဲ နေ့တိုင်းစားနေတာပါ"

ဝင်ပြောလိုက်သူက မွေးပါ။ မွေးပြောတာကို စစ်သည် မကျေနပ်မဖြစ်မိပေ။ တစ်ဖက်က ပြောနေတာ ဘယ်သူမှန်းမသိ၊ ဘယ်ဝါမှန်းမသိနဲ့ ချိုတာခါးတာတွေက စလာတာလေ။

"စစ်သည်အနားမှာ ဘယ်သူရှိနေတာလဲဟင်"

"မင်း ဘယ်သူလဲဆိုတာကိုပဲ အရင်ပြောပါ"

"အဋ္ဌလီပါ စစ်သည်ရဲ့"

"အဋ္ဌလီ"

"ဟုတ်တယ်လေ…စစ်သည်နဲ့ခင်ချင်လို့ ဖုန်းနံပါတ်ရဖို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းလိုက်ရတယ်။ အဋ္ဌလီ…မတော်ဘူးလား"

"တော်ပါတယ်…မင်း သိပ်တော်တယ်"

အဋ္ဌလီတဲ့။ တော်တော်မျက်နှာပြောင်တဲ့ မိန်းကလေးပါလား။ မိန်းကလေးက ယောကျ်ားလေးဖုန်းနံပါတ်ကို စုံစမ်းပြီး ဆက်သွယ်ရတယ်လို့။

"ပြောပါဦး…စစ်သည်ဘေးမှာ ဘယ်သူရှိနေတာလဲ"

စစ်သည် မွေးကို ကြည့်လိုက်ကာ…

"ကျွန်တော့်ချစ်သူပါ"

"ဩော်"

"မင်း နှောင့်ယှက်သလိုဖြစ်နေပြီနော်။ တစ်ဆိတ်သိတတ်ဖို့ ကောင်းပါတယ်"

အဋ္ဌလီက စစ်သည်ပြောတာကို ဂရုမစိုက်သည့်အလားနှယ်။

"စစ်သည်ရဲ့ချစ်သူဆိုတော့ မွေးပေါ့နော်"

"မင်း သိနေတာပဲ"

"စစ်သည် သူ့ကို တော်တော်ချစ်ပုံရတယ်နော်"

"ဟုတ်တယ်…ချစ်တယ်…ချစ်တာမှ အရမ်းကိုချစ်တာ။ သူ့အတွက် လိုအပ်လာရင် ငါ့အသွေး ငါ့အသားတွေပါ ပုံအပ်ပေးဆပ်နိုင်လောက်အောင်ကို ချစ်တာ"

"ဩော်"

စစ်သည် မကောင်းတတ်လို့ ဆက်ပြောနေရပေမယ့် စိတ်ပျက်ဖို့ကောင်းလိုက်တာ။ သူ့အကြောင်း တစ်ပြားသားမှမပါဘဲ စပ်စုနေ





လိုက်တာ အင်တာဗျူးနေတဲ့အတိုင်းပဲလေ။ မွေးကလည်း အဋ္ဌလီဆိုတာနှင့် နှုတ်ခမ်းလေး တင်းတင်းစေ့ပြီး ငြိမ်သက်၍ နားထောင်နေလေသည်။

"မွေးကို အားကျလိုက်တာ"

"ဘာ"

"ပေး"

"ဟင်"

မွေး…စစ်သည်လက်ထဲက ဖုန်းကို လှမ်းယူလိုက်၏။ ဒီမိန်းမ တော်တော်အရှက်ကင်းမဲ့နေသလား မသိပေ။

"နင်က ငါ့ကို အားကျတယ်ဟုတ်လား"

"မွေးလား"

"ဟုတ်တယ်"

အသံမှာဆတ်ဆတ်က မလိုလားမှန်း သိသာစွာ။ အဋ္ဌလီကလည်း ဘာကိုမှ မမှုတတ်သူမို့…

"အင်း…နင့်ကို ငါ အားကျမိတယ်လေ…ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး။ နင် ငါ့ကို အားကျလို့ ဝေယံရှိန်တုန်းကလည်း နင် သိမ်းသွင်းခဲ့ပြီးပြီလေ။ အခု စစ်သည်ကိုရော ဘာသဘောနဲ့ ဆက်သွယ်တာလဲ"

"ခင်ချင်လို့ပါ"

"မင်း ခင်ချင်တိုင်း ငါ ပြန်ခင်လိမ့်မယ်လို့ မထင်နဲ့ အဋ္ဌလီ အေးအေးဆေးဆေး နေစမ်းပါ…ဒီမှာ သူများချစ်သူတွေ ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာနော်…မနှောင့်ယှက်ပါနဲ့"

"ဒါဆို…ဘိုင်နော်…နောက်မှ ထပ်ဆက်မယ်"

"ဘာမှဆက်စရာမလိုဘူး…ဒီမှာ"

"ထို"

"ဟာ…တောက်"

စကားတောင်ဆုံးအောင် မပြောလိုက်ရဘဲ တစ်ဖက်က ဖုန်းချသွားလေတော့ စစ်သည် ဒေါသဖြစ်ပြီး တက်ခေါက်မိလိုက်သည်။ ဘာတွေ ဖယားလာရှုပ်မှန်း မသိပါဘူး။

"စစ်သည်"

"ဟင်"

"နင် သတိထားမှဖြစ်တော့မယ်နော်…သူ့ကို လျှော့မတွက်နဲ့။ နင့်ကို ထပ်ပြီးဆက်သွယ်မှာ ကျိန်းသေတယ်"

"ငါ မအပါဘူး…လူကို ဝေယံရှိန်များ မှတ်နေလား။ ငါက နင်ကလွဲပြီး…"

စစ်သည် လွတ်ကနဲထွက်ပြီးမှ ကိုယ့်စကားကို အချိန်မီ ဘရိတ်ပြန်အုပ်လိုက်ရ၏။ ပွဲလန့်တုန်းဖျာခင်းတယ်လို့ ကိုယ်က အပြောမှ မခံနိုင်ပဲလေ။

"ငါ…သူ့ဖုန်းကို Block ချပစ်မှာ"





# အခန်း (၁၄)

အစ္စလီ၊ ဇာနည်နဲ့ ဇာတ်လမ်းက ပြီးသွားပြီဖြစ်ပြီး ဝေယံရှိန်နဲ့က ဇာတ်လမ်းမပြတ်နိုင်သေးပေ။ မပြတ်ဆို ဝေယံရှိန်က အစ္စလီ လက်ညှိုးညွှန်ရာ ဖြစ်စေသတည်းပုံစံမျိုးနဲ့ တွယ်ကပ်နေတာလေ။ ဖြစ်နိုင်ရင် အစ္စလီက ပြတ်သွားစေချင်တာ။ အချစ်ဆိုတာ ဘာကိုခေါ်ပါသလဲ။

သူမ…

စတင်ပြီး ရှည်းစားထားတတ်ကတည်းက စိတ်သည် တည်ငြိမ်မှုမရှိခဲ့ပေ။ ဟိုလူက သာနိုးနိုး၊ ဒီလူက သာနိုးနိုးနဲ့ စုံတော့စုံနေခဲ့တာပါပဲ။ အခု ကောင်းစစ်သည်ကို တွေ့ပြီးကတည်းက ဘယ်ယောကျ်ားကိုမှ အထင်ကြီးလို့ မရတော့ပေ။ ကောင်းစစ်သည်သာလျှင် လောကမှာ အတော့်တယ်ဆုံးယောကျ်ားလို့ ထင်မိတာကို အချစ်လို့ခေါ်သလား။



www.burmeseclassic.com

www.burmeseclassic.com



"အဥ္ဇလီ"

"ဟင်"

"အဥ္ဇလီဖုန်းထဲမှာ ဘေရှိသေးလား"

"ရှိပါတယ်"

"ဒီတစ်ခါ ကြာပြီနော်...ဘာလဲ မသုံးတော့ဘူးလား"

"အင်း...သုံးချင်စိတ်မရှိလို့ မသုံးတော့ပါဘူး"

ဝေယံရှိန်...အဥ္ဇလီပခုံးလေးကို ဖက်လိုက်ရင်း...

"ကိုကို့ချစ်သူလေးက လိမ္မာသွားပြီပဲ။ အဲဒီလို မသုံးတော့ဘူး ဆိုတော့ ကိုကို အရမ်းဝမ်းသာတယ်...သိလား"

"ဘာလဲ...ဘေဖြည့်ပေးရမှာစိုးလို့လား"

"မဟုတ်ပါဘူး အဥ္ဇလီရဲ့...ဘေဖြည့်ပေးရတာကို ငြီးငြင်တာ မဟုတ်ဘူးလေ။ ဘယ်သူနဲ့မှ မဆက်သွယ်တော့ဘဲ ကိုကို့တစ်ယောက်တည်းကိုပဲ ဆက်ချစ်နေမယ်ဆိုရင် ကိုကိုက ကျေနပ်တာပေါ့"

"ကိုကို"

"ဟင်"

"အဥ္ဇလီကို စိတ်မပျက်ဘူးလား"

ဝေယံရှိန် လွန်းကနဲ ပြုံးလိုက်မိ၏။ မေးမှမေးတတ်လေတယ်။ သူလည်း စိတ်နဲ့ပဲဟာ။ အခြေအနေအရပ်ရပ်အပေါ် မူတည်ပြီး စိတ်ပျက်တာပေါ့။ အရင်က ချစ်တဲ့စိတ်ဆိုတာထက် အခု သူ နောင်တတွေနှင့်အတူ ကိုယ့်အပေါ် သစ္စာရှိစွာနဲ့ သည်းခံခွင့်လွှတ်တတ်ခဲ့သော မွေးကိုပဲ သတိရနေမိ၏။





တကယ်ပဲ သူ မွေးရဲ့သစ္စာတွေ စူးနေပြီလား။

ကိုယ်က ယောက်ျားလေးဆိုပေမယ့် မျက်နှာထက်မပြောင်းချင်ဘော့ဘူးလေ။ ပြီးတော့ မွေး သိသွားရင် လှောင်စရာဖြစ်သွားမှာ စိုးတာပါ။ တခဏ် သာယာခဲ့ပြီး အခုရင်ထဲမှာက မွေးပုံရိပ်၊ မွေးရဲ့ ဂရုစိုက်မှုတွေကို တမ်းတနေမိပြီ။ သေချာပါတယ်။ သူ အခုကျတော့ မွေးကို မပြတ်နိုင်ဘူးဆိုတာလေ။

ဒါပေမယ့်...

သူ့ဘဝလေးနဲ့သူ သာယာပါစေတော့။ ကိုယ်ကတော့ ကိုယ့်အပြစ်နဲ့ကိုယ်ပေါ့လေ။

"ပြောလေ ကိုကို"

"ကိုကို မင်းကို စိတ်မပျက်ချင်ဘူး အဥ္ဇလီ...အဲဒါဘာကြောင့်လဲဆိုရင် တစ်ဦးတစ်ယောက်ရဲ့ရင်ထဲမှာ သူ့သစ္စာတွေ စူးတယ်လို့ ထင်သွားမှာစိုးလို့ပါ"

"မွေးလား"

"ဟုတ်တယ်"

"ဟွန်း"

အဥ္ဇလီ နှုတ်ခမ်းလေး မဲ့ကနဲ ဖြစ်သွားလေ၏။ ကိုယ်က စိတ်ပျက်စေချင်နေတာမို့ သူ မွေးဘက်ကို စိတ်ပြန်လည်သွားလည်း ဝမ်းမနည်းပါဘူး။ သူ့မှာ လွတ်လပ်ခွင့်ရှိသလို ကိုယ့်မှာလည်း လွတ်လပ်ခွင့်ရှိသည်ပဲလေ။

"စိတ်ပျက်မယ်ဆိုလည်း အဥ္ဇလီက ဝမ်းမနည်းပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဋ္ဌလီ"

"ဟင်"

'ဟင်'ဆိုတဲ့အသံက အဋ္ဌလီ ထူးလိုက်တာမဟုတ်ပေ။ တစ်ယောက်ယောက်ကို မြင်လိုက်လို့ အာမေဋိတ်သံ ထွက်သွားတာလေ။ ကောင်းစစ်သည်…တစ်ယောက်ယောက်ကို ရပ်စောင့်နေတာ ထင်ပါရဲ့။ ဇီးရောင်မျက်မှန်နှင့် စီးကရက်ကို ပစ်ချပြီး ဖိနပ်ဦးနှင့် ဖိချေနေပုံက မင်းသားတစ်ပါးလို ကြည့်ကောင်းနေသည်လေ။

အဋ္ဌလီ…

အနားမှာ ဝေယံရှိန်ရှိနေတာကို ဂရုမစိုက်နိုင်ဘဲ ထသွားလေလျှင်

"အဋ္ဌလီ"

အဋ္ဌလီ ခေါ်တဲ့သူကို ဂရုမစိုက်နိုင်ပါဘူး။ စစ်သည် ရပ်နေတဲ့နေရာကိုသာ အရောက်သွားပြီး…

"စစ်သည်"

"………"

"စစ်သည်"

သူမမှာသာ အပြုံးတွေဝေနေပေမယ့် စစ်သည် ပြန်ကြည့်ပုံကတော့ ရှုတည်တည်။

"တစ်ယောက်တည်းလားဟင်…ဘယ်သူ့ကို စောင့်နေတာလဲ"

"ဒီမှာ"

"မင်း တော်တော်စပ်စုတာ ဝါသနာပါပုံရတယ်…ဟုတ်လား"

"စစ်သည်ကလည်း"



"မင်းကို ငါ ပြောရဦးမယ်"

"အင်း…ပြောလေ"

သူ့ကို ဘာပြောမယ်မှတ်လို့ မသိပါဘူး။ အဋ္ဌလီ မျက်နှာလေးမော့၍ သူ့ကို ပြုံးကြည့်နေလေလျှင်…

"နောက်ကို မင်း ငါ့ဖုန်းကို မဆက်ပါနဲ့"

"ဟင်…ဘာဖြစ်လို့လဲ"

"ဟ…မင်းနဲ့ငါ ပတ်သက်စရာအကြောင်း မရှိလို့ပေါ့"

"အဋ္ဌလီက ပတ်သက်ချင်တယ်ဆိုရင်ရော"

"လုပ်လေ…မင်းဖုန်းကို ငါ Block လုပ်ပစ်မှာပေါ့"

"ရပါတယ်…ဆင်းကတ်တစ်ကတ်မှ ၁၅၀၀ ပဲရှိတယ်"

"တောက်"

မခိုးမခန့်ပြောပုံကြောင့် စစ်သည် ဒေါသထွက်သွားရ၏။ တော်တော်အရှက်တရားကင်းမဲ့ပြီး ရဲတင်းတဲ့ မိန်းကလေးပါလား။ မတွေ့ချင်ပါဘူးဆိုမှ လာဆုံပေးနေတဲ့ရေစက်ကို တံတွေးသာဆို ထွေးထုတ်လိုက်ပြီ။

ဝေယံရှိန်လည်း…

ဒီတစ်ခါတော့ ခံပြင်းသွားမိ၏။ အနားရောက်လာပြီး အဋ္ဌလီကို ကြည့်တဲ့ မျက်ဝန်းတွေက ခပ်စူးစူးပါ။ ကိုယ်တစ်ယောက်လုံး ရှိနေပါလျက်နဲ့ ဒီလိုလုပ်တာကောင်းသလား။ ဒါ…ပမာမခန့်လုပ်ခြင်းခံရင်ထဲမှာ အောင့်သက်သက်နှင့်ပါ။ ဒီတစ်ခါတော့ သေသေချာချာ ဆုံးဖြတ်ပြီး အကောင်းဆုံးလမ်းကို ရွေးချယ်မှ ဖြစ်တော့မည်လေသား



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လဲ…

သူက မိန်းကလေး၊ ကိုယ်က ယောကျာ်းလေးပဲဥစ္စာ။ သူကမှ သူ့ကိုယ်သူ တန်ဖိုးမထားရင် ကိုယ်က အနေသာကြီးပဲပေါ့။

"ဒီမှာ"

"…………"

"ကိုဝေယံရှိန်"

"ဟင်"

"ဘယ်လိုလဲဗျ…ခင်ဗျားချစ်သူက ခင်ဗျားရှေ့မှာတောင် အခြားသူကို ကြောင်တောင်လာပြီး ပတ်သက်ချင်နေတာ ဒီအတိုင်းပဲ ကြည့်နေရသလား။ မနိုင်ရင်လည်း နိုင်တဲ့နည်းရှာလေဗျာ"

ဒါ…ကိုယ့်ကို အောက်လိုက်တာလို့ ပြောတာနဲ့ အတူတူပါပဲ။

"ဟုတ်ပါတယ်…အရင်ကတော့ ချစ်သူပေါ့။ အခုချိန်ကစပြီး သူနဲ့ငါ ဘာမှမပတ်သက်တော့ဘူး။ အားလုံး ပြီးဆုံးသွားပြီ"

အဌလီ သူ့ဘက်သို့ ဖျတ်ကနဲ လှည့်လာပြီး…

"ကိုကိုက ဒီလိုလား"

"ဟုတ်တယ်"

"ကောင်းပြီလေ…ဒါဆိုလည်း အမျှ…အမျှ…အမျှပါ ကိုဝေယံရှိန်"

ဝေယံရှိန် အောက်နှုတ်ခမ်းကို တင်းတင်းဖိကိုက်ထားမိ၏။ သူ့အဖြစ်က ပတ္တမြားကို ကျောက်ခဲအထင်နဲ့ လွှင့်ပစ်ပြီး ပုလင်းကွဲကို စိန်အထင်နဲ့ ထကောက်မိတာ။ အခု လက်ကိုရှလို့ ပုလင်းကွဲမှန်း သိနေ





ဘာတောင် သွေးကြည့်ချင်သေးတဲ့စိတ်ကို စွန့်လွှတ်လိုက်ပါတော့မည် လေ။

"ငါ…ကျေကျေနပ်နပ်ကြီး သာဓုခေါ်ပါတယ် အဌလီ… အခုလို ကျွတ်ဖက်လွတ်ဖက် ကြုံသွားတာ ငါ့အတွက်တော့ နိဗ္ဗာန် အံခါး ပွင့်သွားတာပါပဲ"

ပြောပြီး ဝေယံရှိန်က စစ်သည်ဆီသို့ အကြည့်ရောက်သွားကာ…

"ငါက မွေးနဲ့ ကံဖယ်လို့လွဲခဲ့ရပြီ… မင်းကတော့ ကံသယ် လို့ ဝဲခွင့်ရလိုက်တဲ့ကောင်ပါ။ မင်း ကံကောင်းပါတယ်".

"အဲဒါပဲ ကိုဝေယံရှိန်…လူတွေက ကိုယ်မရနိုင်တော့ဘူး ဆိုကာမှ ကိုယ်လွှင့်ပစ်ခဲ့တဲ့အရာက တန်ဖိုးရှိမှန်း သိလာတာပါ။ ဘျွန်တော့်အတွက်တော့ မွေးရနံ့လှိုင်ဆိုတဲ့ မိန်းကလေးက တန်ဖိုးမဖြတ် နိုင်တဲ့ ပတ္တမြားတစ်လုံးပါ"

ပြောပြီး စစ်သည် ထွက်လာခဲ့တော့၏။ ကျေနပ်တယ်လေ။ တစ်ယောက်နမ်းဖူးလို့ တစ်ခါနွမ်းသွားပေမယ့် မွေးက အကြွေပန်းမှ မဟုတ်တာ။ ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးစားရမှာက ကိုယ့်အလုပ်ပဲလေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

ဝေယံရှိန်တစ်ယောက်…

အခုတော့ အလွမ်းအဆွေးတွေနဲ့ ဘယ်ကိုမှန်းပြီး ငေးရမှန်းမသိတဲ့အဖြစ်ပါ။ ဘယ်ရည်းစားကို အချစ်ဆုံးလဲလို့ တွေးဖို့ထက် ဘယ်ရည်းစားကို လွမ်းနေသလဲလို့ မေးရမှာပါ။ အဥ္စလီအကြောင်းကို တွေးလိုက်မိတော့ ရင်ထဲမှာ နာကျင်မှုတွေနှင့်ပါ။ ကိုယ့်အပေါ် သစ္စာမရှိတဲ့မိန်းမ…။

ကိုယ်ကတော့…

မွှေးအပေါ်မှာ သစ္စာဖောက်ခဲ့သူ။ ကိုယ် သစ္စာဖောက်လို့ ကိုယ့်အပေါ် သစ္စာဖောက်ခြင်းနဲ့ တုံ့ပြန်ခံရတာပေါ့။ ကိုယ် မှားပါတယ်





မွှေးရယ်။ တကယ်တော့ မောင်လေ…အဥ္စလီနဲ့ သာယာခဲ့မိပေမယ့် မွှေးကိုလည်း မေ့လို့မရခဲ့ပါဘူး မွှေးရယ်။ မွှေး မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ မောင် သိတယ်။

မွှေးရင်ထဲမှာ…

နောက်တစ်ယောက် လွယ်လွယ်ကူကူ အစားမထိုးနိုင်ဘူးဆိုတာကိုလည်း မောင် သိပါတယ်။ ဟိုတစ်ယောက်က မွှေးကို တစ်ဖက်သတ်ချစ်နေတာပဲနေမှာပါ။ မောင်…မွှေးအနားကို ပြန်လာချင်တယ်။ ခွင့်ပြုပါလား မွှေးရယ်။

"ကိုကြီး"

"…………"

"ကိုကြီး"

"ဟင်…မွှေး"

"ဘယ်သူ"

မွှေးအကြောင်းကို တွေးနေရင်း ဝေယံကျော် ခေါ်လိုက်တာကြောင့် လွတ်ကနဲ ထွက်သွားတဲ့ ပါးစပ်ကိုပဲ ဝေယံကျော်က လိုက်ကြည့်ပြီး…

"ဝေယံကျော်ပါ…ကိုကြီးက မွှေး မဟုတ်ပါဘူး။ ရေမချိုးရသေးလို့ ချွေးစော်တောင် နံ့ချင်နံ့နေမှာ"

"မင်းကလည်း"

"မဟုတ်မှလွဲရော…ကိုကြီး မမမွှေးအကြောင်းကို စဉ်းစားနေတာထင်တယ်။ အလှမ်းကျယ်ရင် အလယ်လပ်တယ် ကိုကြီး…



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ…မအဥ္စလီနဲ့ အဆင်မပြေဘူးလား။ ကိုကြီးက ဘာထည့်မပေး လို့ထင်တယ်။ ဒါမှမဟုတ် သူလိုချင်လို့ ပူဆာတာ ဝယ်မပေးလို့လား”

“တော်စမ်းပါကွာ”

ဝေယံကျော်က နဂိုကတည်းကမှ ပြောချင်နေသူမို့ သူပဲမေး သူပဲ ဖြေကာ ပြောနေတာ တရစပ်ပါ။ ဟုတ်တယ်လေ။ သူလည်း အမြင် ကျယ်နေတဲ့ လူငယ်တစ်ယောက်ပဲဟာ။ မတူညီတာတွေကို အကဲခတ် မိတာပေါ့။ မွှေးမျက်နှာက အေးချမ်းပြီး သစ္စာတရားကို တန်ဖိုးထား မည့်ပုံ။

အဥ္စလီက ရဲရင့်ပြီး ဘာမဆို လုပ်ရဲကိုင်ရဲ ပြောရဲဆိုရဲနှင့် သစ္စာ ကို နားမလည်၊ အချစ်ကို ဈေးဝယ်သလို တန်ဖိုးမြင့်တဲ့ ပစ္စည်းတွေကိုမှ လိုက်ကိုင်ကြည့်တာမျိုးလေ။ ဒါတွေကို သိထားမှတော့ ဒီစကားတွေပဲ ပြောထွက်လာပြီပေါ့။

“ဘယ်လိုတော်စမ်းပါလဲ…ကိုကြီးရ”

“သူနဲ့ငါ့ဇာတ်လမ်းက ပြီးဆုံးသွားပြီ”

“သူ့ဘက်က သစ္စာမရှိလို့မို့လား”

“ဟုတ်တယ်”

“ထင်သားပဲ…တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ။ ကိုကြီးက အရောင်လှတာကိုမှ ပိုပြီး မက်မောမိတာကိုး။ အရောင်တင်လွန်းတဲ့ ပစ္စည်းတွေက ရေရှည်မခံဘူး ကိုကြီးရဲ့…ဘာအရောင်မှ တင်မထားတဲ့ ပစ္စည်းကတော့ အဆင်မလှပေမယ့် အချင်းလှတယ်ဆိုတာမျိုးလေ။ အရောင်တင်မထားဘူးဆိုတာကိုက သူ့ပစ္စည်း ခိုင်တာခန့်တာကို အာမခံ





ရဲလို့ပေါ့”

ပြောနေလိုက်တာ သားကို ဆုံးမနေတဲ့ အဖေလေသံနဲ့ပါလား။ ကိုယ့်ထက်ငယ်သူဆိုပေမယ့် သူပြောတာဟုတ်နေတော့ ငြိမ်နေရသည် သာ။

“ဟုတ်ပါတယ်…မင်းပြောသလိုပဲ ငါ မှားခဲ့တာပါ”

“အမှားကို ဝန်ခံရဲတာမှ သတ္တိရှိတယ်လို့ခေါ်တာ။ အခု ကိုယ့် အပေါ်မကောင်းတဲ့ သူနဲ့တွေ့တော့ ကောင်းခဲ့တဲ့ မမမွှေးကို သတိရနေ ပြီမို့လား”

ဝေယံရှိန် ခေါင်းညိတ်ပြရင်းပဲ တွေဝေငေးမောသွားလေသည်။ သြော်…မွှေးရယ်…နာမည်က မွှေးဆိုတဲ့အတိုင်း မောင့်ရင်ထဲမှာ မွှေးရဲ့ အချစ်တွေက သင်းပျံ့မွှေးထုံနေဆဲပါ။

“ကိုကြီး”

“…………”

“ကိုကြီး…မမမွှေးကို ချစ်နေသေးတယ်မဟုတ်လား”

ဝေယံရှိန် မဖြေပေမယ့် ဝေယံကျော်က တွေးကြည့်ကာပင်…

“အရင်တုန်းက ကိုကြီးတို့နှစ်ယောက်က သိပ်ချစ်ကြတဲ့ ချစ်သူတွေပဲလေ။ ကိုကြီးတောင် မမမွှေးကို ချစ်နေသေးတာ…မမမွှေး လည်း ကိုကြီးကို ချစ်နေဦးမယ်လို့ ကျွန်တော် ယုံကြည်တယ်”

“အဲဒါဆို ငါ ဘာလုပ်ရမလဲ”

“ပြန်လိုက်ပေါ့”

ပြောလိုက်တာ အားရှိပါးရှိပါ။ သူပြောသလို လွယ်ပါ့မလား



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့လဲဆို စစ်သည်ကလည်း မွှေးကို ချစ်နေတာမှ တကယ့်ကို မြတ်မြတ်နိုးနိုးနှင့် တန်ဖိုးထားသည့်ပုံစံပါ။ ချစ်သူတစ်ယောက်တည်း ရှိရင် အဲဒီချစ်သူတစ်ယောက်တည်းကိုပဲ ပုံအောပြီး ချစ်ကြတာလေ။

ကိုယ့်ကိုချစ်တဲ့သူ နှစ်ယောက် သုံးယောက်ရှိလာပြီဆိုရင် တော့···

အားသာချက်တွေ၊ အားနည်းချက်တွေ စံထိုးပြီး ယှဉ်ကြည့်လာ တတ်ကြသည်ပဲလေ။ အခုဆိုရင် စစ်သည်က မွှေးအနားမှာ အမြဲရှိပြီး မွှေးရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတဲ့သူ။ ကိုယ်က ဘာတွေ များ ဖြည့်ဆည်းပေးလို့လဲ။

ဒါကြောင့်····

စိုးရိမ်စိတ်က ဇဝေဇဝါပါ။

"မင်းပြောတော့ လွယ်လိုက်တာ။ အခု သူ့ဘေးနားမှာ ကောင်းစစ်သည်ဆိုတဲ့ကောင်က အမြဲတမ်းရှိနေတာကွ။ အဲဒီကောင်နဲ့ ယှဉ်ပြီး ငါ ပြိုင်လုရမှာလား"

"ဟင်"

ပြိုင်ဘက်ရှိနေပြီတဲ့လား။ ပြိုင်ဘက်ရှိနေပြီဆိုရင်တော့ ပွဲက လှုပြီပေါ့။ ကျော်ကို ချစ်သလား၊ ဇော်ကို ချစ်သလားဆိုတာမျိုးလေ။ အချစ်ချင်းပြိုင်ရင် ဘယ်သူနိုင်မလဲဆိုတာ ကိုယ်တွေကတော့ ပွဲကြည့် ပရိသတ်လုပ်ရမှာ။

"မမွှေးမှာ ရှိနေပြီလား"

"မင်း မေးပုံက ဘာလဲကွ···ဘာလိုလိုကြီးနဲ့"





"ဪ···ချစ်သူရှိနေပြီလားလို့ မေးတာကို"

"နှစ်ဦးနှစ်ဖက် အဆင်ပြေနေကြတာတော့ မဟုတ်သေးဘူး ထင်ပါတယ်"

"ဒါဆို···ဘာဖြစ်လဲ၊ မမွှေးမှာ ရွေးချယ်ပိုင်ခွင့်ရှိနေတာပဲ ဥစ္စာ"

ရွေးချယ်ပိုင်ခွင့်ရှိပေမယ့် ရွေးချယ်ပါတော့မလားလေ။ စစ်သည် က ကိုယ့်ထက် အစစအရာရာ သာနေသူ။ ပြီးတော့ မွှေးနဲ့ အနီးကပ် ရှိနေသူလေ။

ဒါပေမယ့်···

ကြိုးတော့ကြိုးစားကြည့်ရမှာပေါ့။ မွှေးရင်ထဲမှာ ကိုယ်ရှိနေသေး တယ်ဆိုရင်···

ရှိနေတယ်လို့လည်း ယုံကြည်မိတာကြောင့် အချစ်ဟောင်းဆီမှာ ပဲ အချစ်တွေ ပြန်တောင်းတော့မည်လေ။

"ကိုကြီး"

"ဟင်"

"အရှုံးမပေးနဲ့ ပြန်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

မွေး မနက်စောစောစီးစီးထပြီး ဘုရားပန်းလဲ၊ ဆွမ်းကပ်၊ အိမ်သန့်ရှင်းရေးလုပ်နှင့် ချွေးတွေပင်ပြန်လာသည်။ ဒီနေ့ မေမေ့မွေးနေ့လေ။ ရွှေတိဂုံဘုရားကိုသွားပြီး အလှူဒါနလုပ်ရင်း ယတြာလည်း သွားချေပေးရဦးမည်။ မေမေ့ကိုပါ လိုက်ခဲ့ဖို့ခေါ်တော့ ပေါင်ကိုက်လို့ မလိုက်တော့ဘူးတဲ့။

ဒါကြောင့်…

စစ်သည်နဲ့ပဲ သွားရမှာမို့ အလုပ်ပြီးတော့ ရေချိုးလိုက်သည်။ ရေချိုးပြီးလို့ သနပ်ခါးလိမ်း၊ အဝတ်အစားလဲနေစဉ်…

"သမီး"

"………"

"သမီး"



"ရှင်…မေမေ"

"ပြီးပြီလား…စစ်သည် ရောက်နေပြီကွဲ့"

"ဒီကောင်ကလည်း ဝီရိယကောင်းနေလိုက်တာ။ ဟုတ်…ပြီးပြီ မေမေ…လာခဲ့မယ်"

"အေး…အေး"

မွေး အဆုံးသတ်မှာ ခေါင်းဖီးပြီး ဆံနွယ်ရှည်တွေကို ဝတ်ထားတဲ့ အဝတ်အရောင်အတိုင်း အပြာရောင်ခေါင်းစည်းကွင်းလှလှလေးနှင့် စည်းလိုက်၏။ ရှေ့ဆံပင်တွေအားလုံးကို အပြောင်သိမ်းပြီး ဘီးကုပ်လေးနှင့်ထိုးထားတော့ မဟာဆန်ကာ မျက်နှာလေးက ရှင်းသန့်ကြည်ကြည်နေသည်လေ။

မှန်ရှေ့မှာ…

ကိုယ်ကို နည်းနည်းစောင်းပြီး တစ်ချက်ကြည့်ကာ လက်ကိုင်အိတ်လေးကို တံတောင်ကွေးမှာ ချိတ်ပြီး ထွက်လာခဲ့တော့၏။ စစ်သည်ကို မြင်တော့…

"နင်ကလည်းလေ…ဘုရားသွားရမယ်ဆိုတာနဲ့ ညက အိပ်ပျော်ရဲ့လားမသိဘူး။ အခုမှ ခုနစ်နာရီတောင် မထိုးသေးဘူး"

"ငါ အိပ်မပျော်တာမဟုတ်ဘူး…နင်ပဲ လှချင်ရက်စက်စက်ယိုပြီး ပြင်လို့ဆင်လို့ မပြီးနိုင်တာ။ ထွက်လာတော့လည်း ဒီရုပ်ပါပဲ"

"ဟဲ့…ဒီရုပ်မပေါက်လို့ ဘယ်ရုပ်ပေါက်ရမှာလဲ"

"ဒီထက် ပိုပြင်ရင် ဟိုရုပ်ပေါက်မှာ"

"ဘာရုပ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချွေးရုပ်"

"ကောင်စုတ်"

ကိုယ့်ဆီကို လှမ်းလာပြီဆိုကတည်းက အထုခံရမှာကိုသိပြီး စစ်သည် ထထွက်လာခဲ့တော့၏။

"ဒီကလေးနှစ်ယောက်ကတော့လေ…"

ဒေါ်စုစုဝင်း သူတို့ကိုကြည့်ပြီး ပြုံးကာ ကျန်ရစ်ခဲ့တော့၏။ သူတို့ အခြေအနေကတော့ ဘယ်လိုရှိလဲမသိပါဘူး။ စစ်သည်မိဘတွေက တော့ ကလေးနှစ်ယောက်ကို လက်ထပ်ပေးချင်တယ်တဲ့လေ။ သူတို့ က မြန်မြန်ဆန်ဆန် ဖြစ်စေချင်ပေမယ့် သူမတို့က ကလေးတွေဆန္ဒ မပါဘဲ မစီစဉ်ချင်လို့ အချိန်ဆွဲထားတာ ဖြစ်၏။

စစ်သည်နဲ့မွေး…

ရွှေတိဂုံသွားပြီးအပြန်မှာ ကန်တော်ကြီးထဲသို့ ဝင်ခဲ့ကြလေလျှင်…

"ဟဲ့…စစ်သည်"

"ဘာလဲဟ"

"ဒါ…ဘယ်ကိုဝင်တာလဲ"

"ကန်တော်ကြီးထဲကိုလေ"

"ဘာလို့ဝင်ရမှာလဲ…ကန်တော်ကြီးထဲဝင်ရင် နင်နဲ့ငါ့ကို ဘယ်လိုထင်ကြမလဲ"

"ဘယ်လိုထင်ထင်ပေါ့…ကိုယ်လာချင်လို့ လာတဲ့ဥစ္စာ… ဘယ်သူ့ကို ဂရုစိုက်နေရမှာလဲ"

ပြောပြီး စစ်သည် ကားပေါ်မှ ဆင်းလိုက်ပြီး မွေးဘက်က





တံခါးကို ဖွင့်ပေးလိုက်ကာ…

"ဆင်းလေ"

"မဆင်းဘူး"

"ဘာဖြစ်နေတာလဲ…လာ…ဆင်း"

"မဆင်းပါဘူးဆို"

"မွေး"

"ဆင်းပြီး ငါက ဘာလုပ်ရမှာလဲ…ပြောပါဦး။ အလကား ခြေညောင်းလို့"

"ခဏတော့ ခြေညောင်းခံလိုက်…နင့်ကို ငါ ပြောစရာရှိလို့… လာ…ဆင်း"

ဖျတ်ကနဲ တစ်ချက်မော့ကြည့်ပြီး မွေး ဆင်းလိုက်ရတော့၏။ အစစအရာရာမှာ သူက ကိုယ့်အပေါ် သည်းခံလိုက်လျောခဲ့သူမို့ ကိုယ်က ဒီလောက်တော့ ပြန်ပြီးလိုက်လျောသင့်ပါသည်လေ။ ပြော စရာရှိတာများ ဘယ်မှာပဲပြောပြော စကားပဲဥစ္စာကို ဒီမှာမှ ဘာလို့ ပြောချင်ပါလိမ့်။ အင်း…မဟုတ်မှလွဲရော…

"လာ…ဒီမှာ ထိုင်ရအောင်"

"အင်း…တူနေပြီ"

"ဘာလဲ"

"ဘာမှမဟုတ်ပါဘူး"

"ငါ သိပါတယ်…အတွဲနဲ့တူနေပြီလို့ ပြောချင်တာမဟုတ် လား။ တူသလိုဝီထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"မဘာနဲ့ ငါ နင့်ကို ပြောမှာလည်း အတွဲတွေပြောလေ့ရှိကြတဲ့ စကားတွေပဲ ပြောမှာ။ ဒါပေမယ့် အနှစ်သာရချင်းတော့ မတူဘူး။ ငါက ရင်ထဲကလာတဲ့အတိုင်း လေးလေးနက်နက် ပြောမှာ။ နင်လည်း အလေးအနက်ထားပြီး စဉ်းစားပေါ့"

"ဟင်"

ထင်တဲ့အတိုင်းပါပဲလား။ သူ့ကိုကြည့်မိပြီးမှ မွေးမျက်နှာလွှဲပစ်လိုက်သည်။ ကိုယ့်နှလုံးသားကို ကိုယ်အသေသတ်မယ်လို့ တွေးထားခဲ့တာ။ တကယ်တော့ သတ်လည်းမသေပါဘူးလေ။ ကောင်းစစ်သည့်က ဝေယံရှိန်မှမဟုတ်တာ။ ပြီးတော့ ငယ်သံယောဇဉ်က ဖြတ်တောက်လို့မှမရတာ။

ဝေယံရှိန်က သူ့စိမ်းမို့လို့ ရက်စက်နိုင်ခဲ့တာ။

စစ်သည်က မွေးအပေါ် ရက်စက်ဖို့မပြောနဲ့။ သူများက နာကျင်အောင်လုပ်တာတောင် ဆတ်ဆတ်ခါတတ်သူ။ သူငယ်ချင်းကနေ ချစ်သူအဆင့်ကို ခုန်တက်ဖို့လွယ်ပေမယ့် ချစ်သူကနေ သူငယ်ချင်း ပြန်ဖြစ်ဖို့ မလွယ်ဘူးဆိုတာကို သူလည်း သိနေမှာပါ။ ဒါကြောင့် သူလည်း တော်တော်စဉ်းစားခဲ့မှာပေါ့။

"မွေး"

"ဟင်"

စစ်သည်က မွေးမျက်နှာကို စေ့စေ့ကြည့်ပြီး…

"နင့်ကို ငါ ချစ်တယ် သိလား။ အဲဒါ အခုမှမဟုတ်ဘူး။





ဟိုးအရင်ကတည်းကပဲ။ ငါ ဖွင့်ပြောရင် နင် စိတ်ဆိုးမှာစိုးလို့ ငါ ဖွင့်မပြောခဲ့တာပါ။ ပြီးတော့ မိဘအားကိုးနဲ့မဟုတ်ဘဲ နင့်ကို ငါ တင့်တောင်းတင့်တယ်နဲ့ တောင်းရမ်းလက်ထပ်ချင်တယ်။ အဲဒါကြောင့် ရည်ရွယ်ချက်ကြီးကြီးနဲ့ ငါ နိုင်ငံခြားကို ထွက်သွားခဲ့တာပါ။ တကယ်တော့ နင်နဲ့ခွဲပြီး ကိုယ့်မိသားစုကို ထားခဲ့ပြီး ငါ ဘယ်သွားချင်ပါ့မလဲ။ ဟိုမှာ ငါ့ရည်ရွယ်ချက်နဲ့ငါဆိုတော့ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေ စိတ်ကူးတွေနဲ့ ငါ ပျော်ခဲ့ပါတယ်"

ပြောနေရင်း ကရဝိတ်ကို လှမ်းကြည့်လိုက်တဲ့ စစ်သည့်မျက်လုံးတွေက ရီဝေဝေးမောစွာ။ သူ အဲဒီလောက်တောင် ရည်ရွယ်ချက်တွေကြီးခဲ့သလား။ မွေးအပေါ်မှာ အဲဒီလောက်တောင် ချစ်ခဲ့သတဲ့လား။ ဒါတောင် ဖွင့်မပြောခဲ့တော့ မွေး…မောင်ဆိုတဲ့ အသုံးအနှုန်းလေးနဲ့ လူတစ်ယောက်ကို ပထမနေရာပေးခဲ့မိသည်လေ။

ပထမဦးဆုံး အချစ်ဦးမို့…

ရူးရူးမူးမူးကို ချစ်ခဲ့မိပါသည်။ အဲဒီလို ရူးခဲ့မိလို့လည်း စူးခဲ့တဲ့ နှလုံးသားက ဒဏ်ရာသည် မကျက်သေးပါ။

"နင့်မှာ ချစ်သူရှိနေပြီလို့ နင် ပြောလိုက်တဲ့အချိန်မှာ ငါ ဘယ်လောက်တောင် ခံစားခဲ့ရလဲ…နင် သိရဲ့လား"

"………"

"ရူးမတတ်ပါပဲဟာ…ဒါပေမယ့် ငါက နင်ပျော်ရင် ကျေနပ်နေတဲ့ကောင်ပါ။ ဪ…သူ့ချစ်သူနဲ့ သူပျော်နေမှာပဲလို့ တွေးပြီး ငါ ကျေနပ်ခဲ့ပါတယ်။ မျှော်လင့်ချက်မရှိတော့ပေမယ့် နင့်ကို ချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်ရဲ့မျက်နှာကို ခဏလေးဖြစ်ဖြစ် မြင်ခွင့်ရချင်လို့ မြန်မာပြည်ကို ငါ ပြန်လာခဲ့တာပါ။ အစကတော့ ပြန်သွားမလို့ပါပဲ။ ဒီရောက်တော့ နင်က အသည်းကွဲနေတယ်လေ။ နင်တို့နှစ်ယောက် ပြန်ပြီးအဆင်ပြေ ရင်တော့ ငါ ပြန်ဖြစ်မှာပါ။ အခု အဆင်မပြေဘူးဆိုတော့ နင့်အနားမှာ ငါ ရှိနေချင်တယ်။ ငါ အဲလိုတွေးမိလို့ အတ္တကြီးရာရောက်မှန်း ငါ သိပါတယ်"

"..........."

"မွေး"

"ဟင်"

စစ်သည်...မွေးလက်ကလေးကို ဆွဲယူဆုပ်ကိုင်လိုက်ပြီး-

"နင့်ကို ငါ အရမ်းချစ်တယ်"

"..........."

"နင် ငါ့ကို ပြန်ချစ်နိုင်သည်ဖြစ်စေ၊ မချစ်နိုင်သည်ဖြစ်စေ ငါ့ကို ချစ်နေခွင့်တော့ပေးပါ။ နင် ပြန်ချစ်လာနိုင်တဲ့နေ့အထိ ငါ စောင့်နေပါ့ မယ်။ ဒါ...ငါ ပွဲလန့်တုန်းဖျှာခင်းတာ မဟုတ်ဘူးနော်။ ငါက ပွဲမဝင် ခင်ကတည်းက ရှေ့ဆုံးမှာ ငုတ်တုတ်ထိုင်စောင့်နေတဲ့ကောင်ပါဟာ"

"ငါ သိပါတယ်နော် စစ်သည်ရယ်"

"ငါ နင့်ကို လက်ထပ်ချင်တယ်"

"ဟင်"

"အဲဒါ အဆင့်ကျော်တာမဟုတ်ဘူး။ နင့်ကို အဆုံးရှုံးမခံနိုင်လို့ တောင်းဆိုတာပါ"





မွေး စိတ်မကောင်းစွာနှင့် မျက်နှာလွှဲလိုက်မိသည်။ သူ့မျက်ဝန်း တွေကို ရင်မဆိုင်ရက်လို့ပါလေ။ ကိုယ့်နှလုံးသားကပဲ မိုက်မဲခဲ့တာ လား။ သူ့ကိုပဲ နေနိုင်ရက်လိုက်တာလို့ အပြစ်ပြောရမလား မသိတော့ ပေ။

"ငါ့ကို အချိန်နည်းနည်းတော့ ပေးပါ...စစ်သည်၊ ချစ်တယ် ဆိုတဲ့စကားကို သူများတွေ လွယ်လွယ်ပြောကြပေမယ့် ငါ့ရင်ထဲက လာမှ လေးလေးနက်နက်ပဲ ပြောချင်တယ်"

"ဟင်...နင်က ငါ့ကို လွယ်လွယ်ပြောတယ်ထင်လို့လား"

"နင့်ကို မပြောပါဘူး။ အချို့ကို ပြောတာပါ"

ဒီလိုကျတော့ စစ်သည် ခေါင်းညိတ်လိုက်မိ၏။ မမျှော်လင့်ရဲလို့ မမျှော်လင့်ပေမယ့် လက်မထပ်ခင်ပဲ အချစ်ကို လိုချင်မိတာ အမှန်ပဲ လေ။ စောင့်လက်စနဲ့ ဆက်စောင့်ရတော့မှာပဲပေါ့။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ဟင်"

မွေးကားလေး ခြံထဲကနေထွက်လာစဉ်မှာပဲ ကားလေးသွားမယ့် လမ်းကြောင်းတည့်တည့်မှာ လူတစ်ယောက် မလှုပ်မယှက်ရပ်နေသဖြင့် မွေးအနီးရောက်လုဆဲဆဲမှာ ကားကို ရပ်လိုက်သည်။ ပြီးမှ ခေါင်းလေးကို အပြင်ထုတ်ပြီး…

"ဒီမှာ…ဒီမှာ"

"…………"

"ဒီမှာရှင့်"

ခေါ်နေလည်း မကြားသလိုလုပ်နေသဖြင့်…

"အဲဒါဘာလုပ်နေတာလဲ…ရှေ့ကနေ လမ်းဖယ်ပေးပါ"





လမ်းကမကျဉ်းမြောင်းပေမယ့် တစ်ဖက်မှာ ကားကို ကန့်လန့် ရပ်ထားပြီး ဒီဘက်မှာက လူရပ်နေတာလေ။ ဘယ်လိုလုပ်ပြီး ရှောင်ကွင်းသွားလို့ရမှာတဲ့လဲ။ ဒါကြောင့် မပြောချင်ဘဲ ပြောနေရတာလေ။ မဟုတ်ရင် ရှောင်ကွင်းပြီး မောင်းထွက်သွားတာပေါ့။

"ကျွတ်…နားမကြားဘူးလား မသိဘူး"

"…………"

မွေး ပြောပြီး စိတ်မရှည်စွာ ကားဟွန်းတီးလိုက်တော့မှ ထိုလူက မွေးကားဘက်သို့ လှည့်ပြီးလျှောက်လာလေလျှင်…

"ဟင်"

လျှောက်လာသူမှာ တစ်ချိန်က မွေး သိပ်ချစ်ခဲ့ရတဲ့ မောင်ပဲမို့ မွေး ကားပေါ်မှာပဲ ဆက်ထိုင်နေရမလိုလို၊ အောက်ပဲဆင်းရမလိုလို ဖြစ်နေစဉ်မှာပဲ သူ အနားသို့ ရောက်လာလေလျှင်…

"မောင်"

ခေါ်မိပြီးမှ ပါးစပ်ကို လျင်မြန်စွာ ပိတ်လိုက်ရ၏။ အခုချိန်မှာ ဒီလိုခေါ်ဖို့မသင့်အောင် ပတ်သက်မှုက စိမ်းသက်သွားခဲ့ပြီပဲလေ။

"ကိုဝေယံရှိန်"

"မွေး"

သူ့အသံက တိုးလျလျရယ်။ မျက်နှာကလည်း ရေဝေးပန်းလို ညှိုးနွမ်းနေလျက်ပါ။

"ရှင်…အဲဒါ…ဘာလုပ်တာလဲ ကိုဝေယံရှိန်"

"မောင်လို့ မခေါ်တော့ဘူးလား မွေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုခေါ်ရလောက်အောင် ရှင်နဲ့ကျွန်မ ပတ်သက်မှုမရှိတော့ဘူးဆိုတာ ရှင် အသိဆုံးပါ။ အခုလို ကျွန်မ စိမ်းနိုင်အောင် ဘယ်သူ အရင်လုပ်ခဲ့တာလဲ"

"ဟုတ်ပါတယ်…မောင် ဝန်ခံပါတယ် မွှေးရယ်…တဒင်္ဂ သာယာမှုနောက်ကို လိုက်ခဲ့မိတဲ့ မောင် မှားခဲ့တာပါ။ အခု မွှေးကို မောင် ပြောစရာရှိလို့ စောင့်နေတာပါကွာ"

မွှေးမျက်နှာ တင်းကနဲ ဖြစ်သွားရ၏။ သူက မွှေးကို ပြောဖို့ သူ့ရင်ထဲမှာ စကားတွေ ရှိနေသေးတယ်တဲ့လား။ တော်ပါပြီ… ကြောက်တတ်ရင် ဝန်ကင်းတယ်တဲ့။ တစ်ခါသေဖူးလို့မှ ပျဉ်ဖိုးနားမလည်ရင် နောက်တစ်ခါ ထပ်သေလို့ ဘယ်သူက သနားမှာလဲ။ မကျက်သေးတဲ့ ဒဏ်ရာကို နောက်တစ်ခါ ထပ်ပြီးထိုးဆွဖို့ ကြိုးစားရင်…

မွှေးဆိုတာ…

မိုက်တွင်းနက်သထက်နက်သွားမှာပေါ့။ သူ့အပေါ် ပြန်ပြီး တိမ်းညွှတ်သွားရင်ပေါ့လေ။

ဒါကြောင့်…

"ရှင်နဲ့ကျွန်မကြားမှာ ပြောစရာစကားမှ မရှိတော့တာ။ ပြီးခဲ့တာတွေအားလုံးကို ကျွန်မ မေ့ပစ်လိုက်ပြီ"

"မွှေး"

"ရှင်…ကိုယ့်လမ်းကိုယ်သွားပါ ကိုဝေယံရှိန်။ ကျွန်မကို မနှောင့်ယှက်ပါနဲ့"





"နှောင့်ယှက်တာတဲ့လား မွှေးရယ်…မောင့်မှာ စကားလေး တစ်ခွန်းနှစ်ခွန်းတောင် ပြောခွင့်မရှိတော့ဘူးတဲ့လား"

"ရှင့်ရဲ့မာယာမြစ်ထဲမှာ ဆက်ပြီး လက်ပစ်ကူးနေရင် ကျွန်မ နစ်သွားမှာပေါ့ ကိုဝေယံရှိန်…ကျွန်မ တစ်ခါပဲ မိုက်ပါရစေ။ နှစ်ခါ မိုက်လို့ ထပ်ရူးရင် ဘယ်သူမှတောင် သနားမယ့်သူ ရှိမှာမဟုတ်ဘူး။ အခု ကျွန်မလည်း လက်ထပ်တော့မှာ။ မပတ်သက်တဲ့ ရပ်ဝန်းဆီမှာ ရောက်နေကြမှတော့ ကျွန်မနဲ့ ဝေးဝေးနေပေးပါ"

"မွှေး"

မွှေး ကိုယ့်ကားကို မောင်းထွက်ဖို့ ပြင်လိုက်စဉ် သူက စတီယာရင်ကို ကိုင်ထားတဲ့ မွှေးလက်ကို ဆုပ်ကိုင်လိုက်ပြီး…

"မောင် မယုံဘူး…မွှေး"

"ဖယ်ပါ"

မွှေးလက်ကို မရမက ရုန်းလိုက်၏။ အရင်က နွေးထွေးစွာ ဆုပ်ကိုင်ဖူးတဲ့လက်ဟာ အခုတော့ ကြမ်းနေသလိုပါ။ အရာအားလုံး အချစ်ကြောင့် နူးညံ့ခဲ့ပြီး အခု အပြစ်ဖွဲ့ချိန်မှာ နူးညံ့မှုတွေကနေ ကြမ်းရှသွားခဲ့ပါပြီ။ အင်းယားကန်ဘောင်မှာ တွေ့ခဲ့တဲ့ မြင်ကွင်းကို မြင်ယောင်မိပြီး ရင်ထဲမှာ တစ်ဆစ်ဆစ် နာကျင်ခဲ့ရတာ။

အဲဒီတုန်းက…

လက်ပူးလက်ကြပ်မိခဲ့တာတောင် အကြောင်းပြချက်ကောင်းကောင်းပေးပြီး တောင်းပန်ခဲ့ရင် မွှေး ပျော်ဝင်ခဲ့မိဦးမှာပါ။ အခုတော့ မွှေး သိလိုက်ပါပြီ။ ကိုယ်ချစ်ထက် သူချစ်က ကိုယ့်ကို စိတ်ချမ်းသာမှု



www.burmeseclassic.com

www.burmeseclassic.com



အများကြီးပေးနိုင်တယ်ဆိုတာကိုလေ။

"မွေးပြောတာကို မောင် မယုံဘူး"

"ရှင်က ဘာကိုမယုံတာလဲ"

"လက်ထပ်တော့မယ်ဆိုတာကိုပေါ့…မဟုတ်ဘူးမို့လားဟင် မွေး…မွေး ညာနေတာ မောင် သိတယ်။ မွေးရင်ထဲမှာ မောင် ရှိနေတုန်းပဲ။ မွေး…မောင့်ကို ချစ်နေတုန်းပဲမဟုတ်လား"

"သေလိုက်ပါလား"

သူ ရှေ့တိုးပြီး ကားပေါ်တက်မယ်လုပ်တော့ မွေး အော်လည်းအော် သူ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်၏။

"အခုမှ အရူးလာရင့်ပြမနေနဲ့ ကိုဝေယံရှိန်…ရှင့်အလှည့်တုန်းက ရှင်ပေးသမျှ ဒဏ်ရာတွေ ကျွန်မ ယူခဲ့တာပဲ။ အဲဒီတုန်းက ရှင် စာနာ တတ်ခဲ့သလား။ ငဲ့ညာတတ်ခဲ့လို့လား။ အခု ကျွန်မအလှည့်မှာလည်း ရှင် လက်ခံနိုင်အောင် ကြိုးစားလိုက်စမ်းပါ။ ကျွန်မ သစ္စာရှိခဲ့တုန်းက ရှင် ဖောက်ခဲ့တဲ့သစ္စာအတွက် တန်ပြန်သက်ရောက်မှုတွေ လိုချင်သည် ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ ရှင် ယူရမှာပဲ ကိုဝေယံရှိန်"

"မွေးရယ်…ရန်သူတောင် လက်နက်ချရင် ကျေအေးကြသေး တာပဲ။ မွေးနဲ့မောင်က ရန်သူတွေ မဟုတ်ဘူးလေ။ ချစ်သူတွေ ဖြစ်ခဲ့ ကြတာပါ။ ချစ်သူတောင်မှ ရက်နဲ့လနဲ့လောက်ပဲ ချစ်ခဲ့ကြတဲ့ ချစ်သူ တွေ မဟုတ်ဘူးလေ။ မောင် သိပါပြီ…မွေးနေရာမှာ မောင် ဘယ်သူ့ ကိုမှ အစားထိုးလို့ မရဘူး…မွေးရဲ့"

မွေး ငိုချင်စိတ်ကိုထိန်းရင်း မဲ့ပစ်လိုက်၏။ အစားထိုးလို့သာရခဲ့





ရင် ဒီအချိန်မှာ ဒီစကားတွေ လာပြောနေမှာမှ မဟုတ်တာ။ အခု ရေဘူးဆိုမှ လာပြောတာကို သနားလှချေရဲ့လို့ မှဒိတာပွားနေရဦးမှာ လား။

"ဒါ…ရှင် ရွေးချယ်ခဲ့တာပဲလေ။ ဗိုက်နာမှ သတိရပြီး အတင်း ဝင်လာ…ပြီးရင် ခြေကန်ထွက်သွားတာကို ဝင်ချည်ထွက်ချည် လက်ခံ နေရအောင် ကျွန်မက အိမ်သာတစ်လုံး မဟုတ်ဘူး ကိုဝေယံရှိန်… ရှင် ကျောခိုင်းတုန်းက ကျွန်မ ခံစားရသလောက် ရှင် ခံစားရမှာမဟုတ် ပါဘူး။ မြည်းကြည့်လိုက်ပါ…ဖယ်ပါ"

"မွေး…"

မွေး သူ့လက်ကို ခပ်ကြမ်းကြမ်း ဆွဲဖယ်ချပြီး ကားကို စက်နှိုး လိုက်သည်။ သံယောဇဉ်လက်ကျန်လေးက ရင်ဘတ်ကို အောင့်သက် သက်ဖြစ်စေပြီး မျက်ရည်ကို လက်တို့ခေါ်နေပေမယ့်…

နင် မငိုနဲ့ မွေး…

သူ့အတွက်ကျခဲ့တဲ့မျက်ရည်တွေကို သုတ်ဖို့တောင် လက်တွေ ကြမ်းရှနေခဲ့ပြီလေ။ သူသင်ပေးလို့ တတ်တဲ့ပညာနဲ့ ဆက်လုပ်စမ်းပါ မွေး။

"မွေးရယ်"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ဝင့်လည်တယ်ဆိုတာ ဒါလား။

မောင် နားလည်ပါပြီ မွေးရယ်…မွေးရဲ့မေတ္တာ၊ မွေးရဲ့သစ္စာတွေကို နားလည်ချိန်မှာ မောင် တကယ်ပဲ နောက်ကျသွားပြီလား။ အခုဆိုရင်လေ အစ္စလီနဲ့ ပြတ်သွားလို့ မောင် ဝမ်းမနည်းပါဘူး။ သူနဲ့လွဲခဲ့ရလို့ ဝမ်းတောင်သာပါသေးတယ်။ မောင် ခံစားနေရတာက သိပ်ချစ်ရတဲ့ မွေးကြောင့်လေ။

အခုချိန်မှာ…

မောင်…မွေးရဲ့ ဟိုတစ်ချိန်က အကြင်နာတွေကိုပဲ တောင့်တမိတယ်။ မွေးကိုပဲ သတိရတယ်။ မွေးကိုပဲ လွမ်းတယ်။ ဒါတွေကို





မွေးက မယုံကြည်နိုင်တော့ဘူးပေါ့။ မွေးက ဥပေက္ခာပြု နိုင်ပြီပေါ့နော်။ နောင်တတွေနဲ့အတူ မောင့်ရင်ထဲက နှလုံးသားတွေလည်း တစ်စစီကြေမွပျက်စီးကုန်ပါပြီ မွေးရယ်"

"ကိုကြီး"

"……"

"ကိုကြီး"

"ဟင်"

"ဒီမှာ ကြည့်စမ်း"

ဝေယံကျော်က သူ့ဖုန်းကို ကိုင်လာပြီးပြောလေသဖြင့်…

"ဘာလဲကွ"

"facebook မှာတွေ့တဲ့ ကဗျာလေးကောင်းလို့ ပြတာပါ။ ကဗျာရေးတဲ့သူက ကိုကိုတဲ့"

"ကိုကို"

"အင်း"

အဲဒီကိုကိုဆိုတဲ့ အသုံးအနှုန်းကို ကြားကိုမကြားချင်တော့တာဖြစ်၏။ ကိုကို…ကိုကိုနဲ့ အသံချိုချိုလေးကို နားဝင်ပြီး ကိုယ့်မှာတော့ နဖားထိုးပြီး ကြိမ်နဲ့အတို့ခံနေရတဲ့ နွားလိုပါပဲ။ သူခိုင်းတာလုပ်၊ သူပြောသမျှ နားဝင်ပြီး ဘာမဆိုလုပ်ပေးခဲ့ရတာလေ။ နောက်ဆုံးတော့ ရလဒ်က သစ္စာဖောက်ခံရခြင်းပါပဲ။

ဘောထည့်ပေးရ…

လိုချင်တာ ဝယ်ပေးရနဲ့…



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို ငွေနဲ့ ဆက်လဲနေသလိုဖြစ်ခဲ့တာတောင် ကိုယ်က အမှတ်မရှိ ချေ့ပြီး ပတ်သက်နေမိသေးတာ။ နောက်ထပ် မျက်နှာမများ ချင်တော့လို့လေ။ ကိုယ့်သစ္စာဖောက်ခံရလို့ သစ္စာတရားတန်ဖိုးကို နားလည်လာတော့ မွေးက ငွေနဲ့ဆက်လဲရင်တောင် ကိုယ့်ကို ရွေးစော်နဲ့ လို့ ပြန်လိုက်ပါဦးလို့ ပြောမှာက ကျိန်းသေ။

"ကိုကိုဆိုတဲ့အသံကို ကြားကိုမကြားချင်တော့တာ"

"သြော်…ဒီကိုကိုက တစ်မျိုးလေ ကိုကြီးရ…မကြားချင်နေပါ…ကဗျာလေးတော့ ဖတ်ကြည့်ပါဦး"

"မဖတ်ချင်ဘူး"

"ဖတ်ကြည့်ပါဆို"

"ကျွတ်…စိတ်ညစ်ရတဲ့အထဲကွာ…ကဲ…ပေး"

"အဲဒီလိုလုပ်စမ်းပါ ကိုကြီးရ"

ဝေယံရှိန် ညီဖြစ်သူလက်ထဲက ဖုန်းကို ဆွဲယူပြီး facebook ပေါ်က ကဗျာကို ကြည့်လိုက်သည်။ ပထမကဗျာက အောက်ခံပုံမှာ ကောင်မလေးတစ်ယောက်ရဲ့ပုံပါ။ အပေါ်မှာရေးထားတဲ့ ကဗျာ စာသားလေးကတော့…

နားလည်မှု၊ တုံ့ပြန်မှုဆိုတဲ့အရာတွေ
မတူညီတဲ့အခါ
အချစ်ဆိုတာ…
အဓိပ္ပာယ်မဲ့ပါတယ်…။
အမှန်တကယ် ပိုင်ဆိုင်ခွင့်မရတော့လို့သာ





စွန့်လွှတ်ခြင်း
ပေးဆပ်ခြင်းဆိုတဲ့ စကားအစတွေနဲ့
နှလုံးသားကို တရားချ
ရင်ခုန်သံတွေ တားဆီးခဲ့ရတာပါ။
တကယ်တော့…
အချစ်ညီမျှခြင်းအချစ်ပါ။

ကိုကို

တဲ့။ စောစောက မဖတ်ချင်ဘူးဆိုတဲ့ကဗျာက ခုတော့ ကောင်း လိုက်တာ။ ဒီကဗျာက ကိုယ့်ကို တိုက်ရိုက်ရည်ရွယ်နေတဲ့အတိုင်းပါ ပဲ။ ကိုကိုဆိုတဲ့လူကရော ခံစားချက်တွေနဲ့ ဒီကဗျာကို စပ်ခဲ့တာလား။ မွေးနဲ့သူကြားမှာ နားလည်မှု၊ တုံ့ပြန်မှုဆိုတဲ့အရာတွေ မတူညီကြလို့ အခု အချစ်က အဓိပ္ပာယ်မဲ့နေခဲ့ပြီပဲလေ။

"အောက်ကအပုဒ်ကို ကြည့်လိုက်ဦး"

ဝေယံကျော်ပြောလို့ ဖတ်ပြီးတဲ့တစ်ပုဒ်ကို လက်ကလေးနဲ့ တွန်းလိုက်တော့ နောက်တစ်ပုဒ် ပေါ်လာသည်ကို ဖတ်လိုက်ရာ…

အဦးဆုံးပန်းမို့
ရူးမဆုံးအောင် လွမ်းလည်း
တစ်ခါကဆိုတဲ့ အနမ်းကို
တစ်ခါကလို့ပဲ
မှတ်တမ်းတင်ရလိမ့်မယ်။
ဒီအချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်ဘတ်ကို
တစ်ခါပြန်မစမ်းနဲ့
ချစ်သူ…
မင်းလက်တွေက ကြမ်းနေပြီ…။

ကဗျာဆုံးသွားတော့ ဝေယံရှိန် သူ့လက်ကို ဖြန့်ကြည့်မိလိုက်၏။ ကိုယ့်လက်တွေ တကယ်ပဲ ကြမ်းရှနေပြီလား။ ကဗျာအောက်က နာမည်က ကိုကိုပါပဲ။ နာမည်ကို မကြိုက်ပေမယ့် ကဗျာတွေကိုတော့ ကြိုက်သည်လေ။ ကဗျာတွေ ရေးတာဖတ်တာကြိုက်တဲ့ မွေးသာမြင့်ရင် လည်း ဒီကဗျာလေးတွေကို ကြိုက်မှာပါ။

မွေး ပြောခဲ့ဖူးသည်လေ…

"မွေးက သူများရေးတဲ့ကဗျာတွေကို ဖတ်ရတာ ကြိုက်သလို ကိုယ်တိုင်ရေးရတာလည်း ဝါသနာပါတယ် မောင်ရဲ့…ကဗျာဆိုတာ ဝမ်းနည်းရင်ပဲဖြစ်ဖြစ်၊ ဝမ်းသာရင်ပဲဖြစ်ဖြစ် ကိုယ့်ရင်ထဲကနေ သူများကို ထုတ်ပြောလို့မဖြစ်တဲ့ စကားအများကြီးကို အကျဉ်းချုံး ရေးဖွဲ့ရင် ဖွင့်လို့ရတယ်။ အဲဒါ စိတ်ရဲ့ထွက်ပေါက်တစ်ခုပဲပေါ့"

"ဟုတ်ပါပြီဗျာ…မွေးဘာသာ ဖတ်ချင်ဖတ်၊ ရေးချင်ရေး… မောင်ကတော့ စာဖတ်ရမှာဆို ပျင်းကိုပျင်းတာ"

"မပျင်းနဲ့လေ မောင်ရယ်…အလိမ္မာစာမှာရှိတဲ့။ စာဖတ်တာ ဗဟုသုတ အများကြီးရတယ်လေ"

လို့ ပြောခဲ့တဲ့ မွေး။ ကိုယ်နဲ့ အဆင်မပြေခဲ့တာတွေအတွက် မျက်ရည်ကျရင်း ကဗျာတွေ ရေးနေခဲ့မှာပေါ့။





သြော်…မွေးရယ်…

"ကိုကြီး"

"…………"

"ကိုကြီး"

"ဟင်"

"ကဗျာလေးတွေ ကောင်းတယ်မို့လား"

"ကောင်းပါတယ်"

ပြောပြီး ဖုန်းကိုပြန်ပေးကာ ဝေယံရှိန် ထွက်လာခဲ့တော့၏။ သူ အခုချိန်မှာ တစ်ယောက်တည်းပဲ အေးအေးဆေးဆေး နေချင်ပါသည် လေ။ ဒါကို ဝေယံကျော်က မသိတတ်စွာ နောက်မှလိုက်လာပြီး…

"ကိုကြီး"

"…………"

"ဘာဖြစ်နေတာလဲ…မျက်နှာက မရွှင်မလန်းနဲ့။ အဲ…မလန်း တာတော့ မြင်နေရတာကြာပြီ။ ဒီနေ့က ပိုဆိုးတယ်ထင်တယ်။ စိတ် ညစ်နေတာမို့လား"

"ဟုတ်တယ်"

"ညီ့ကို ရင်ဖွင့်လေ…ဘာလဲ အစ္စလီကို ခုထိ မမေ့နိုင်သေးဘူး လား"

"ကျွတ်…တော်စမ်းပါကွာ…အဲဒီမိန်းမအကြောင်း နားခါး တွင်းချဉ်တယ် မပြောနဲ့"

ခုတော့လည်း ဖြစ်ရပြန်ပြီ။ အရင်တုန်းကတော့ ချစ်တာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပုံအောပြီး ထည့်ပေးရတဲ့ ငွေဖြည့်ကတ်တွေမှာ မနည်းတော့ပေ။ အဲဒီလို အပြောင်းအလဲမြန်လို့ပဲ အခုလို အထိနာတာပေါ့။ အစကတည်းက ဝေယံကျော် သတိပေးခဲ့သားပဲလေ။ အဲဒီတုန်းကတော့ ကိုယ့်စကားကို တစ်ပြားသားတောင် တန်ဖိုးမထား။ အချစ်မျက်ကန်း ဖြစ်နေခဲ့တာ။

"ဒါဆို မမမွေးကြောင့်လား"

"ဟုတ်တယ်"

"ဟင်"

"ငါထင်သလို ဖြစ်မလာလို့ ငါ စိတ်ညစ်နေတာ"

"ဘာတဲ့လဲ…သူက"

"သူ ငါ့ကို တော်တော်စိတ်နာနေပုံရတယ်။ နှုးညံ့သိမ်မွေ့ပါတယ်ဆိုတဲ့ မိန်းကလေးက ခုတော့ ငါ့ကို ပြောလိုက်တာ ပက်ပက်စက်စက်ပဲ"

နည်းတောင်းနည်းသေးတယ်ဆိုပြီး ထတောင်ကလိုက်ချင်သေးရဲ့၊ ကိုယ့်အစ်ကိုဖြစ်နေလို့သာပေါ့။ အရောင်လှတာကို မက်မောမိလို့ ခုတော့ အဲဒီအရောင်တွေက ဆေးသားပြယ်သွားခဲ့ပြီလေ။

"ဒါဆို…ကိုကြီး မမမွေးနဲ့ တွေ့ပြီးပြီပေါ့"

ဝေယံရှိန် ခေါင်းညိတ်ပြလိုက်ပြီး…

"ငါ့ကို အခုမှ အရူးလာရင့်ပြမနေနဲ့တဲ့။ ရှင့်အလှည့်တုန်းက ရှင်ပေးသမျှ ဒဏ်ရာတွေ ကျွန်မ ယူခဲ့တာပဲ။ အဲဒီတုန်းက ရှင် စာနာတတ်ခဲ့သလား၊ ငဲ့ညှာတတ်ခဲ့လို့လား။ အခု သူ့အလှည့်မှာလည်း ငါ့ကို လက်ခံနိုင်အောင် ကြိုးစားပါ၊ သူ သစ္စာရှိခဲ့တုန်းက ငါ ဖောက်ခဲ့တဲ့





သစ္စာအတွက် တန်ပြန်သက်ရောက်မှုတွေ လိုချင်သည်ဖြစ်စေ၊ မလိုချင်သည်ဖြစ်စေ ငါ့ကို ယူရမှာပဲတဲ့လေ"

"ဪ"

သူပြောတာလည်း ဟုတ်နေတော့ ဝေယံကျော် ဘာမှအကြံမပေးနိုင်တော့ပေ။ နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးက အချစ်ကြောင့်ရတဲ့ ဒဏ်ရာတွေကြောင့် ဒီလိုတွေ ပြောတတ်ခဲ့ပြီပေါ့။

"ပြီးတော့…ပြောသေးတယ်"

"အင်း…ဆက်ပါဦး"

"သူ လက်ထပ်တော့မယ်တဲ့"

"ဗျာ"

"သူပြောသလိုပဲ ငါတော့ အရူးရင့်နေပါပြီကွာ"

ပြောရင်း ရီဝေဝေးမောသွားတဲ့ မျက်ဝန်းတွေကို မြင်ပြီး မကြည့်ရက်ပေမယ့် ဘာတတ်နိုင်မှာလဲလေ။

ဒါ…

သူ ရွေးချယ်ခဲ့တဲ့လမ်းပဲဥစ္စာ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၉)

စစ်သည်နဲ့မွေး နှစ်ယောက်သား ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်နှင့် မွေးက ချစ်သူတွေ လက်ဆောင်ပေးတတ်ကြသော အရုပ်ကလေးတွေကိုမြင်တော့ လှတာနှင့် ဟိုကိုင်ကြည့် ဒီကိုင်ကြည့်ပါ။ စစ်သည်က ဖန်ခွက်သေးသေးလေးတစ်စုံကို ကိုင်ကြည့်ကာ…

"နင် ဘာလိုချင်လဲ မွေး…လိုချင်တာယူလေ…ငါ ဝယ်ပေးချင်လို့ပါ။ ဒါလေးတွေက ချစ်သူတွေအတွက် ဖန်တီးထားတဲ့ လက်ဆောင်လေးတွေဆိုတော့လေ။ ဒီဖန်ခွက်ကလေးတွေ ယူမလား နင်နဲ့ငါ တစ်ယောက်တစ်လုံး သိမ်းထားလို့ရတာပေါ့"





မွေး…စစ်သည်လက်ထဲက ဖန်ခွက်ကလေးနှစ်လုံးကို ယူကြည့်လိုက်သည်။ ဖန်ခွက်ကလေးတွေက ချစ်စရာလေးတွေမို့ မွေး သဘောကျမိပါသည်လေ။ ဖန်ခွက်ကလေးကို ပွတ်သပ်ကြည့်ရင်း…

"နင် ပေးချင်ရင်ယူမယ်လေ။ ငါက တစ်လုံးပဲ ယူရမှာမို့လား"

"အင်း…နင် တစ်လုံးသိမ်းထား၊ ငါ တစ်လုံးသိမ်းထားမယ်။ နင်နဲ့ငါ လက်ထပ်ပြီးရင်တော့ တစ်စုံပြန်ဖြစ်သွားတာပေါ့"

"အံမယ်…နင့်ကို ဘယ်သူက လက်ထပ်မယ်ပြောလို့လဲ"

"ဟင်…လက်မထပ်ဘူးလား"

"မထပ်ဘူး"

"ငါက ရအောင်ယူမှာ"

"အံမယ်…ရမလား…ငါက အရုပ်မှမဟုတ်တာ"

"အရုပ်ဆို အသက်မှမရှိတာ ဘယ်လိုလုပ်ပြီး ချစ်လို့ရမှာလဲ။ ချစ်လို့ရတဲ့လူမို့လို့ ရအောင်ယူမယ်လို့ ပြောတာပေါ့ဟ"

မွေး မျက်စောင်းလေး ဝေ့ကနဲရောက်လာတော့ စစ်သည်က ရယ်နေလေသည်။ မျက်စောင်းထိုးတဲ့ လူအများစုရင်ထဲမှာ အမုန်းထက် ချစ်လို့ခင်လို့သာ ထိုးတဲ့မျက်စောင်းတွေက များသည်ပဲဥစ္စာ။ သူတို့နှစ်ယောက်ကို တစ်နေရာကနေ မမှိန်မသုတ် ကြည့်နေသူတစ်ဦး ရှိပါသည်။ သူကတော့…

အဠလီပါပဲ…

ဒီလိုလာဆုံကြတာ အမှက်တမဲ့ဆုံခြင်း မဟုတ်ပေ။ စစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သွားတတ်လဲ၊ စစ်သည် ဘယ်လာတတ်လဲ၊ ဘာလုပ်တတ်လဲ၊ တတ်နိုင်သလောက် အသေးစိတ် စုံစမ်းပြီး ဒီနေ့လည်း သူတို့နောက်ကို နောက်ယောင်ခံပြီး လိုက်လာခဲ့တာပါ။

ဒါကြောင့်…

သူမ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး သူတို့ဆီသို့ လျှောက်သွားလိုက်သည်။ ပြီးမှ မတော်တဆပုံစံနှင့် ဖန်ခွက်ကလေးကိုင်ထားတဲ့ မွေးလက်ကို တိုက်ချပစ်လိုက်တော့…

"အမေ့"

"ဟင်"

"ခွမ်"

"ဟာ"

မွေးလက်ထဲက ဖန်ခွက်ကလေး လွတ်ကျပြီး ကွဲသွားလေလျှင် မွေးမျက်နှာပျက်စွာနှင့် အဥ္စလီမျက်နှာကို ဖျတ်ကနဲ ကြည့်လေတော့…

"ဆောရီး…ဆောရီးနော်…မတော်တဆ တိုက်မိသွားတာပါ အပ္ပနှ်း"

"အဥ္စလီ"

အဥ္စလီက ခေါင်းညိတ်ပြီး ရယ်နေတာ မခိုးမခန့်ပါ။ ဒါကိုက မတော်တဆ မဟုတ်ဘူးဆိုတာကို ဖော်ပြနေတာ။ စစ်သည်စိတ်ထဲမှာ တင်းကနဲဖြစ်သွားပြီး…

"မတော်တဆ…ဟုတ်လား"

"အင်း…ဟုတ်တယ်လေ၊ မယုံဘူးလား…မယုံလည်း မတတ်





နိုင်ဘူး"

"ယုံစရာမှမရှိတာ…မတော်တဆက ဒီလောက်တောင် ထိထိမိမိ တိုက်ရသလား"

"စစ်သည်"

"ဟင်"

မွေး…စစ်သည်လက်မောင်းကို ဆုပ်ကိုင်ထားလိုက်၏။ ဒီမိန်းမ ဘာအချိုးချိုးတာလဲ စဉ်းစားလို့ရပြီလေ။

ဒါကြောင့်…

"ပြောမနေပါနဲ့တော့ စစ်သည်ရယ်…ဖန်ခွက်ကွဲတာ အစားဝယ်လို့ရတာပဲ။ အဓိက လိုအပ်တာက တို့နှစ်ယောက် မကွဲဖို့ပဲလေ။ ဘယ်လိုအနှောင့်အယှက် အတားအဆီးတွေပဲရှိရှိ နင်နဲ့ငါ လက်တွဲမဖြုတ်ကြေးနော်"

စစ်သည် သဘောပေါက်စွာ ခေါင်းညိတ်လိုက်ပြီး ဒါကိုပဲ အခွင့်အရေးယူရမည်ဖြစ်ကာ…

"ဒါဆို…နင် ငါ့ကို ချစ်တယ်ပေါ့…ဟုတ်လား"

"ချစ်တာပေါ့ စစ်သည်ရဲ့…ချစ်တာမှ ၂၀၂၈ မေတ္တာနဲ့ချစ်တာ။ အဲဒါကြောင့် ငါ နင်နဲ့လက်တွဲဖို့ ဆုံးဖြတ်လိုက်ပြီ"

"တကယ်"

"တကယ်ပေါ့"

"ဝမ်းသာလိုက်တာ မွေးရယ်"

"နင် ငါ့အပေါ် သစ္စာမဖောက်ရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ…သေတပန် သက်တဆုံးကို ချစ်သွားမှာ။ သားတွေ သမီးတွေ မြေးတွေရတဲ့အထိနော်"

"ဟယ်…အကောင်းပြောနေရင် ဘာတွေပါလာတာလဲ… ရှက်စရာကြီး"

"ဘာရှက်စရာရှိလို့လဲ…အဲဒါ သဘာဝပဲဥစ္စာ"

ရွှဲတဲ့သူတွေက ရွှဲပြောနေတာတောင် ကြည့်တဲ့သူက ရွှဲကြည့်နေတာ လက်ပိုက်၍ ခပ်မိန့်မိန့်ပါ။

"ကဲ…ဒီတစ်ခါ တစ်မျိုးပြောင်းဝယ်မယ်။ ဒီဘဲလေးနှစ်ကောင်ကို မွှေး သဘောကျလား။ သူတို့ကတော့ ခွဲလို့မရတော့ဘူးလေ။ မွှေး သိမ်းထားပေါ့"

"အင်း…သဘောကျပါတယ်"

"ဒါဆို…ယူလေ"

အရောင်းဝန်ထမ်းကောင်မလေးတစ်ယောက် အနားကိုရောက်လာတော့…

"ညီမ…ဒီဖန်ခွက်အကွဲစတွေ သိမ်းလိုက်ပါဦးနော်…ဒီတစ်လုံးကတော့ ပြန်ထားခဲ့မယ်။ ဒါပေမယ့် ပိုက်ဆံတော့ အကုန်လုံးအတွက် ရှင်းခဲ့မှာပါ"

"အဲဒီဖန်ခွက်ကလေးပါ ယူသွားလိုက်ပါ အစ်ကို…အစ်ကို မလိုချင် လမ်းကျမှ လွှင့်ပစ်လိုက်ပေါ့"

"အင်း…အဲဒါလည်း ဖြစ်ပါတယ်"

အရှက်မရှိဘူးလားတော့ မသိပေ။ သူများချစ်သူတွေ ပြောသမျှ၊





ဆိုသမျှ၊ လှုပ်ရှားသမျှကို လိုက်ကြည့်နေတာ လက်ပိုက်မပျက်ပေ။ ဘာကိစ္စအတွက် လိုက်ကြည့်နေတာလဲ။ ကိုယ့်အကြောင်းမပါဘဲနဲ့ ထွက်မသွားသေးတာတော့ လွန်ပြီ။

"ဒီမှာ"

"ဟင်"

"မင်း…ဘာကိစ္စနဲ့ တို့နှစ်ယောက်ကို တရားခံလို စောင့်ကြည့်နေတာလဲ။ မင်း သွားစရာရှိတာကိုသွားလေ"

"သွားစရာမရှိပါဘူး…စစ်သည်ရှိနေတဲ့နေရာက တို့အတွက် လမ်းဆုံးပဲ"

"စစ်သည်တို့နှစ်ယောက်ကို တို့…တစ်ခုခု လိုက်ကျွေးချင်တယ်…လိုက်ခဲ့ပါနော်"

စစ်သည် မဲ့ကနဲဖြစ်သွားပြီး…

"ဇယားလာမရှုပ်နဲ့…ငါ ဝေယံရှိန်မဟုတ်ဘူး။ အားနာပါးနာနဲ့ လိုက်ရလောက်အောင်လည်း မင်းနဲ့ မရင်းနှီးဘူး အဋ္ဌလီ…ကျေးဇူးပြုပြီး ကိုယ့်လမ်းကိုယ်သွားပါ"

"ကဲပါ စစ်သည်ရယ်…သူ မသွားလည်း တို့သွားရအောင်နော်"

"အင်း"

မွှေးလက်ကလေးကို ဆွဲပြီး စစ်သည် ထွက်သွားဖို့ပြင်လိုက်တော့ အဋ္ဌလီ သူမလည်း ထွက်သွားဖို့ပြင်သလိုနှင့် မွှေး လှမ်းသော ခြေထောက်ရှေ့သို့ ခြေထိုးခံလိုက်လေလျှင်…

www.burmeseclassic.com



"အမေ့"

"မွေး"

မွေး လဲကျမလိုဖြစ်တော့ စစ်သည် လှမ်းထိန်းလိုက်ရာ မွေး ကိုယ်လေး စစ်သည်ရင်ခွင်ထဲသို့ ရောက်သွားလေ၏။ စစ်သည်က အကင်းပါးသူမို့ မသိဘဲနေပါ့မလား။

ဒါကြောင့်…

"မင်း…ဘယ်လိုလုပ်လိုက်တာလဲ"

"ဟင်…ဘာလုပ်လို့လဲ…မတော်တဆပါ"

"တောက်"

ပြန်လှည့်ကြည့်ပြောလိုက်တဲ့ရုပ်က မချိုမချဉ်။ ပြီး ထွက်သွားတော့လည်း ဆံပင်တွေ နွံ့ခါသွားအောင် လှုပ်ခါသွားတာ ကိုင်ပေါက်ချင်စရာပါပဲ။

"ဒီမိန်းမကွာ"

"ပြောမနေပါနဲ့တော့ စစ်သည်ရယ်…နောက်တွေ့ရင် ရှောင်သွားကြတာပေါ့"

"သူ တမင်လုပ်တာ ငါ သိတယ်။ ဖန်ခွက်မှာကတည်းက တမင်လုပ်တာ။ အဲဒီမိန်းမ…တောက်…ငါ ပြောလိုက်ရရင် အတုံးလိုက်အတစ်လိုက် ဖြစ်တော့မယ်"

"ရန်ကိုရန်ချင်း မတုံ့နှင်းနဲ့ စစ်သည်…မေတ္တာဆိုတာ ကိုယ့်အတွက် အကောင်းဆုံးလက်နက်ပါ။ မေတ္တာတရားနဲ့ပဲ ခွင့်လွှတ်လိုက်ပါ"





"ဘာ"

ဘာသံက ကျယ်သွားတော့ မွေး သူ့ကို မော့ကြည့်ကာ…

"ငါ့ကို မအော်ပါနဲ့"

"ကျွတ်"

အရေးထဲ သူ့ကို အော်တယ်ထင်ရသေး။ ဒီက ဟိုတစ်ယောက်ကို စိတ်တိုနေတာလေ။ ကိုယ်က မပတ်သက်တဲ့ သူက အတင်းလိုက်ပတ်သက်ပြီး နှောင့်ယှက်နေတာ ဘာရည်ရွယ်ချက်နဲ့လဲ။

"နင့်ကို အော်စရာလား မွေးရယ်…ငါ ဟိုတစ်ယောက်ကို စိတ်တိုနေမှန်းသိရဲ့နဲ့"

"……."

"နင် အပြစ်ပြောချင်လည်း ပြောတော့…အဲတစ်ယောက် တမင်လိုက်ပြီး နှောင့်ယှက်နေတာကို ငါ ဘယ်လိုမှ မေတ္တာမထားနိုင်ဘူး။ သူ မကောင်းရင် ကိုယ်လည်း ဆိုးမှာပဲ"

မပြောတော့ပါဘူး စစ်သည်။ ဟိုတစ်ယောက်တုန်းကတော့ မေတ္တာတွေထားလွန်းလို့ ကိုယ်ရင်နာပြီး ကျန်ခဲ့ရတာလေ။ စစ်သည်ကိုတော့ သူမ ယုံကြည်ပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ဒီနေ့ မွေးရဲ့မွေးနေ့…

နေ့ရော လရော တစ်ထပ်တည်းကျလို့ ဒီနေ့ ကြာသပတေးနေ့လေ။ ဒါကြောင့် မွေးနေ့လက်ဆောင်ပေးချင်လို့ ဝေယံရှိန် လာခဲ့ခြင်းမှာ မွေးနဲ့ စကားတွေလည်း အများကြီးပြောချင်သည်။ ကိုယ့်အမှားတွေ အတွက်လည်း တောင်းပန်ချင်သည်လေ။ အရောင်လှတဲ့အတုကို မက်မောမိခဲ့လို့ အစစ်ကို ဆုံးရှုံးသွားတာ။

တွေးမိလိုက်တိုင်း…

မာယာများတဲ့ အစ္စလီကိုပဲ ဒေါသထွက်မိ၏။ တကယ်တမ်းကျတော့ မွေးလိုမိန်းကလေးမျိုးကို သူ အဆုံးရှုံးမခံချင်။ အဆုံးရှုံးမခံချင်ပေမယ့် မွေးမှာ လက်ထပ်ရမယ့်သူ ရှိနေပြီဆိုတော့ သူ ဘာလုပ်ရမလဲ။





လက်ထဲမှာကိုင်လာတာ…

ကဗျာစာအုပ်လေးတစ်အုပ်နဲ့ လက်စွပ်ဗူးလေးပါ။ ဒီနှစ် မွေးရဲ့ မွေးနေ့မှာ ဒီလက်စွပ်ကလေးပေးမယ်လို့ ရည်ရွယ်ပြီး လုပ်ထားခဲ့တာကြာပြီ။ ဒီလက်စွပ်ကလေးလုပ်ပြီးမှပဲ အစ္စလီနဲ့ဆုံကာ ကမောက်ကမတွေ ဖြစ်ခဲ့တာပါ။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲရှင့်"

"ညီမက ဒီအိမ်ကလား"

"ဟုတ်ကဲ့…ကျွန်မက ဒီအိမ်မှာ ထမင်းချက်တဲ့ ယင်းမာပါရှင်"

"ဪ"

"အစ်ကို ဘယ်သူနဲ့ တွေ့ချင်လို့လဲ…ကျွန်မ ဘာပြောပေးရမလဲရှင့်"

"အစ်ကို မွေးနဲ့ တွေ့ချင်လို့ပါ။ သူ့ကို ခဏလောက် ခေါ်ပေးပါလား ညီမ"

"ဘယ်သူလို့ ပြောပေးရမလဲ အစ်ကို"

"ဝေယံရှိန်လို့ ပြောပေးပါ"

"ဟုတ်ကဲ့"

ယင်းမာဆိုတဲ့ကောင်မလေး လှည့်ထွက်ဖို့ပြင်လိုက်စဉ်…

"ဪ…ညီမ"

"ရှင်"

သူခေါ်လိုက်တော့ ယင်းမာက လှည့်ကြည့်လေလျှင်…



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက သူ့ကို ဘာမှမနှောင့်ယှက်ပါဘူး။ ပေးစရာလေးရှိလို့ ခဏပဲ ထွက်တွေ့ပါလို့ ပြောပေးနော်"

"ဟုတ်ကဲ့ရှင့်"

ကောင်မလေး ထွက်သွားသည့်တိုင် ဝေယံရှိန်မှာ သက်ပြင်းမချနိုင်သေးပေ။ ဘာလို့လဲဆို ဟိုက ဘာပြောဦးမယ်မှန်းမှ မသိတာလေ။

ဩော်…တစ်ကျော့ပြန်အချစ်က ပိုပြီး စူးနစ်သတဲ့လား။

မွှေးရယ်…မောင် မွှေးကို အရမ်းချစ်တယ်။ ဒီတစ်ခါတော့ သေတဲ့အထိ ချစ်သွားမှာပါ မွှေးရယ်။

"မမမွှေး"

"ဟင်"

"မမမွှေး"

"ဘာလဲ ယင်းမာ"

"မမမွှေးနဲ့ တွေ့ချင်လို့တဲ့…ခြံရှေ့မှာ လူတစ်ယောက် စောင့်နေတယ် မမမွှေး"

"ဘယ်သူလဲ…နင် မမေးခဲ့ဘူးလား"

"သူ့နာမည်က ဝေယံရှိန်တဲ့"

"ဘာ"

မွှေး ထိုင်နေရာကနေ ထရုပ်လိုက်မိ၏။ သူ ဘာလာလုပ်တာလဲ။ သူနဲ့မွှေးနဲ့ ပတ်သက်စရာအကြောင်းမှ မရှိတော့တဲ့လေ။ ငါးလွှန်မှ ကွန်လွှတ်လိုက်တော့ အမှိုက်နဲ့ဒိုက်ပဲရမှာပေါ့။

"သူက ပြောခိုင်းသေးတယ် မမမွှေး"





"ဘာတဲ့လဲ"

"သူ ဘာမှမနှောင့်ယှက်ပါဘူး။ ပေးစရာလေးရှိလို့ ခဏပဲ ထွက်တွေ့ပါလို့ ပြောခိုင်းတာပါ"

ဘာပေးစရာရှိတာလဲ။ ချစ်သူဘဝကတည်းက သူ ဘာပဲပေးပေး မွှေး လက်မခံခဲ့ဘူးလေ။ ကံကြမ္မာကို မယုံရဲလို့ အမှတ်တရတွေ ဖြစ်မှာစိုးတာကြောင့်ပါ။ ခုတော့ ပေးစရာရှိတယ်ဆိုတာ ဘာလဲ။ သိရအောင်တော့ သွားကြည့်မယ်လေ။ လက်ခံသင့် လက်မခံသင့်ကတော့ ဟိုရောက်မှ ဆုံးဖြတ်ရမှာပေါ့။

စစ်သည်ကျူတော့…

လူကြီးချင်းသဘောတူထားသည့်အပြင် အချင်းချင်းကလည်း သံယောဇဉ်ရှိသည်ဆိုတော့ မလွဲမသွေ လက်ထပ်ဖြစ်ကြမှာပဲလေ။ ဒါကြောင့် သူဝယ်ပေးတဲ့ လက်ဆောင်တွေကို ယူခဲ့တာပါ။ ပြီးတော့ ငယ်ငယ်ကတည်းက သူနဲ့ကိုယ့်ကြားမှာ ဒါတွေက ဆန်းမှမဆန်းတော့တာ။

"ကောင်းပြီ…ငါ သွားလိုက်မယ်"

ပြောပြီး မွှေး ထွက်လာခဲ့တော့၏။ ခြံဝကိုရောက်တော့…

"ကဲ…ပြော…ဘာလာလုပ်တာလဲ ကိုဝေယံရှိန်"

"မွှေး"

"ကျွန်မ ပြောပြီးပြီပဲ။ ရှင်နဲ့ကျွန်မ ဘာမှပတ်သက်စရာအကြောင်း မရှိတော့ဘူးလို့"

"မောင် သိပါတယ် မွှေးရယ်…ဒီနေ့ မောင်…လာခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မွေးကို မွေးနေ့လက်ဆောင် ပေးချင်လို့ပါ။ နောက်ဆုံးအနေနဲ့တော့ လက်ခံပေးပါ မွေးရယ်…နော်”

မွေး တွေကနဲ ဖြစ်သွားလေ၏။ နောက်ဆုံးပါတဲ့။ လူကြီးတွေကတော့ နောက်ဆုံးဆိုတဲ့စကားကို မပြောကောင်းဘူးတဲ့လေ။ ဟိုတုန်းကလို ချစ်သူတွေဆိုရင်တော့ မောင်ရယ် နောက်ဆုံးဆိုတဲ့စကားကို မပြောပါနဲ့ဆိုပြီး သူ့ပါးစပ်ကို ပိတ်လိုက်မိမှာပါ။

အခုတော့…

ဘာမှမဆိုင်တဲ့သူစိမ်းတွေ ဖြစ်သွားပြီပဲလေ။ ဒါပေမယ့် နောက်ဆုံးဆိုတဲ့စကားကြောင့် သူပေးတဲ့လက်ဆောင်ကို နောက်ဆုံးအကြိမ်ယူလိုက်ဖို့…

“မောင်ပေးမယ့်လက်ဆောင်က မွေးအတွက် တန်ဖိုးမရှိမှန်း မောင် သိပါတယ်”

“ကောင်းပြီလေ…ရှင် ဘာပေးမှာလဲ…ပေး”

ဝေယံရှိန် ကဗျာစာအုပ်ကလေးကို ကြည့်လိုက်ပြီး…

“မွေးက ကဗျာတွေ ရေးတာ ဖတ်တာ ဝါသနာပါတော့ ဒီကဗျာစာအုပ်ကလေး ပေးချင်လို့ပါ။ ပြီးတော့…”

သူ့စကားအပြတ်မှာ မွေး သူ့လက်ထဲက စာအုပ်ကလေးကို လှမ်းယူလိုက်၏။ စာအုပ်ကလေးက မောင်စိန်ဝင်း (ပုတီးကုန်း) ရဲ့ ကဗျာစုစည်းမှုစာအုပ်ကလေးပါ။ စာအုပ်ကို လှန်ကြည့်ရင်း ပထမဦးဆုံး ကဗျာလေးကို ဖတ်ကြည့်လိုက်တော့…

သောကခြေရာ (၁) တဲ့။





သခင်…
မြင်စမ်းတော့လေ
နေဆယ်စင်းကို၊ ရင်တွင်းလှောင်ပိတ်
သော့ချိတ်ဆွဲခတ်၊ လှပ်မပြသာ။
ကြင်နာနှောင်ငြိရစ်၊ ချစ်သတဲ့လား။
စကားသည်လို၊ ဆိုတတ်သည့်နှုတ်
ပြေးထွက်လေမှ၊ သည်ဘဝတော့
နှုတ်အ,ပြီပဲ၊ အသည်းသာရှိ
အလွမ်းချည်းကျန်။
အစဉ်…
ရင်ထဲပတ္တမြား၊ အလွမ်းကြားနှစ်
နှစ်ရှည်လကြား၊ ရာသီသာပြောင်း
ဟောင်းမယ်လို့များ၊ ထင်သလားလေ
သောကခြေရာ၊ ဝေဒနာပင်
ရှင်မြဲရှင်နေ
သခင်ကြည့်လှည့် မြင်တော်မူ…။ ။

ကောင်းလိုက်တဲ့ကဗျာ။ အရာရာကို မာနနဲ့ ထိန်းချုပ်ထားခဲ့တာ သူနဲ့ပတ်သက်ပြီးတော့ပေါ့လေ။ အခုမှ နောင်တပင် ရှင်သန်မနေနဲ့လို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး ပြောရမယ့်အစား ‘မောင်’ ရယ်လို့ ရင်ထဲမှာ တီးတိုးခေါ်မိရင်း ဘယ်ဘက်ရင်အုံဆီမှာ စူးကနဲ ဖြစ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ငေ့ချင်လာတဲ့ မျက်ရည်ကို…

နှုတ်ခမ်းတင်းတင်းစေ့ပြီး ထိန်းထားပေမယ့် ရင်ထဲမှာတော့ မျက်ရည်တွေ ခကုန်ပြီထင်ပါရဲ့။ တစ်ချိန်က ရင်နင့်အောင် ချစ်ခဲ့ရတဲ့ ချစ်သူပဲလေ။ သူ့မှာ အပြစ်တွေလို့ ကိုယ်က အသစ်ရှေ့မှာ ကြာနှယ်ရိုးလို ချိုးလိုက်ပေမယ့် အရိုးမှာ အမျှင်တန်းတော့ ကျန်သေးတာပဲလေ။

မာန…

နင့်မှာ မာနရှိတယ် မွေး။ ကိုယ့်ရင်ဘတ်ကို တစ်ခါပြန်အစမ်းမခံနဲ့။ သူ့လက်က ကြမ်းနေပြီလေ။ မောင်လို့ နင် ခေါ်ချင်ရင် လူမသိတဲ့ ရပ်ဝန်းဒေသမှာပဲ ဝအောင် မောင်လို့ တိတ်တဆိတ်ပဲ ခေါ်လိုက်စမ်းပါ။

"မွေး"

"…………"

"မောင်ခေါ်နေတာ ကြားရဲ့လား…ပြန်ထူးပါဦး မွေးရယ်"

"ဟင်…ရှင်"

"ကောင်းစစ်သည်နဲ့ မွေးအတွက်"

နောက်ထပ် ကမ်းလာတဲ့လက်က တဆတ်ဆတ်တုန်နေသည်။ မျက်နှာကို မော့ကြည့်လိုက်မိတော့ ချက်ချင်း မျက်နှာပြန်လွှဲလိုက်မိ၏။ သူ့မျက်ဝန်းမှာ မျက်ရည်တွေနဲ့လေ။ မွေး မမြင်ပါရစေနဲ့။ မွေး မကြည့်ပါရစေနဲ့။ မပြတ်သားနိုင်တဲ့ နှလုံးသားက စစ်သည်အတွက် အားသာချက်ကတော့…

ဆုံးဖြတ်ချက်ချပြီးရင် ဘယ်တော့မှ ပြန်မပြင်တတ်ခြင်းပါပဲ။ မငိုပါနဲ့ မောင်…မောင် ယောကျ်ားမဟုတ်ဘူးလား။ ဒီကြိုးကို မောင်ပဲ





ဆွဲခဲ့တာပါ။ အခု ကြိုးပြတ်သွားမှတော့ ပြန်ပြီးထုံးမနေပါနဲ့တော့။

"မောင့်နှလုံးသားနဲ့ ထုံမွှန်းထားတဲ့ ဒီပစ္စည်းလေးကို လက်ဖွဲ့အဖြစ် ပေးခဲ့ပါရစေ။ မွေး လက်ခံပါနော်"

"…………"

"ယူပါနော်…မောင်…နောက်ဆုံး"

"တော်ပါတော့…ကျွန်မ ယူပါ့မယ်"

အသံတုန်တုန်နှင့်ပြောမိပြီး ယူလိုက်ပြီးနောက်…

"မွေး…သွားလို့ရပါပြီ"

"…………"

"မောင့်ဆန္ဒတွေ ပြည့်ဝသွားတဲ့အတွက် မောင် ကျေနပ်ပါတယ် မွေးရယ်။ မွေး သွားပါ…ထွက်သွားတဲ့ မွေးရဲ့ကျောပြင်ကိုကြည့်ပြီး မောင် ကျန်ရစ်ခဲ့ပါရစေ"

မွေး ခေါင်းညိတ်ပြီး သူ့ကို ကျောခိုင်းလိုက်တော့၏။ ပြန်လှည့်မကြည့်မိအောင်လည်း စိတ်ကို တင်းထားရသည်။ သူ ဘယ်လိုမျက်နှာမျိုးနဲ့ ကြည့်ကျန်ရစ်ခဲ့မှာလဲ။

ဘယ်လိုပဲကြည့်ကြည့်…

အခု ကိုယ်မှတ်ထားရမှာက ကောင်းစစ်သည်သာလျှင် သူမရဲ့ ဘဝလက်တွဲဖော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ကဗျာစာအုပ်ကလေးကို သူ ပေးခဲ့တုန်းကတော့ အစအပုဒ် ကလေးကို ဖတ်မိပြီး ရင်နင့်ခဲ့ရသည်လေ။ အခု နောက်ဆုံးကဗျာ တစ်ပုဒ်ကို လှန်ကြည့်လိုက်တော့…

ညိုနဲ့ကို တဲ့။
မတွေ့တာ နေ့တွေများ
မေ့နေမလား စိုးတယ်ဆို။
ကြားယောင်ကာ ကျွမ်းအမြိုက်
လွမ်းလိုက်တာ ညို…။
တစ်စိတ်တည်းရှိတဲ့ တို့နှစ်ကိုယ်
ညို့အလို ကိုသိ
ကို့အလို ညိုသိ။





ကံအကုန်တစ်သက်
ပြန်အဆုံခက်တဲ့လမ်းမှာ
လွမ်းစရာတွေ ဆူးအဖြစ်နဲ့
စူးနစ်ပြန်၏။ ။

ကဗျာချစ်သူတစ်ယောက်အနေနဲ့ရော ကိုယ့်ရင်ထဲက ခံစားချက် တွေကြောင့်ရော ကဗျာလေးကို ဖတ်ပြီး ရင်ထဲမှာ စူးစူးနစ်ပါ။ ညိုနဲ့ကို တဲ့။ အခုတော့ မွေးနဲ့မောင်ပေါ့လေ။ အရင်က သူ့လိုကိုယ်သိ၊ ကိုယ့် အလိုသူသိကြပေမယ့် အရင်ဆုံး အဲဒီအသိတွေကို ဥပေက္ခာပြုခဲ့တာက မောင်ပဲလေ။

ဪ…မောင်ရယ်။

ဘာရည်ရွယ်ချက်နဲ့များ ဒီကဗျာစာအုပ်လေးကို မွေးနေ့ လက်ဆောင်ပေးခဲ့ရတာလဲ။

"ဟင်…မောင် ဒိုမိနို မှာလိုက်တာလား"

"ဟုတ်တယ်လေ…မွေးက ဒိုမိနိုကြိုက်တာ မောင် သိနေတာ ပဲဥစ္စာ"

"မောင်က ဖာလူဒါကြိုက်တာကို"

"အင်း"

"အဲဒါနဲ့ ဘာလို့ မောင့်ဖို့ပါ ဒိုမိနို မှာရတာလဲ"

"မွေးအကြိုက်ကို မောင်ပါကြိုက်နိုင်အောင် ခုကတည်းက ကြိုးစားနေတာလေ"

အဲဒီတုန်းက သူငါ့ကို တော်တော်ချစ်တာပဲလို့ မွေး အရင်တုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရတာပါလေ။ သူ့အပေါ် ယုံလည်းယုံကြည်သလို အားကိုးချင်စိတ်တွေလည်း ဖြစ်တည်ခဲ့တာ တဖွားဖွားပါ။

"မွေးလည်း မောင့်အကြိုက်လိုက်ပြီး ဖာလူဒါ သောက်မလို့ မောင်ရဲ့…ခုတော့ မောင်က ဦးသွားပြီ"

"ဟုတ်လား"

"ဟုတ်"

"မောင်က ပိုချစ်တာကိုး မွေးရဲ့…အဲဒါကြောင့် မောင်က ဦးသွားတာ"

"အပွန်း"

"ဘာရယ်တာလဲ"

"ယုံတယ်လို့"

ပြောပြီး မွေး အရယ်မပျက်ရှိနေတော့ မောင်က မွေးနဖူးကို ဖွဖွထုခဲ့သေးသည်လေ။

ဩော်…ခုတော့လည်းလေ…။

"မွေး"

ခေါ်သံနှင့်အတူ သူ့ရင်ခွင်ထွေးကြောင့် မွေးရဲ့ပခုံးလေးတစ်ဖက် နွေးသွားလေသည်။ မွေး သူ့မျက်နှာကို မော့ကြည့်လိုက်တော့…

"စိတ်ကို တင်းမထားနဲ့လေ မွေးရဲ့…ငိုချင်ငိုလိုက်ပါ။ ငါ့ပခုံး တစ်ဖက်က နင့်အတွက် အမြဲတမ်း အားပေးနှစ်သိမ့်ပေးဖို့ပါ"

"မငိုပါဘူး…ငါက ဘာလို့ငိုရမှာလဲ စစ်သည်ရဲ့"

"နင် ဒီကဗျာလေးကိုဖတ်ပြီး ဟိုတစ်ယောက်ကို သတိရနေ





ဘာမဟုတ်လား။ ငါ နားလည်ပါတယ်။ စကားပုံတောင်ရှိသေးတာ ပဲ။ အချစ်ဦးကို မြေဦးရတောင် မမေ့ဘူးဆိုတာလေ"

"နင်ကလည်း ပြောတော့မယ်"

"မဟုတ်လို့လား"

"ဘာလဲ…နင်က ငါ့ကို ရွဲ့ပြီး လက်ခံတယ်ထင်လို့လား။ နင် ငါ့အချစ်ကို မသက်မဖြစ်နဲ့ စစ်သည်…မွေးဆိုတဲ့မိန်းမက နာမည် သာမွေးတာ။ မာနကတော့ မမွေးဘူး။ ကျောခိုင်းမိပြီးရင်လည်း ဘယ် တော့မှ ပြန်လှည့်မကြည့်တတ်ဘူး။ လူတစ်ယောက်ကို တကယ်မချစ် ဘဲနဲ့လည်း အတုအယောင်တွေ ငါ မပေးဘူး စစ်သည်"

စစ်သည်…မွေးမျက်နှာလေးကို ခပ်တွေတွေလေး ကြည့်နေမိ၏။ ဒဏ်ရာမကင်းပေမယ့် သဘောဖြူအူစင်း မွေးအကြောင်းကို ငယ်ပေါင်းမို့ မသိဘဲနေပါ့မလားလေ။ မွေးက ပစ္စည်းတစ်ခု၊ အရာ ဝတ္ထုတစ်ခုကို မြတ်နိုးပြီဆိုရင် တယုတယ သိမ်းတတ်ပြီး တစ်ခုခု ဖြစ်ပြီဆိုရင်လည်း လွှင့်ပစ်ပြီး နောက်ပြန်လှည့်မကြည့်တတ်ဘူးလေ။

ကိုယ့်ကို ချစ်တယ်ဆိုတာလည်း…

မယုံမရှိပေမယ့် သူ့နှုတ်ဖျားက ဖြေတာလေးကို ထပ်ကြားချင် တာမို့…

"ဒါဆို နင် ငါ့ကို တကယ်ချစ်တာပေါ့"

"အဟုတ်…တကယ်"

"ဘယ်လောက်ချစ်လဲ"

"ဒီလောက်"



www.burmeseclassic.com

www.burmeseclassic.com



မွှေး လက်ကလေးနှင့် 'ဝ'လုံးကွင်းပြလေတော့ စစ်သည်က ထိုလက်ကလေးကို ဆုပ်ကိုင်ပြီး ရယ်လေသည်။ ပြီးမှ မွှေးခေါင်းလေးကိုပုတ်ပြီး…

"တော်တော်ချစ်ရှာတာပဲ"

"များလို့လား…များရင် လျှော့လိုက်မယ်လေ။ ဒီလောက်ကလေး"

မွှေး လက်ဆစ်ကလေးမှာ လက်မလေး ကပ်ပြလေတော့…

"ရပါတယ်…နင် လုံးဝမချစ်လည်း ငါကတော့ ငါ့ရင်ဘတ်နဲ့မဆန့်အောင် နင့်ကို ချစ်တယ်။ အရင်က အခု နောင်ရောပေါ့"

"စစ်သည်ရယ်"

စစ်သည်ရဲ့အချစ်ကို မွှေး ယုံကြည်ပါသည်လေ။ ဒါကြောင့် သူ့ခါးကို ဖက်လိုက်မိ၏။ ဝေယံရှိန်နဲ့တုန်းက သူ နမ်းရင်တောင် ရှက်လို့ခေါင်းငုံ့နေခဲ့တာ။ အခု စစ်သည်က ကိုယ်နဲ့ လက်ထပ်ရမယ့်သူပဲလေ။ ပြီးတော့ ကိုယ့်အပေါ် နားအလည်နိုင်ဆုံးလူ။ ခုပဲကြည့်ပါလား။

မွှေးဆံနွယ်စလေးတွေကို သပ်တင်ပေးနေတာ မွှေးကိုပဲ ကလေးတစ်ယောက်လို။ သူက ငုံထားမတတ်ချစ်တော့ ကိုယ်ကလည်း ပြန်ချစ်မိတာ အပြစ်လား။ ချစ်တယ်ဆိုတာထက် သူနဲ့ကိုယ့်ကြားမှာက ကြင်နာမြတ်နိုးခြင်းတွေ။ ဒါတွေက အချစ်ထက်ပိုပြီး လေးနက်ခိုင်မာပါသည်လေ။

"စစ်သည်"

"ဟင်"





"နင့်ကို ငါ အရမ်းချစ်တယ်"

"တကယ်နော်"

"အင်း"

"တကယ်ဆို အာဘွားပေး"

"ဟင်…ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့…ချစ်ရင်ပေး"

"ကလေးဆိုးကြီးပါလား"

"ဒီတစ်ခါလေးတော့ ဆိုးခွင့်ပြုပါ…နော်"

အတင်းပဲ သူ့ပါးကို မွှေး နှာခေါင်းရှေ့သို့ တိုးကပ်ပေးလေတော့ မွှေး ရှက်ရှက်နှင့်ပဲ နမ်းလိုက်ရသည်။ သူမ ယောကျ်ားတစ်ယောက်ကို နမ်းဖူးတာတော့ ဒါ ပထမဆုံးအကြိမ်ပါ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၂)

ကားပေါ်က ဆင်းလာတာ စစ်သည်။ အဠလီ အသင့်အနေ အထားရှိနေတာမို့ သူ ကားပေါ်က ဆင်းလာတာနှင့် ဖုန်းကိုထောင်ပြီး ဓာတ်ပုံရိုက်နေတာ တစ်ပုံပြီးတစ်ပုံပါ။ ဘာလုပ်ဖို့လဲဆိုတာ သူမပဲ သိမှာပေါ့။ သူမသူငယ်ချင်း အနှင်းက အားကျတဲ့ပုံစံနှင့်ပဲ။

"ချောလိုက်တာဟယ်...နင်က စပြီးလိုက်ကပ်ရတယ်ဆိုတာ ကပ်ချင်စရာပါပဲ။ သူ့ရဲ့ချစ်သူ ဖြစ်ခွင့်မရတောင် ညီမဝမ်းကွဲလောက် တော်ခွင့်ရရင် သိပ်ကောင်းမှာပဲ"

အဠလီက ပြန်လှည့်ကြည့်ပြီး...

"ထောလည်းထောတယ်ဟ"

"ဟုတ်လား"

"အင်း"





"ဒါဆို မိအောင်သာဖမ်း အဠလီ...မလွှတ်စေနဲ့ သိလား။ နောက်ဆုံး မောမောပန်းပန်းက ပြန်လာရင်တောင် သူ့မျက်နှာလေး မြင်လိုက်ရရင် အမောပြေမှာဟ"

"မိအောင်ဖမ်းမှာပါ...ရှိသမျှ ဘယ်လက်နက်ကိုပဲ သုံးရသုံးရ ပေါ့"

"ဟယ်...ဂယ်ကြီးလား"

"ရှူး"

အဠလီ ဒီနေ့ စစ်သည် ဒီကုမ္ပဏီကို လာမည်ဆိုတာကို ကြိုသိထားသည်လေ။ ဘာလို့လဲဆို သူမက ဒီကုမ္ပဏီမှာ အလုပ်လုပ်နေတာကိုး။ စစ်သည် သူမတို့နှင့်နီးလာတော့ အနီးကပ်တစ်ပုံ ဆွဲရိုက်ပြီး မသိသလို ကျောခိုင်းနေလိုက်သည်။

သူ လွန်သွားပြီဆိုမှ...

ဖုန်းထဲက သူ့ဓာတ်ပုံတွေ ပြန်ဖော်ကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်မိသည်လေ။ ကောင်းစစ်သည်...ရှင် မှတ်ထားလိုက်ပါ။ ရှင် မွေးနဲ့ လက်မထပ်စေရဘူး။ ရှင် လက်ထပ်ရမယ့် ရှင့်ရဲ့သတို့သမီးဟာ အဠလီပဲ ဖြစ်စေရမယ်။

"အဠလီ"

"ဟင်"

"နင်ကလည်း ဘာကို သဘောကျပြီးပြုံးတာလဲ။ ငါ့ကိုလည်း ပြောပြပါဦးဟ"

"ငါ့အိမ်တွေးနဲ့ငါပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…အဲလိုလျှိုမထားနဲ့လေ အဥ္စလီရဲ့…ငါ့ကို ပြောပြပါဆို"

အဥ္စလီ ဖုန်းထဲက သူ့ကို ပြလိုက်ပြီး…

"သူ့ကို ငါ တကယ်ချစ်မိနေပြီ"

"ဟင်"

"ငါ့ကိုယ်ငါလည်း အရမ်းအံ့သြနေတာ။ သူ့ကို အဲလောက်အထိ ချစ်မိသွားလို့လေ"

"ဂေါက်ပြီ"

"ငါ ကျေနပ်တယ်"

"ထားပါ…ကဲ သွားရအောင်…တော်ကြာ သူများတွေပြောဦးမယ်"

"အေးပါ"

အေးပါဆိုပြီး ကိုယ့်အလုပ်ကိုယ်ပြန်လုပ်နေရသည့်တိုင် စိတ်က မဖြောင့်ပေ။ သူ ဘာလုပ်နေလဲ၊ ဘာတွေပြောနေလဲပေါ့။ သူနဲ့ကျမှ ကိုယ့်မှာ သူနဲ့ပတ်သက်ပြီး အရာရာကို စိတ်ဝင်စားနေမိတာ။ အစက မွေးနေ့ယှဉ်ပြီး မနာလိုတာ၊ ဝန်တိုတာ မခံစိတ်ဖြစ်တာ။ ဒါမျိုးပဲထင်ခဲ့တာလေ။

အခုက…

အဲဒါတွေကြောင့်လည်း အပါအဝင် ချစ်တာလည်း ချစ်တာပဲပေါ့။ အချစ်ဆိုတာ ဘာလဲ။ အဥ္စလီ ပထမဦးဆုံး ရည်းစားတုန်းက ချစ်ခဲ့ဖူးပါတယ်။ အချစ်ဦးဆိုတော့ ရူးရူးမူးမူးပါပဲ။ နောက်တော့ သူက





သစ္စာဖောက်သွားလို့ ကိုယ့်မှာ ခံစားလိုက်ရတာ အလူးအလိမ့်ပါပဲ။

နောက်တော့…

ကိုယ့်စိတ်ကို ဖြေသိမ့်နိုင်ဖို့အတွက် ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက်ထားရင်းပဲ ဘယ်သူ့ကိုမှ မစာနာတတ်သော မာယာများသည့်မိန်းမ၊ အသည်းခွဲကြမ်းတဲ့မုဆိုး ဖြစ်လာခဲ့သည်လေ။

အခုကျတော့…

အချစ်တွေက အသစ်တစ်ဖန် ပြန်လည်နိုးကြားလာခဲ့ပါပြီ။ သူနဲ့ကျမှပဲပေါ့။

"အဥ္စလီ"

"…………"

"ဟဲ့…အဥ္စလီ"

"အင်…ဟင်…ဘာလဲ"

"ဘာဖြစ်နေတာလဲ"

"မဖြစ်ပါဘူး"

"မဖြစ်ဘူးသာဆိုတယ် အောက်ကိုပြန်ကြည့်ဦး။ စာရင်းဇယားတွေ မှားကုန်တော့မှာပဲဟယ်…စိတ်က ဘယ်ကိုရောက်နေတယ်မသိပါဘူး"

"ဟာ…ဘယ်မှမရောက်ပါဘူး"

မဥမ္မာပြောလို့ အတင်းခေါင်းခါလိုက်ပေမယ့် အောက်ကိုတော့ ငုံ့မကြည့်ဖြစ်သေးပေ။ မဥမ္မာက မျက်နှာပျက်ပျက်နှင့်ပဲ…

"အဲဒါဆို ကိုယ်လုပ်ရမယ့်စာရင်းဇယားတွေကို လုပ်လေ



www.burmeseclassic.com

www.burmeseclassic.com



“လုပ်နေတာပဲဥစ္စာ”

“လုပ်နေရင် အောက်ကို ပြန်ငုံ့ကြည့်ဦးလေ…ဟိုမှာ နင် ကြယ်ပွင့်တွေချည်းပဲ ဆွဲထားတာ”

အဥ္ဇလီ…မဥမ္မာပြောလို့ အောက်ကို ငုံ့ကြည့်လိုက်တော့ ဟုတ်ပါရဲ့။ စာရွက်ပေါ်မှာ ကြယ်ပွင့်တွေ။ တော်သေးတာပေါ့။ စာရွက်က ဘာမှမရေးရသေးတဲ့ အဖြူသက်သက်မို့လို့။ မဟုတ်ရင် မလွယ်ပဲ…ဟူး။

“အဥ္ဇလီ”

“ဟင်”

“နင့်ကို သူဌေး ခေါ်နေတယ်”

“ဟုတ်လား”

သူဌေးခေါ်နေတယ်ဆိုတော့ အဥ္ဇလီမျက်နှာပေါ်မှာ ပြုံးပျော်ပီတိဖြစ်တဲ့ဟန်က သိသိသာသာပါ။ အဲဒီမှာ ကောင်းစစ်သည်ရှိနေတယ်လေ။ သူနဲ့တွေ့ရမှာဆိုတော့ ပျော်သွားတာပေါ့။ ဒါကြောင့် လျှင်မြန်စွာ ထလာခဲ့တော့၏။ သူဌေးရုံးခန်းထဲကိုရောက်တော့ အဥ္ဇလီ သူဌေးထက် ဦးစားပေးပြီး ကြည့်လိုက်မိတာက စစ်သည်ပါ။

ပြီးမှ…

သူ ကိုယ့်ကိုလှည့်ကြည့်အောင် အသံပေးမှဖြစ်မှာမို့…

“ကျွန်မ ရောက်ပါပြီ သူဌေး”

“ထိုင်”

“ဟုတ်ကဲ့…သူဌေး ကျွန်မကို ဘာခိုင်းစရာရှိလို့လဲမသိဘူး”





“ပြီးရင်ပြောမယ်လေ…ဘာလို့လောနေတာလဲ”

“ဟုတ်…ဟုတ်ကဲ့ပါ သူဌေး”

ဒီတော့မှ အဥ္ဇလီ ထိုင်လိုက်မိ၏။ ကိုယ် ဘာတွေ ဘယ်လိုပဲ ပြောပြော စစ်သည်က အဥ္ဇလီကို လုံးဝလှည့်ကြည့်ခြင်း မရှိပေ။ ဒါသဖြစ်ဖို့ကောင်းလိုက်တာ။ အဥ္ဇလီကိုများ ဂရုမစိုက် လှည့်မကြည့်ဘူးရယ်လို့။

“ကိုကောင်း”

“…………”

“အဥ္ဇလီကို ထည့်ပေးလိုက်မယ်…ဖြစ်လား”

“သူက လုပ်ငန်းကျွမ်းကျင်မှုရှိလား”

“လုပ်ငန်းရော ခရီးလမ်းရော အကုန်ကျွမ်းပါတယ်”

ဝင်ဖြေလိုက်တာ အဥ္ဇလီပဲမို့…

“ငါ မင်းကို မေးနေတာ မဟုတ်ဘူးလေ”

“ဘယ်သူ့ဖြေဖြေ ပြီးတာပဲမဟုတ်ဘူးလား”

“အဥ္ဇလီ”

သူဌေးက ခပ်ငေါက်ငေါက်ကလေး ခေါ်လိုက်တာမို့ အဥ္ဇလီ ဘာမှဆက်မပြောဖြစ်တာပါ။ စကားပြောတာတောင် ပုဂ္ဂိုလ်ခွဲခြားလို့ သူ အဥ္ဇလီကို အဲဒီလောက်တောင် ကြည့်မရဖြစ်နေသလား။ ရှင် သေလို့ပါ ကောင်းစစ်သည်ရယ်။ ချစ်ခြင်းရဲ့ အခြားတစ်ဖက်မှာ အမုန်းရှိသလို…

အမုန်းရဲ့အခြားတစ်ဖက်မှာလည်း…



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတွေ ရှိလာတတ်ပါတယ်။ ရှင် ဘယ်လောက်မာနိုင်သလဲ…ကြည့်ရသေးတာပေါ့။

"ကိုကောင်းကို ဘယ်သူလို့ မင်း ထင်နေသလဲ အဋ္ဌလီ။ ငါတောင် သူ့ကို လေးစားရတာ။ နင်က ဘာလို့ မချေမင ဆက်ဆံရတာလဲ"

"ဆောရီးပါ သူဌေး…အဋ္ဌလီက မသိလို့ ဝင်ပြောမိတာပါ"

ဘာမှ အဋ္ဌလီကို ထပ်မပြောတော့ဘဲ…

"ကိုကောင်း"

"ဗျာ"

"သူ့ကို ထည့်ပေးမယ်…ဖြစ်တယ်မို့လား"

"လုပ်ငန်းကျွမ်းကျင်မှုရှိရင်တော့ ဖြစ်ပါတယ်။ ကျွန်တော့်အပိုင်းက ကျွန်တော့်ကိစ္စနဲ့ ကျွန်တော်ပဲ"

"ကျွန်တော့်ကိစ္စဆိုတာက…"

"ဟင်"

ဦးအောင်ဒင်မေးမှပဲ စစ်သည် ကိုယ်စကားပြောလာသွားတဲ့အတွက် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွား၏။ ကျွန်တော့်အပိုင်းဆိုတာက အဋ္ဌလီနဲ့ပတ်သက်ဖို့ကို ပြောတာပါ။ ဖြစ်နိုင်ရင် ကိုယ်က လုံးဝ မပတ်သက်ချင်တာပေမယ့် အလုပ်ကိစ္စနဲ့ကတော့ ပတ်သက်ရဦးမှာပေါ့။

ကိုယ်ရေးကိုယ်တာကိစ္စနဲ့ပတ်သက်ပြီး…

ကိုယ်က ဝေယံရှိန်မှ မဟုတ်ဘဲလေ။ စီးပွားရေးနဲ့လူမှုရေး





တစ်ကန့်စီပဲပေါ့။

"ဘာမှမဟုတ်ပါဘူး…အဆင်ပြေမယ်ဆိုရင် ပြီးတာပါပဲ။ ကျွန်တော်က ခုမှ လုပ်ငန်းစရမှာဆိုတော့ အန်ကယ်လ်ဆီမှာ အကူအညီတောင်းရတာ အားတော့နာပါတယ်။ သူများလုပ်လက်စကို ဝင်လုပ်ရမှာဆိုတော့ ပထမဝန်ထမ်းတွေကို မလိုအပ်တဲ့လူတွေ ဖယ်ထုတ်ချင်လို့သာ အကူအညီတောင်းရတာပါ"

"ရပါတယ် ကိုကောင်းရာ…ပြောနေရမယ့်လူတွေမှ မဟုတ်တာ"

ဒါဆို အဋ္ဌလီ သူ့ကုမ္ပဏီမှာ ပြောင်းပြီး အလုပ်လုပ်ရမယ်ပေါ့။ ဝမ်းသာလိုက်တာ။ ဒီလိုဖြစ်အောင် ဖန်တီးပေးတဲ့ ကံတရားကို ကျေးဇူးတင်လိုက်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၃]

"မွေး"

"ဟင်"

"ပြီးပြီလား"

"အင်း…ပြီးတော့မယ်"

"မပြီးသေးရင် ထားလိုက်…ပြီးမှဆက်လုပ်…နင့်ကို ငါ ပြောစရာရှိတယ်"

"ခဏလေးပါ…ပြီးတော့မှာပဲဥစ္စာ။ အပြီးပဲလုပ်လိုက်တော့မယ်။ ပြောစရာရှိတာ ပြီးမှပြောလေ"





စစ်သည်…မွေးပြီးအောင်ပဲ စောင့်နေလိုက်တော့၏။ မွေးက ကိုယ့်ကိုကူပြီး ကိုယ့်အလုပ်ကိစ္စစာရင်းဇယားတွေ ကူလုပ်ပေးနေတာလေ။ ကိုယ်က မလုပ်စေချင်ပေမယ့် သူက အလိုက်သိစွာ လုပ်ပေးတော့ ပီတိဖြစ်ရသည်သာ။ ဒီလို မိုင်းကောင်းကျောက်ဖိနဲ့ ဓေ့စပ်သေချာ ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးကိုများ…

ထားပစ်ခဲ့တဲ့သူက ရှိသေး။

ဖူးစာမပါလို့ဆိုတာထက် ဘုန်းကံချင်းမညီမျှလို့ပဲပေါ့။ မွေးက ကိုယ်နဲ့ထိုက်တန်လို့သာ ကိုယ်နဲ့ ဖူးစာဆုံခွင့်ရမှာ။ ဒီအတွက် ကျူးပစ်ကို ကျေးဇူးတင်ရမလား။

"ပြီးပြီ"

"ဟင်"

"ကဲ…ဘာပြောမှာလဲ…ပြော"

"ဒီကိုလာထိုင်"

"ဘာလို့ထိုင်ရမှာလဲ…မထိုင်ပါဘူး"

စစ်သည်က သူ့အနားလာထိုင်ခိုင်းတာကို မွေးက မထိုင်။ မွေး မထိုင်တော့ စစ်သည်ပဲ သူ့အနားသို့ ရွှေ့ထိုင်လိုက်ကာ ပခုံးကို ဖက်လိုက်တော့…

"ဖယ်စမ်းပါ"

"ဘာဖြစ်လို့လဲ"

"ပြောစရာရှိတာကို လွတ်လွတ်လပ်လပ် ပြောပါလားလို့ တာကတည်း…မတွေ့လိုက်နဲ့…တွေ့လိုက်တာနဲ့ ဖက်ဖို့ နမ်းဖို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်”

“ချစ်တာကိုး”

မွေး မျက်စောင်းထိုးတော့ သူက ရယ်နေလေ၏။ မွေးကို တကယ်တန်ဖိုးထားမြတ်နိုးပေးတဲ့ စစ်သည်နဲ့ လက်ထပ်ခွင့်ရမှာသည် မွေး ကံကောင်းပါသည်လေ။

“ကဲ…ပြောစရာရှိတယ်ဆို”

“အင်း”

“ပြော…ဘာပြောမှာလဲ”

“ဖြည်းဖြည်းပေါ့”

“ဟင်…စောစောကတော့ အလောတကြီးနဲ့”

“ပြောမှာပါ”

“ပြော”

“မနက်ဖြန် ညေ့ခံပွဲတစ်ခုကို သွားစရာရှိတယ်။ အဲဒါ မွေး လိုက်မှဖြစ်မယ်။ လိုက်ခဲ့ပေးနော်…မွေး”

“ဟာ…မလိုက်ချင်ပါဘူး။ ငါက ဘာလို့လိုက်ရမှာလဲ”

“မလိုက်လို့ကတော့ မရဘူး…မွေး။ အဲဒီပွဲက တကယ့်စီးပွားရေးသမားတွေ စုစည်းကြမှာ။ မွေးကို ကိုယ့်ဇနီးလောင်းအဖြစ် မိတ်ဆက်ပေးချင်တယ်။ ပြီးတော့ အဥ္စလီပါ မဖြစ်မနေပါမှာ မွေးရဲ့။ ကိုယ် သူနဲ့ နှစ်ယောက်တည်း မသွားချင်ဘူး”

“ဟင်”

“ပြီးတော့”





မွေး…သူ့မျက်နှာကို မော့ကြည့်လိုက်မိ၏။ ကိုယ့်ချစ်သူကို ကိုယ်ကမယုံရင် ဘယ်သူက ယုံမှာလဲလေ။ မွေး…စစ်သည်ကို ယုံပါသည်။

ဒါကြောင့်…

“သူနဲ့ သွားရတော့ရော ဘာဖြစ်လဲ စစ်သည်ရဲ့… သူ ဘယ်လောက်ပဲ မာယာများများ ကိုယ့်စိတ်က အခိုင်ကပါ။ စစ်သည် နဲ့…နင့်ကို ငါ ယုံပါတယ်”

“မဟုတ်သေးဘူးလေ မွေးရဲ့”

“ဒါဆို ဘာလဲ”

“ငါက သူ့မာယာများမှာကို ကြောက်တာမဟုတ်ပါဘူး။ ကောက်ကျစ်ယုတ်မာမှာကိုပဲ ကြောက်တာပါ။ အလင်းကလူက အမှောင်ထဲကို မမြင်နိုင်ဘူးလေ မွေးရဲ့…အဲဒါကြောင့် မွေးကို ခေါ်တာပါ”

မွေး တွေကနဲ ဖြစ်သွားလေ၏။ ကိုယ်ကလည်း အလုပ်ကိစ္စအတွက် သူငယ်ချင်းနဲ့ ချိန်းထားသည်လေ။ မသွားလို့ကလည်း မဖြစ်တာကြောင့်…

“ငါ အလုပ်ကိစ္စအရေးကြီးလို့ သူငယ်ချင်းနဲ့ ချိန်းထားတယ် စစ်သည်ရဲ့”

“ဘာအလုပ်လဲ”

“ကွန်ပျူတာသင်တန်းဖွင့်မလို့လေ”

“ဟာ…ဘာလို့ဖွင့်ရမှာလဲ…မဖွင့်ပါနဲ့။ ငါ အလုပ်လုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



နင့်အတွက်ပဲလေ။ နင် ဘာလုပ်စရာလိုလို့လဲ မွေးရဲ့…ယောကျ်ား လုပ်စာ မိန်းမ ထိုင်စားလေ”

“ဘာ”

ယောကျ်ားနဲ့မိန်းမ သုံးလိုက်တာကြောင့် မွေးနားထဲမှာ ဘယ်လို ကြီးမှန်းမသိ၊ ရှက်လည်းရှက်သွားလေသည်။ ထို့ကြောင့် ‘ဘာ’ လိုက် တာကြောင့်…

“ဘာဖြစ်တာလဲ”

“နင် အသားမယူနဲ့နော်”

“ဟင်…ငါက ဘာအသားယူလို့လဲ။ လက်ထပ်ရတော့မယ့် ဆဲဆဲကို အသားတင်မယူဘူး…တစ်ကိုယ်လုံးယူမှာ”

“နင်”

“အား”

ဗိုက်ကို ဆွဲလိမ်လိုက်သဖြင့် စစ်သည် အားကနဲ အော်လိုက်ခြင်း ပါ။ မွေး ဘယ်လောက်ရှက်တတ်မှန်းသိပေမယ့် ချစ်လို့စတာလေ။ ပြီးတော့ တကယ်လည်း မွေးကို ဘာမှမလုပ်စေချင်ပါဘူး။ အိမ်ထောင် တစ်ခုတည်ဆောက်ပြီး လင်နဲ့မယား စီးပွားအပြိုင်ရှာလို့ နွေးထွေးတဲ့ မိသားစုဘ၀လေး ဖြစ်မလာတာမျိုးကိုမှ ကိုယ်က မလိုချင်ပဲလေ။

ဒါကြောင့်…

“ငါ တကယ်ပြောတာ မွေးရဲ့…ငါက အိမ်ထောင်ဦးစီး ပီသ ရင် နင်ကလည်း အိမ်ရှင်မ ပီသရမယ်လေ။ နင့်ကို မထက်မြက်စေချင် လို့ မဟုတ်ဘူး။ မပင်ပန်းစေချင်တာပါ။ နင် ဘာမှမလုပ်ပါနဲ့”





“ချိန်းထားတာက သွားမှဖြစ်မှာ စစ်သည်ရဲ့…မလုပ်ဘူးဆို တော့လည်း မလုပ်ဘူးပြောရမှာပေါ့”

“အဲဒါ…ဖုန်းဆက်ပြောလည်းရတာကို”

“မရပါဘူး…ချိန်းထားပြီးရင် မွေးက ရောက်အောင်သွားချင် တာ။ ကတိမပျက်ချင်ဘူးလေ။ နင်ကလည်း ဖုန်းကိုင်ထားတာ ဘာလုပ်ဖို့လဲ။ လိုအပ်လာရင် ငါ့ကို ဖုန်းလှမ်းဆက်ပေါ့”

စစ်သည် ဘာတတ်နိုင်မှာလဲလေ။ မွေးနဲ့ ဆက်ပြီး အတိုက်အခံ မလုပ်ချင်တော့ပါဘူး။ မွေးနဲ့ပတ်သက်လာရင် ကိုယ်က အမြဲတမ်း အလျှော့ပေးချင်သူလေ။ အဋ္ဌလီကိုလည်း ကြောက်စရာမလိုပါဘူး။ ကိုယ်ကောင်းရင် ခေါင်းဘယ်ရွှေ့မှာမှတ်လို့။ သူနဲ့ဆိုတော့ သတိတော့ ထားရမှာပေါ့။

ဒီပွဲမှာ သောက်ကြစားကြတာတွေက ရှိမှာလေ။ သူ တွေးပူနေ မိတာပါ။ ဟူး…ခုမှ မြွေမွေးခါးပိုက် ပိုက်ထားသလိုပါပဲလား။ အဋ္ဌလီ ကို ခေါ်မိတာကိုက သူ မှားတာ။ မကြာသေးပါဘူး။ လူ ထပ်ရှာပြီး အစားထိုးမှပါ။ ယောကျ်ားတွေ ယုတ်မာမှ မိန်းကလေးတွေတင် ဘ၀ ပျက်တာမဟုတ်ပါဘူး။ မိန်းမတွေ ကောက်ကျစ်ရင်လည်း ယောကျ်ား တွေ ဘ၀ပျက်ကြရတာပဲလေ။

“စစ်သည်”

“ဟင်”

“နင့်ကို ငါ ယုံတယ်၊ သိလား”

“အင်း…နင်လည်း သွားမယ်ဆိုသွားလေ…ငါ မတားတော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ မဟုတ်ရင် ငါ့ကိုယ်ငါ ယုံကြည်မှုမရှိသလို ဖြစ်နေမှာ"

"လိမ္မာတယ်"

ပြောပြီး မွေးက စစ်သည်မေးဖျားလေးကို သူမလက်ကလေးနှင့် ဖျစ်ညှစ်လိုက်တော့ စစ်သည်မှာ ကျေနပ်လို့မဆုံးပေ။ ကိုယ်က ချစ်တာကိုး။ ကိုယ်ကျွန်ခဲ့ရပြီဆိုပြီး ခံစားခဲ့ရတဲ့ ခံစားမှုတွေအတွက် ခုတော့ အတိုးချပြီး ပိုလို့တောင် ချစ်နေပါသေးသည်။ ကံမကုန်လို့ ပြန်ဆုံကြရတာ။

အခုရော···

နောက်ရော···

အဘိုးအဘွားဖြစ်တဲ့အထိ ကြင်ကြင်နာနာ ပေါင်းသင်းသွားဖို့ ငါ ကတိပြုပါတယ် မွေးရယ်။

"တို့···အမြန်ဆုံး လက်ထပ်ကြရအောင်နော်"

"အင်း"

မွေး ခေါင်းလေးညိတ်တော့ စစ်သည် အသည်းယားစွာ ခေါင်းငုံ့လာတာနှင့် မွေးပါးပြင်လေးဆီမှာ နွေးကနဲ ဖြစ်သွားလေ၏။ သြော်···ခုတော့လည်း အချစ်နဲ့ပတ်သက်ပြီး မွေးနှလုံးသားလေး သေဆုံးသွားခဲ့ပြီထင်တာ။ မသေသေးဘဲ ဆက်လက်ရှင်သန်နေခြင်းမှာ အချစ်ကင်းလေးတွေက ဝေဝေဆာဆာ။

မွေး ကံကောင်းသည်လို့ပဲ သတ်မှတ်ရမှာပေါ့။ ဝေယံရှိန်နဲ့ လွဲသွားခြင်းအတွက်လေ။ သူနဲ့ဆိုရင် ချစ်သူဆိုပြီး ကိုယ်ကပဲ ပိုချစ်နေရသလိုပါ။ အခု စစ်သည်နဲ့ကျတော့ သူကလည်းချစ် ကိုယ်က





လည်း ချစ်ပေါ့။

"မွေး"

"ဟင်"

"နင် ငါ့ကို ပြောင်းမခေါ်တော့ဘူးလား"

"ဟင်···ဘယ်လိုခေါ်ရမှာလဲ"

"ကို··လို့ပေါ့"

"အာ···မခေါ်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဒီအတိုင်းလေးပဲ ကောင်းမလားလို့ပါ။ ပိုပြီး ရင်းနှီးတယ်လေ စစ်သည်ရဲ့···တကယ်တော့ အခေါ်နဲ့ မဆိုင်ပါဘူးဟာ။ ရင်ထဲမှာ အချစ်စစ်အချစ်မှန်နဲ့ ချစ်ကြပြီး သစ္စာရှိနေကြဖို့က အဓိကပါ"

"ကဲ···သဘောဗျာ···သဘော"

ရယ်သံလေးတွေ ခိုးခိုးခစ်ခစ်နဲ့ ပတ်ဝန်းကျင်ကို ရိုက်ခတ်ကာ လောကကြီးတစ်ခုလုံး သာယာချမ်းမြေ့မှုအပေါင်းနှင့် ပြည့်စုံနေလျက်ပါ။

အချစ်စစ်နဲ့ မထိုက်တန်သူတစ်ဦးကတော့···သူ့ထိုက်နဲ့သူ့ကံပေါ့။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

မွေးနဲ့စစ်သည်တို့ရဲ့စေ့စပ်ပွဲလေး ပြီးဆုံးသွားပြီး နှစ်ဖက် ဖိတ်ထားကြတဲ့ ဧည့်သည်တွေပြန်သွားတော့ နှစ်ဖက်မိဘတွေနှင့် သူ ... နှစ်ယောက်သာ ကျန်ရစ်ခဲ့တော့သည်လေ။ စေ့စပ်ပြီးပြီဆိုကတည်း ... ကိုယ်ပိုင်ရဖို့က တစ်ဝက်ကျိန်းသေသွားပါပြီ။

ဒါကြောင့်...

စစ်သည်ရင်ထဲမှာ အပျော်တွေ စီးဝင်နေလျက် လောကတ... လုံး အပြုံးများနှင့် ထုံမွှမ်းထားသည့်နှယ်။

"သား"

"ဗျာ"

"ဖေဖေတို့စီစဉ်ပေးတာတွေကို သား ကျေနပ်ပါတယ်နော်"





"ကျေနပ်ပါတယ် ဖေဖေ...နှစ်ဖက်မိဘတွေကို သား ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး မောင်စစ်သည်ရာ...သားသမီးတွေ အရွယ်ရောက်လာရင် ထိမ်းမြားခြင်းမင်္ဂလာပြုပေးရမှာ မိဘတိုင်းရဲ့တာဝန်ပါ။ သင့်တော်တဲ့သူနဲ့တွေ့ရင်တောင် ကိုယ့်သားသမီးက မိုက်လုံးကြီးရင် ချက်စိစုံမှိတ်ပြီး ဝတ္တရားမပျက် ဆောင်ရွက်ပေးရသေးတာပဲ။ အခုက သင့်တော်တဲ့သူနဲ့ဆိုတော့ မိဘတွေရင်ထဲမှာ အတိုင်းမသိ ဝမ်းသာရတာပေါ့ကွာ"

ဦးချစ်လှိုင်ပြောတာ အမှန်အကန်ပဲလေ။ လောကမှာ ကိုယ့်သမီးကိုယ်၊ ကိုယ့်နှမကိုယ် ပြန်ယူထားလို့ ရရိုးထုံးစံရှိသလား။ ဒါကြောင့် အိမ်ထောင်ပြုတဲ့အရွယ်ရောက်ရင် လူဆိုးဖြစ်ဖြစ်၊ လူကောင်းဖြစ်ဖြစ် သူမိရင် လက်ခံရတော့တာပဲလေ။ မိဘဆိုတာ ကိုယ်ပျိုးပြီးကိုယ်ပဲ။

ပွင့်လာတဲ့ပန်းကို တစ်သက်လုံး အလှထိုင်ကြည့်ခွင့်မရတဲ့ ဥယျာဉ်မှူးတွေပါ။ လမ်းချိုးတစ်ကွေ့မှာ ပန်းသူခိုးနဲ့ တွေ့မှာစိုးလို့ ဘာဝယ်သူလက်ထဲ ထည့်ပေးကြရတာပဲလေ။

"သမီးကရော"

"ရှင်"

"ဘာများတောင်းဆိုစရာရှိသေးလဲလို့ မေးတာပါ။ မေမေတို့ ဘက်ကလည်း ဒီသားလေးတစ်ယောက်ပဲရှိတာဆိုတော့ သားနဲ့သမီးတို့ စိတ်တိုင်းကျ လုပ်ပေးချင်လို့ပါ"

"ဘာမှတောင်းဆိုစရာ မရှိပါဘူး အန်တီ...မွေး ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်''

ဒေါ်ခက်မှာ အရင်တုန်းက အန်တီလို့ ပြောနေရာကနေ အခု မေမေလို့ ပြောင်းသုံးလိုက်မိတာကို ကိုယ့်အပျော်နှင့်ကိုယ်မို့ ဘယ်သူမှ သတိမထားမိလိုက်ပေ။

ဩော်…လက်ထပ်ကြတော့မယ်ဆိုမှတော့…

သူ့မိဘ ကိုယ့်မိဘ ခွဲခြားနေလို့မှ မရတော့ပဲလေ။ အားလုံး အတူတူပဲပေါ့။ အင်း…လက်ထပ်ဖို့ရက်ကလည်း သတ်မှတ်ပေးတာ နီးနီးကပ်ကပ်ပါ။ လူကြီးတွေကလည်း သေချာအောင် ဟိုတယ်မှာ ဒိတ်အရင်လုပ်ပြီးမှ စေ့စပ်ပွဲကို ဖြန်းကနဲ ဟုန်းကနဲ ထလုပ်တာလေ။ ဒီတော့ မင်္ဂလာဆောင်ရက်က နီးနီးကပ်ကပ်ပဲပေါ့။

''သမီးတစ်ကောင် နွားတစ်ထောင်တဲ့။ မေမေတို့မှာလည်း ဒီသမီးလေးတစ်ယောက်တည်း မွေးထားတော့ မတော်မတည့်တာတွေနဲ့ တွေ့မှာစိုးလို့ စိတ်ပူလိုက်ရတာ။ ခုမှပဲ စိတ်အေးရတော့တယ်''

''ခက်တို့လည်း ဒီလိုပါပဲ စုရယ်…သားအတွက် ခုမှပဲ စိတ်အေးရတော့တယ်။ မဟုတ်ရင် ဘယ်လိုမိန်းမမျိုးနဲ့ ဖူးစာပါမယ်မှန်း မသိ တွေးပြီး စိတ်ပူနေရတာ ရင်မောတယ်။ တကယ်…တကယ် ပါပဲ''

''အင်းလေ…ခြံချင်းကပ်ဆိုတော့ သူ့တို့ ဘယ်မှာပဲနေနေ လွမ်းနေဆွေးနေဖို့လည်း မလိုတော့ဘူးပေါ့''

စကားပြောနေကြတဲ့အချိန်မှာ မွေးဖုန်းလေးက အသံမြည်လာသဖြင့် မွေး အပြင်ဘက်သို့ ထထွက်လာခဲ့တော့သည်။ လူကြီးတွေ





စကားပြောတာကို အနှောင့်အယှက်ဖြစ်မှာစိုးလို့လေ။

''ဟဲလို''

''မွေး''

''ဟင်''

''မွေး''

''အခု ဖုန်းပြောနေတာ ဘယ်သူပါလဲရှင်''

ဖုန်းနံပါတ်က ကိုယ်နှင့်မရင်းနှီးတာမို့ မွေး မေးလိုက်ရခြင်းပါ။ ဒီခေတ်ထဲမှာ ဖုန်းဆင်းကတ်တစ်ကတ်ကို ၁၅၀၀ ဆိုတော့ ဆင်းကတ် ပြောင်းသုံးကြတာ ဆန်းမှမဆန်းပဲလေ။ အသံကို သိသလိုလိုရှိပေမယ့် သေချာအောင်တော့ မေးရတာပေါ့။

တစ်ဖက်မှ မဖြေဘဲ အသံတိတ်နေလေလျှင်…

''မေးနေတယ်လေ…အခု ဖုန်းပြောနေတာ ဘယ်သူလဲလို့''

မွေးအသံလေး နည်းနည်းမာသွားမှ…

''မောင်ပါ မွေးရယ်''

''ဟင်''

''ဒီနေ့ မွေးတို့ စေ့စပ်တယ်မို့လား''

''ဟုတ်တယ်''

''မွေး ပျော်နေလားဟင်''

နှုတ်ခမ်းလေးက လွန့်ကနဲဖြစ်သွားပြီး…

''ပျော်တာပေါ့…ကိုယ့်ကို အရမ်းချစ်တဲ့သူနဲ့ ဖူးစာဆုံပေးတဲ့ ပွဲပဲလေ။ ဒီအချိန်မှာ ရှေးဟောင်းနှောင်းဖြစ်တွေ တွေးပြီး လွမ်းနေဖို့



www.burmeseclassic.com

www.burmeseclassic.com



မလိုတာ”

“သြော်…ဟုတ်တာပေါ့”

“ရှင်…ဘာပြောစရာရှိလို့ ကျွန်မကို ဖုန်းဆက်တာလဲ ကိုဝေယံရှိန်…ရှင်နဲ့ကျွန်မ ပတ်သက်စရာ ဘာအကန့်မှ မရှိတော့ဘူးနော်”

“မောင် သိပါတယ် မွှေးရယ်…မွှေး ပျော်နေရင် မောင်ကျေနပ်ပါတယ်။ အဲဒါ ဘာကြောင့်လဲဆိုရင် မွှေးကို သိပ်ချစ်ခဲ့လို့ပေါ့။ မောင် အသိနောက်ကျသွားခဲ့တယ် မွှေး…မောင် မိုက်မဲခဲ့တယ်။ မောင်က လူမိုက်ပါကွာ။ မွှေးလိုမိန်းကလေးမျိုးကို ဥပေက္ခာပြုခဲ့တဲ့ မောင် ခုတော့ မွှေးရဲ့သစ္စာတွေ ရူးနေပါပြီ”

“ဒီမှာ ကိုဝေယံရှိန်”

“ပြောပါ မွှေး”

“ကျေးဇူးပြုပြီး ရှင်…ရှင့်ကိုယ်ရှင် မောင်လို့ လုံးဝထည့်မပြောပါနဲ့။ ရှင်နဲ့ကျွန်မကြားမှာ အဲဒီလောက်အထိ ရင်းနှီးပတ်သက်ဖို့ မလိုတော့ဘူး။ ကျွန်မရင်ထဲမှာ မောင်ဆိုတဲ့နာမ်စား သေဆုံးသွားပြီ”

“မွှေးရယ်”

နှာခေါင်းထဲမှာ မွှန်စပ်စပ်ကြီးဖြစ်ပြီး ရင်ဘတ်ထဲမှာ အောင့်တက်လာ၏။ ငိုချင်ရင် ငိုလိုက်စမ်း ဝေယံရှိန်…မင်းက မွှေးနဲ့ မထိုက်တန်တဲ့ကောင်။ သစ္စာစစ်ကို ဥပေက္ခာပြုပြီး အပေါ်ယံအလှကို တပ်မက်မိတဲ့ကောင်ဆိုတော့ မင်းအတွက် အမုန်းဆုတွေနဲ့ လမ်းခင်းပြီပေါ့။

“ကောင်းပြီလေ မွှေးမကြိုက်ရင် ကျွန်တော် မသုံးတော့ပါဘူး”





“ဘယ်လိုလုပ်ပြီးကြိုက်မှာလဲ…ရှင် စဉ်းစားကြည့်ပေါ့”

“ဟုတ်ပါတယ်…ဒါပေမယ့် ကျွန်တော် တစ်ခုလောက် တောင်းဆိုပါရစေ။ ကျွန်တော့်ကို နောက်ဆုံးအနေနဲ့ အခွင့်အရေးတစ်ခုလောက်တော့ ပေးပါ မွှေးရယ်…နော်”

“ရှင် ပြောကြည့်လေ…ဘာအခွင့်အရေးလဲ”

ပြောရဖို့စကားအတွက် မျက်ရည်တစ်စက်က ပါးပြင်ပေါ်သို့ စီးကျလာလေသည်။ ယောကျ်ားဆိုပြီး မငိုရဘူးလို့ ဘယ်သူက သတ်မှတ်ခဲ့တာလဲ။ ရင်ထဲမှာ မခံစားနိုင်လွန်းလို့ ကျလာတဲ့ မျက်ရည် ကျစမ်းပါစေ။

“နောက်ဆုံးအကြိမ်အဖြစ်နဲ့…”

ရှေ့ဆက်ရမယ့်စကားအတွက် အောက်နှုတ်ခမ်းကို ခပ်ဖိဖိကိုက်လိုက်မိပြီးမှ…

“နောက်ဆုံးအနေနဲ့ ကျွန်တော် မွှေးကို တစ်ခါလောက် တွေ့ပါရစေ မွှေးရယ်…မွှေး ခွင့်ပြုမယ်မို့လားဟင်”

“ဒီမှာ”

“…………”

“ရှင့်ပါးစပ်ထဲမှာ နောက်ဆုံးတွေက များလှချေလား ကိုဝေယံရှိန်…ရှင်နဲ့ကျွန်မ ဘာမှ”

“မွှေး”

“…………”

“မပတ်သက်တော့ဘူးဆိုတာကို ကျွန်တော် သိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အခုလို တွေ့ခွင့်ကောင်းတာက ကျွန်တော် မွေးကို နှုတ်ဆက်ချင်လို့ပါ မွေးရဲ့…ကျွန်တော်က မွေးနဲ့ ဝေးရာကို ပြေးထွက်သွားတော့မယ့်သူပါ။ နောက်ဆုံးအကြိမ် ကျွန်တော့်ကို နှုတ်ဆက်ခွင့်လေးတော့ ပေးပါ မွေးရဲ့"

နှုတ်ဆက်ခွင့်…နှုတ်ဆက်ခွင့်တဲ့လား ကိုဝေယံရှိန်။ ရှင် ကျွန်မကို နှုတ်ဆက်ပြီးတာ ကြာခဲ့ပါပြီ။ ဘာမှပတ်သက်မှု မရှိတော့ဘူးဆိုပြီးတော့ပေါ့။ အခု ထပ်နှုတ်ဆက်ချင်သေးတယ်လား။

"ကောင်းပြီလေ…ကျွန်မ လာခဲ့ပေးမယ်။ ဘယ်ကို လာခဲ့ရမလဲ"

"ရပါတယ်…မွေး…မွေး အပင်ပန်းခံပြီး ဘယ်ကိုမှ လာစရာမလိုပါဘူး။ မွေး လက်ခံတယ်ဆိုရင် မွေးဆီကို ကျွန်တော် လာခဲ့ပါ့မယ်"

မွေး တွေကနဲ ဖြစ်သွားလေ၏။ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ပေါ့လေ။ မွေး အပြင်မှာ သွားတွေ့တာက အန္တရာယ်တွင်းထဲကို သက်ဆင်းသလိုဖြစ်ချင်ဖြစ်မှာ။ ကိုယ့်အိမ်မှာ လာတွေ့မယ်ဆိုတော့ ဘာမှပြောစရာမလိုတော့ပါဘူး။

"ကောင်းပြီလေ…ရှင့်သဘောပါပဲ။ ရှင် ဘယ်တော့လာမှာလဲ"

"မနက်ဖြန်လာခဲ့ပါ့မယ်"

"အိုကေ…ကျွန်မ စောင့်နေမယ် ကိုဝေယံရှိန်"

"Thank you ပါ မွေးရယ်"





"ကဲ…ရှင် ပြောချင်တာ ဒါပဲမို့လား"

"…………"

"ကျွန်မ ဖုန်းချလိုက်တော့မယ်"

"ကောင်းပါပြီ မွေးရယ်"

"ဟွန့်"

တစ်ဖက်က ဖုန်းချသွားတော့ ဝေယံရှိန် ဖုန်းလေးကို လွမ်းမော…ငေးကြည့်နေမိ၏။ အရင်တုန်းကဆိုရင် ဖုန်းလေးနဲ့ပဲ ချစ်တာတွေ…ကြောင်းထပ်အောင် ပြောပြီး အလွမ်းသယ်ခဲ့ကြတာ။

အခုတော့…

သြော်…မွေးရယ်…။

မဆုံနိုင်အောင် ဝေးခဲ့ကြပြီပေါ့။ ဝေယံရှိန် ဖုန်းလေးကိုပဲ နမ်းမိ…င်း…

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

"မမွှေး"

"ဟင်"

ယင်းမာ ခပ်သုတ်သုတ်ဝင်လာပြီး ခေါ်လိုက်တာမို့ မွှေး ဆွယ်တာထိုးနေရင်းမှ မော့ကြည့်လိုက်သည်။ ဆွယ်တာက စစ်သည် အတွက်လေ။ ဆွယ်တာထိုးတတ်ပေမယ့် ဟိုးအရင် ဝေယံရှိန်တုန်းက သူ့မ ထိုးမပေးခဲ့ဖူးပါဘူး။ သတိရပေမယ့် ထိုးပေးဖို့ စိတ်ကူးလိုက်တိုင်း သူနဲ့မွှေး စိတ်ကောက်ကြရတာ တစ်ခါ နှစ်ခါ မဟုတ်ပေ။

ဒါကြောင့်…





ဆွယ်တာထိုးမပေးဖြစ်ခဲ့ဘူးလေ။ သူနဲ့ မထိုက်တန်လို့ပဲ ဆိုရ မလား။ ခုတော့ ထိုက်တန်သူအတွက် ထိုးပေးနေတာလေ။ ကိုယ့် ချစ်သူအတွက် ကိုယ့်လက်နဲ့ထိုးတဲ့ ဆွယ်တာကို ပေးချင်စိတ်ဖြစ်တည် လာတာ သူ့မေတ္တာတရား လေးနက်လို့ တူသောအကျိုးပေးအောင် တုံ့ပြန်မိခြင်းပါ။

"ခြံရှေ့မှာ ဧည့်သည်တစ်ယောက် မမမွှေးနဲ့ တွေ့ခွင့်တောင်း နေတယ် မမမွှေး…သူ အရင်က ဒီကို တစ်ခါလာဖူးတယ်လေ။ ခုလည်း အဲဒီအအစ်ကိုပါပဲ"

မွှေး သိလိုက်ပါပြီ။ ဝေယံရှိန်အပြင် ဘယ်သူရှိဦးမှာလဲ။ သူ ဒီနေ့လာမယ်လို့ ပြောထားတာ။

"ခြံတံခါးဖွင့်ပေးလိုက်…ယင်းမာ"

"ဟုတ်ကဲ့"

ယင်းမာ ထွက်သွားတော့ မွှေးလည်း ဆွယ်တာကို ကိုင်လျက်မှ အပြင်သို့ ထွက်လာခဲ့သည်။ ခြံထဲမှာပဲ စကားပြောရအောင်လို့လေ။ သူ ရောက်လာတော့…

"ခြံထဲမှာပဲ ထိုင်ရအောင်"

ပြောပြီး မွှေး ရှေ့ကထွက်လာခဲ့တော့ သူက နောက်မှလိုက်လာ သည်။ ခုံလေးပေါ်မှာ နှစ်ယောက်အတူ ထိုင်မိကြတော့…

"ကဲ…ကိုဝေယံရှိန် ဘာပြောမလဲ…ပြောလို့ရပါပြီ"

"ဘာလဲ…ပြောစရာရှိတာပြောပြီး ပြန်တော့ဆိုတဲ့သဘောလား မွှေး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲရှိတာလေ"

"မွေးက တကယ်ပဲနော်"

"ဘာဖြစ်လို့လဲ"

"တကယ်ပြတ်သွားပြီဆိုတော့ ဖန်ခွက်တစ်လုံးကျကွဲသွားသလို ပဲ…ဘယ်လိုမှ ပြန်ဆက်လို့ မရတာမျိုးပဲနော်"

"ကျွန်မစိတ်ကို ရှင် နားလည်ခဲ့တာပဲ"

"နားလည်ခဲ့ပါတယ်။ ဒါပေမယ့် ဒီလောက်အထိ ဖြစ်လိမ့်မယ် လို့တော့ မထင်ခဲ့မိတာ အမှန်ပါ။ အေးလေ…မွေးအတွက် ကောင်းစစ်သည်က အဆင်သင့်ရှိနေခဲ့တာကိုး"

"ရှင့်အတွက် ကျွန်မ မလိုအပ်တဲ့အချိန်မှာ သူက ဖေးမကူညီ ခဲ့တာပဲလေ"

ဩော်…အချစ်က ကလေးများလို လက်သာရာမှာ ပျော်တတ် သတဲ့လား။ ဝေယံရှိန်…မွေးလက်ထဲမှာ ကိုင်ထားတဲ့ ဆွယ်တာလေး ကို မြင်သွားတော့…

"မွေးကိုယ်တိုင် ထိုးထားတာလား"

"ဟုတ်တယ်"

"ဒီဇိုင်းလေးက မိုက်တယ်နော်…စစ်သည်အတွက်လား"

"အင်း…သူ့အတွက် ထိုးနေတာပါ"

"ဩော်"

ရင်ထဲမှာ ဆို့နင့်နင့်ကြီးဖြစ်သွားပေမယ့် ဘာတတ်နိုင်မှာလဲလေ။ ဤအရာသည် ကိုယ်နဲ့မထိုက်တန်လို့ပဲပေါ့။





"မွေးကို ကျွန်တော် နှုတ်ဆက်ပါတယ်"

"ရှင်က ဘယ်သွားမလို့လဲ"

"မွေးနဲ့ဝေးတဲ့နေရာပေါ့။ ကျွန်တော် မလေးရှားကို သွားတော့ မယ်…မွေး။ မွေးတို့နှစ်ယောက် ထာဝရပျော်ရွှင်ဖွယ်ရာကောင်းတဲ့ ဘဝလေးကို ပိုင်ဆိုင်နိုင်ပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်"

"ဆုတောင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုဝေယံရှိန်။ ရှင်လည်း သွားလေရာ လာလေရာအရပ်မှာ အားလုံးအဆင်ပြေချောမွေ့ ပါစေလို့ ကျွန်မ ဆုတောင်းပေးပါတယ်"

တကယ့်ကို သူစိမ်းတွေလိုပါပဲလား။ အရင်တုန်းက ရင်းနှီး ပတ်သက်ခဲ့ဖူးတာတွေ အခုချိန်မှာ အရိပ်ငွေ့ငွေ့လေးပင် မနွေးထွေး တော့ပေ။ ကိုယ်က အရင်သစ္စာဖောက်ခဲ့သူဆိုတော့ သူ့ကို ဘယ်လို စကားတွေနဲ့ စစ်ထိုးလို့ရမှာလဲလေ။ သူ ပက်ပက်စက်စက် ပြောတာကို ပဲ ကိုယ်က ခံနေရတာပေါ့။

"မွေး"

"ဟင်"

"ဒီဆွယ်တာလေးကို ကျွန်တော် ခဏကိုင်ကြည့်လို့ရမလား မသိဘူး"

"ဩော်…ရပါတယ်"

"ဒါဆို ခဏကိုင်ကြည့်မယ်နော်"

"အင်း"

မွေးက ဆွယ်တာလေးကို သူ့လက်ထဲသို့ ထည့်ပေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ပေါ်မှာ ဝတ်ခွင့်မကြုံပေမယ့် မွေး ထိုးထားတဲ့ ဆွယ်တာလေးကို ကိုယ့်လက်နဲ့ ဦးစွာ ထိကိုင်ခွင့်ရရင် ကျေနပ်ပါပြီလေ။

"ကိုဝေယံရှိန်အတွက် ကျွန်မ ထပ်ပြီးဆုတောင်းပေးပါတယ်"

"ဘာလဲ…မွေး"

"နောက်ထပ် ကိုဝေယံရှိန်အပေါ် မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်နိုင်မယ့်သူ တွေ့ပါစေလို့ပေါ့"

"မလွယ်တော့ပါဘူး"

"ဟင်"

"ကျွန်တော့်နှလုံးသားက သေဆုံးသွားပါပြီ မွေးရယ်"

"အဲဒါ…ရှင် ထင်လို့ပါ"

"ကျွန်တော် တကယ်ပြောတာ…ကျွန်တော့်ဘဝမှာ အချစ်ဆိုတာ နောက်ထပ် ဘယ်တော့မှရှိလာမှာ မဟုတ်ဘူး"

"အစားပဲကုန်အောင်စား…စကားကို ကုန်အောင်မပြောနဲ့လေ။ ကြမ်းကျဲ့ရင် နုတ်လို့ရတယ်။ စကားကျံ့ရင် နုတ်လို့မရဘူး"

ဝေယံရှိန် မွေးမျက်နှာလေးကို ခပ်ငေးငေး ကြည့်မိသွား၏။ ပြောလို့မှမယုံရင် မပြောတော့ပါဘူး။ သူ ကိုယ့်နှလုံးသားကို ကိုယ်နားလည်လိုက်ချိန်မှာ ကိုယ့်နှလုံးသားမှာ အမြစ်တွယ်နေတာသည် မွေးတစ်ယောက်တည်းသာ။

"မယုံတာကို ယုံရကောင်းစေလို့ မဆိုလိုပါဘူး မွေးရယ်…ဒါပေမယ့် မောင်…အဲလေ…ကျွန်တော့်ကိုယ်ကျွန်တော်ပဲ အသိဆုံးပါ"





"ဒါဆို ရှင့်ရင်ထဲက အချစ်တွေ ကုန်ဆုံးသွားတော့ ရှင် အသူလိုအပေါ် ပုံအောပြီး ချစ်လိုက်လို့ထင်ပါတယ်"

ဟုတ်တယ်လို့ ပြောရမလား။ သူနဲ့ပတ်သက်မိလို့ ကိုယ့်နှလုံးသား သေဆုံးသွားရတာပဲလေ။

"ဟင်"

စစ်သည် ခြေလှမ်းတွေ ရပ်တန့်သွားလေ၏။ ထိုင်နေကြတာ မွေးနဲ့ ဝေယံရှိန်ပါလား။ ဝေယံရှိန်လက်ထဲမှာက မွေး ထိုးနေတဲ့ ဆွယ်တာလေးပါ။ သြော်…ကိုယ်ကတော့ ကိုယ့်အတွက် အပင်ပန်းခံပြီးထိုးနေတယ်လို့ထင်ပြီး ဘယ်သူ့အတွက်လဲ မမေးခဲ့တာ။ ခုတော့ မျှော်လင့်ချက်က သွားပြီ။ ကိုယ့်အတွက်မဟုတ်ဘဲ ဝေယံရှိန်အတွက်တဲ့လား။

ရင်ထဲမှာ…

ဖော်မပြနိုင်တဲ့ ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရခြင်းနှင့်အတူ သူ လှည့်ထွက်လာခဲ့တော့သည်။ ကိုယ်သွားလိုက်ရင် အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါလေ။

သံယောဇဉ်…

ဒါပေါ့လေ…ငယ်ကအချစ် အနှစ်တစ်ရာ မမေ့သာတဲ့။ အချစ်ဦးဆိုတော့လည်း လွယ်လွယ်နဲ့ မပြတ်နိုင်တာကို သူ နားလည်ပါသည်လေ။

ဒါကြောင့်…

ကိုယ်က ပိုင်ဆိုင်ခွင့်ရတော့မယ့်သူမို့ ခွဲကြကွဲကြမယ့် သူတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ရဲ့ လွမ်းဆွတ်မှုတွေကို ဥပေက္ခာပြုပေးလိုက်တာပါ။ ခုမှတော့ နောက်ဆုတ်လို့လည်း မရတော့သည့်အခြေအနေ။

"သား"

"..........."

"ဟဲ့...သား"

"ဗျာ"

"မွေးဆီ သွားမလို့ဆိုပြီး ဘာလို့ပြန်လာတာလဲ"

"သား အလုပ်ကိစ္စနဲ့ အပြင်သွားစရာရှိတယ် မေမေ...အဲဒါကြောင့် ပြန်လာတာပါ"

"ဪ"

စစ်သည် ကားသော့ယူပြီး တကယ်ပဲ အပြင်သို့ ထွက်လာခဲ့သည်။ စိတ်ညစ်ညစ်နဲ့ပေါ့လေ...။

❀ ❀ ❀





## အခန်း (၂၆)

စိတ်ညစ်လို့ အရက်သောက်တာ ဘာဆိုင်လို့လဲဆိုပေမယ့် စိတ်ညစ်ရင် အရက်ပဲသောက်ချင်တာ ယောကျ်ားတွေအတွက် စိတ်ထွက်ပေါက်လားတော့မသိပေ။

စစ်သည်...

စိတ်ညစ်ညစ်နှင့် အရက်မှာပြီးသောက်နေစဉ်...

"စစ်သည်"

"ဟင်"

"ထိုင်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းတာ ဝတ္တရားအရပေမယ့် လူက ဝင်ထိုင်မိပြီလေ။ အကြောင်းက တိုက်ဆိုင်လိုက်တာ။ အဥ္ဇလီသူငယ်ချင်းနဲ့ အပြင်ထွက်လာတာ။ စစ်သည် ကားကိုမြင်လို့ လိုက်လာခဲ့တာလေ။ အခု အရက်သောက်နေတာ တွေ့တယ်ဆိုတော့…

အပွန်း…

ဒါ…ကိုယ့်အတွက် အခွင့်အရေးပဲလေ။ သူ ဘယ်လောက်ပဲ တော်ပါစေ အမြဲတမ်း သတိကောင်းမနေနိုင်ပါဘူး။

"အဥ္ဇလီ"

"ဟုတ်ပါတယ်"

စစ်သည် မျက်နှာတင်းသွားပြီး…

"မင်း ဒီကို ဘာလာလုပ်တာလဲ"

"စစ်သည်ကို မြင်လို့ ဝင်လိုက်လာတာပါ။ တော်ကြာ အလွန်အကျွံသောက်မိမှာစိုးလို့ပါ"

"ဘာ"

"အလွန်အကျွံသောက်မိရင် အိမ်မပြန်နိုင်မှာစိုးလို့ပါ။ စေတနာနဲ့ ကူညီချင်တာကို အသိအမှတ်မပြုချင်နေပါ စစ်သည်ရယ်…စော်ကားတာမျိုးတော့ မဖြစ်ပါစေနဲ့"

ဒီမိန်းမ ဘာဇယားလာရှုပ်ပြန်ပြီလဲ။ စိတ်ညစ်တာတောင် ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် စိတ်မညစ်ရတဲ့ဘဝပါလားနော်။

"မင်း…တော်တော်ရဲတင်းပါလား အဥ္ဇလီ…မိန်းမပျိုလေး တစ်ယောက်က ဒီလိုနေရာမျိုးကို ရောက်မလာဘူးဆိုတာ မင်း မသိ





ဘူးလား"

အဥ္ဇလီ ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်၏။ ပြောချင်တာပြောစမ်း၊ ရောက်လာမိပြီးမှတော့ ခြေလှမ်းကို နောက်မဆုတ်တော့ဘူးလေ။ ဖြစ်လာသမျှကို ကောင်းအောင်ဖန်တီးပြီး ရင်ဆိုင်လိုက်ရုံပဲပေါ့။ ဘာနဲ့ပဲ ထောင်ဖမ်းဖမ်း သားကောင်မိဖို့က အဓိကမဟုတ်လား။

သိက္ခာမလို…

မာနမလိုဘူးလေ။

အဥ္ဇလီက လိုချင်ရင်ရမှ ကျေနပ်တာပဲဥစ္စာ။

"အဥ္ဇလီ"

"ရှင်"

"မင်း ထွက်သွားစမ်းကွာ"

"မသွားဘူး စစ်သည်…ရှင် မူးလို့မှောက်သွားရင် ရှင့်အတွက် ဘယ်လောက်အန္တရာယ်ရှိလဲ…ရှင် သိရဲ့လား"

"ကျွတ်"

မပြောချင်တော့တာမို့ နေစမ်းဆိုပြီး ဥပေက္ခာပြုထားလိုက်မိသည်။ ထို့ကြောင့် ကိုယ်သောက်စရာရှိတာကိုပဲ သောက်နေလိုက်တော့၏။ အရက်သောက်တိုင်း ခြေလှမ်းမှားကြတာမှ မဟုတ်တာ။ သူ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် သောက်မှာမှ မဟုတ်ပဲလေ။

"ဟင်"

ဝေယံရှိန့်သည် စိတ်ညစ်လို့ ဒီဆိုင်ထဲကိုဝင်လာတာ စစ်သည်နှင့် အဥ္ဇလီ အတူရှိနေတာကို မြင်လိုက်ရလေတော့ စိုးထိတ်မှုတွေရှိတာမို့



www.burmeseclassic.com

www.burmeseclassic.com



အရက်မမှာဘဲ တစေ့တစောင်းသာ ကြည့်နေမိတော့၏။

အဠလီ…

သူမအကြောင်းကို ဝေယံရှိန် သိခဲ့ပြီးပြီပဲလေ။ ဒါကြောင့် စစ်သည်အတွက် စိုးရိမ်တာပါ။ သူက ကောက်ကျစ်စဉ်းလဲရင် ယောက်ျားလည်း ဘဝပျက်တာပဲမဟုတ်လား။

"အဠလီ"

"………"

"မင်း တကယ်မသွားဘူးလား"

"……………"

"မင်း မသွားရင် ငါသွားမယ်"

"စစ်သည်"

စစ်သည် ထရပ်လိုက်တော့ အဠလီကပါ အတင်းထရပ်ကာ…

"ရှင် နေခဲ့ပါ…ကျွန်မ သွားမယ်"

အဠလီ ပြောပြီးတာနှင့် သူ့ရှေ့မှ ထွက်လာခဲ့တော့၏။ နေခဲ့ပါ စစ်သည်။ ကျွန်မ ထွက်သွားတယ်ဆိုတာ ရှင့်ကို ကြောက်လို့ ရှင့်အမိန့်ကို နာခံလိုက်တာမဟုတ်ဘူး။ ရှင် လွတ်လွတ်လပ်လပ် သောက်ချင်သလောက် သောက်စမ်း။ ရှင် မှောက်မှ ကျွန်မအတွက် အခွင့်အရေးက ပိုရမှာ။

ဒီတော့…

ကျွန်မက ရှင် ခြေလှမ်းအများကို စောင့်ကြည့်နေရုံပဲပေါ့။ အပွန်း…ရှင် သတိဘယ်လောက်ကောင်းနိုင်မှာတဲ့လဲ။





"ဟဲ့…အဠလီ"

"ဟယ်…လန့်လိုက်တာ အနှင်းရယ်။ နင် အခုထိ မပြန်သေးဘူးလား"

"နင့်ကို စောင့်နေတာဟ…အကူအညီလိုရင် ပေးနိုင်အောင်လို့လေ"

"ရပါတယ်…မလိုပါဘူး"

"နင့်ကိုယ်နင် ယုံကြည်မှု မလွန်ကဲနဲ့ အဠလီ…နင် သူ့ကိုယ်ကြီးကိုနိုင်လို့လား။ ပြီးတော့ နင် သူ့ကို လျှော့တွက်လို့မရဘူးနော်"

"နင့်ကိုပဲ ကျေးဇူးတင်ရမလိုပါလား"

"မဟုတ်ဘူးလေ"

"အေးပါ…စောင့်မယ်ဆို စိတ်ရှည်ရှည်နဲ့သာ စောင့်ပေး…နော်"

အလင်းကလူနဲ့ အမှောင်ကလူလို စောင့်တဲ့သူက စောင့်ကြည့်နေပြီဆိုတော့ ရှေ့ဆက်ဘာဖြစ်ကြဦးမလဲဆိုတာ…

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၅)

ကောင်းစစ်သည်ဆိုတာ ထက်မြက်တဲ့ယောက်ျား။ အရာရာကို အမြဲတမ်း စဉ်းစားချင့်ချိန်တတ်သူ။

ဒါပေမယ့်…

ဘယ်သူက အမြဲတမ်းမှန်နေမှာတဲ့လဲ။ သူ စိတ်ညစ်လို့ အရက်သောက်တယ်ဆိုပေမယ့် လူမှန်းသူမှန်းမသိ မူးအောင်တော့ မသောက်ပေ။ ယောက်ျားဆိုတော့ မကင်းဘူးပေါ့။ ဒါပေမယ့် သူ ဘယ်တုန်းကမှ ကိုယ့်ကားကိုယ် မောင်းမပြန်နိုင်တဲ့အထိ မသောက်ခဲ့ပေ။

ပြန်မယ်ဆိုပြီး…

ထွက်လာကာ ကားပေါ်သို့တက်လိုက်ကာ ကားမောင်းဖို့ ပြင်လိုက်စဉ်မှာပဲ…





"စစ်သည်"

"ဟင်"

ကားအနားကို အပြေးအလွှား ရောက်လာသူက အဒ္ဓလီနဲ့ အခြားမိန်းကလေးတစ်ယောက်ပါပဲ။ အဒ္ဓလီက ကားတံခါးကို ဖွင့်လိုက် ကာ…

"ကားမောင်းနိုင်ရဲ့လား"

"မောင်းနိုင်ပါတယ်"

"မောင်းနိုင်တယ်မလုပ်ပါနဲ့…မူးရင် မမောင်းနဲ့လေ။ ဖယ်ပါ အဒ္ဓလီ လိုက်ပို့မယ်"

"မလိုဘူး"

"ကဲ…ဖယ်ပါ…အဒ္ဓလီတို့က နှစ်ယောက်ဆိုပြီး ကြောက်နေတာလား။ မကြောက်ပါနဲ့ စစ်သည်ရယ်…အဒ္ဓလီတို့က ကိုက်မစားပါဘူး"

"ကျွတ်"

"ကဲ…ဖယ်ပါ"

"ကဲ…မောင်းကွာ"

စစ်သည် ကြာတော့ စိတ်မရှည်။ ဒါကြောင့် သူ နေရာဖယ်ပေးလိုက်တော့၏။ ကိုယ်က ယောက်ျားပဲလေ။ မိန်းကလေးတစ်ယောက်ကို ဒီလောက်ကြောက်နေစရာမှမလိုတာ။ သူ မာယာများတာ ကိုယ်ပါမှမဖြစ်တဲ့ကိစ္စ။ ကိုယ့်ရင်ထဲမှာက မွေးတစ်ယောက်တည်းသာ။

စစ်သည်…



www.burmeseclassic.com

www.burmeseclassic.com



သတိထားနေတဲ့ကြားက မေးကနဲ အိပ်ပျော်သွားတာ အိပ်မက်တွေဘာတွေတောင် မက်လို့ပါပဲ။ အိပ်မက်ထဲမှာ မွေးရယ်၊ သူရယ် ပြုံးပျော်ကြည်နူးလို့။ မွေးက သူ့ပါးလေးကို နမ်းလိုက်တာမှာ ဖျတ်ကနဲ လန့်နိုးသွားတော့…

"ဟင်"

မျက်လုံးဖွင့်ကြည့်လိုက်တာနှင့် သူ့မျက်နှာနှင့် နီးကပ်စွာရှိနေသည့်မျက်နှာက အဍ္ဍလီ။ စစ်သည် ကမ္ဘာပျက်မတတ် လန့်သွားတာကိုပဲ သူမက ပြုံးနေလေလျှင်…

"မင်း"

"အင်း…အဍ္ဍလီ နမ်းလိုက်မိတာ စိတ်ဆိုးသွားလား"

"ဟာ"

စစ်သည် ခါးကို မတ်မတ်ပြင်ထိုင်ပြီး အဍ္ဍလီ နမ်းလိုက်သောပါးပြင်ကို ပွဲထွက်မတတ် ပွတ်ပစ်လိုက်၏။ ရှိနေသေးတာက ကားထဲမှာပဲမို့ တော်ပါသေးရဲ့။ အိပ်ခန်းတစ်ခုခုထဲသာရောက်နေရင် ကိုယ့်ဘဝသွားပြီ။ ဘေးဘီကို ကြည့်လိုက်တော့…

"အခု ငါ ဘယ်ကိုရောက်နေတာလဲ။ မင်း ဘယ်ကိုမောင်းလာတာလဲ အဍ္ဍလီ"

"အပျွန်း"

"ဖြေလေကွာ"

"အဍ္ဍလီတို့ ကားထဲကို ရောက်နေပြီ ကိုရဲ့"

"ဘာ"





"ကိုကို အဍ္ဍလီ အရမ်းချစ်တယ်။ သူများနောက် အပါမခံနိုင်ဘူး။ အဲဒါကြောင့်…"

"မင်း အဲလိုလုပ်လို့ရမလား…ဖယ်စမ်း"

စစ်သည် အဍ္ဍလီကို အတင်းတွန်းပစ်ပြီး ကားတံခါးကို ဖွင့်ဆင်းမယ်လုပ်တော့…

"စစ်သည်"

အဍ္ဍလီ သူ့လက်မောင်းကို ဆွဲထားပြီး ဖုန်းကို ထောင်ပြလိုက်သည်။ စစ်သည် နားမလည်စွာ မျက်မှောင်ကြုတ်သွားလေတော့…

"စောစောက ဓာတ်ပုံတွေ ရိုက်ထားတာ ဒီဖုန်းထဲမှာ အများကြီးပဲ။ ပုံတွေက ဘယ်လိုပုံတွေလဲ၊ ဘယ်လိုတွေ ဖြစ်သွားနိုင်သလဲရှင် သိလား။ ရှင့်သိက္ခာ ရှင့်ဂုဏ်ကို ထိခိုက်အောင် တမင်လုပ်ထားတာ။ အဲဒါ ရှင့်ကို မစွန့်လွှတ်နိုင်လို့ သိပ်ချစ်လို့"

"တော်စမ်း"

ဒီလောက်ဆို သူ့ဘာလုပ်မှာလဲ စစ်သည် သဘောပေါက်လိုက်ပြီလေ။

"facebook မှာ ဒီပုံတွေ မတင်စေချင်ရင် ရှင်… မွေးနဲ့ သက်မထပ်နဲ့ပေါ့"

"တောက်"

တက်ခေါက်ပြီးကြည့်လိုက်တဲ့ စစ်သည်မျက်ဝန်းတွေက စီဝင်းဝင်းတောက်နေလျက်ပါ။ သူမသူငယ်ချင်းဆိုတဲ့ အမျိုးသမီးကသည်း ဘယ်ကျွန်ခံပါလိမ့်။ ဒီနှစ်ယောက် အကြံတူညာဏ်တူပေါင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ချောက်ချခဲ့တာ။ အခု သတိထားနေတဲ့ကြားက စစ်သည် ခြေတစ်လှမ်းမှားတာနှင့် ခံလိုက်ရပြီလေ။

ဘာလုပ်ရမှာလဲ…

သူ ထင်တိုင်းကျဲရင် ကိုယ့်သိက္ခာတွေသွားပြီပေါ့။

"မင်း…တော်တော်အကြံပက်စက်ပြီး ယုတ်မာပါလား အဥ္ဇလီ။ မင်းလို အရှက်မရှိတဲ့ မိန်းမမျိုးကို ငါ့ကုမ္ပဏီမှာ အလုပ်ခန့်မိတာ ငါ မှားတာပဲ။ မြွေပွေးကို ခါးပိုက်ထဲထည့်မိတာ။ အခု မင်းကို ငါ တစ်ခုပြောမယ်"

"အင်း…ပြောလေ"

ပြန်ပြောလိုက်ပုံက မခိုးမခန့်ပါ။ ဒေါသဖြစ်တိုင်းသာလုပ်ရရင် အရိုးတခြား အသားတခြား ဖြစ်ကုန်တော့မှာပဲ။

"မင်း ဖုန်းထဲကဓာတ်ပုံတွေကို ခုဖျက်ပေးပါ"

"ရှင်…ကျွန်မကို လက်ထပ်လေ"

"တောက်"

"မဟုတ်ရင်တော့…အဟွန်း"

"မင်း မှတ်ထား အဥ္ဇလီ…မင်းကို လက်ထပ်မယ့်အစား ငါ ငါ့ကိုယ်ငါ အဆုံးစီရင်ပစ်လိုက်မယ်။ အခု ငါ မေးချင်တာက မင်း အဖြစ်နိုင်ဆုံးကိုပဲ စဉ်းစားပါ။ အဲဒီပုံတွေကို ဖျက်ပေး။ မင်း ငွေ ဘယ်လောက်လိုချင်လဲ…ပြော…ငါ ပေးမယ်။ ငါ့သိက္ခာအတွက် ဒီလောက်တော့ ငါ လိုက်လျောပေးရမှာပေါ့"

"ငွေ…ဟုတ်လား"





"ဟုတ်တယ်"

အဥ္ဇလီ မျက်ကြောကို စင်းလိုက်ပြီး…

"ငွေ…ဘာလုပ်ရမှာလဲ။ ကျွန်မက အရူးမှမဟုတ်တာ။ ငွေ ဆိုတာ လူရှာရင်ရတယ်လေ"

"ဘာ"

"ဟုတ်တယ်လေ…အဥ္ဇလီက လူကိုပဲ လိုချင်တာ"

စစ်သည် ဒေါသကို မထိန်းနိုင်တော့ပေ။ လက်ထပ်မယ့်ဆဲဆဲ ယောကျ်ားကိုမှ လိုချင်တယ်တဲ့။

"မိန်းမယုတ်"

"ဘာ"

"မင်းကို ငါ အရမ်းရွံတယ် သိလား…ထွီ"

"ကောင်းစစ်သည်"

"မင်းက ကျက်သရေမရှိ အဆင့်အတန်းမရှိတဲ့ မိန်းမ"

"ကဲ"

"ဖြန်း"

"….."

"ဖြန်း"

ကိုယ့်ကို ဒီလောက် မှိုချိုးမှစ်ချိုးပြောလာတော့ အဥ္ဇလီ ဆတ်ဆတ်ခါနာရပြီလေ။ ဒါကြောင့် စစ်သည့်ပါးပြင်ကို နှစ်ချက်ဆင့်ပြီး ရိုက်ချပစ်လိုက်တော့…

"မင်း…မင်း ငါ့ပါးကို ရိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်တယ်…ဘာဖြစ်လဲ…ဖြစ်နိုင်ရင် သတ်ဖို့ အစီအစဉ် ရှိသေးတယ်"

"အေး…ငါကလည်း မင်းပြောတိုင်း ခေါင်းညိတ်ပြီး သဘောခွေ့နေမယ့်ယောကျ်ား မဟုတ်ဘူးကွ…နားလည်လား…အဲဒီတော့"

စစ်သည်ဘက်က တုံ့ပြန်မှုသည်လည်း…

"ဖြန်း"

"အား"

"ဖြန်း"

"မှတ်ထား အဥ္ဇလီ…မင်းကမှ အဆိပ်ပြင်းတယ်လို့မထင်နဲ့။ မင်းက အဆိပ်ပြင်းတဲ့မြွေဆိုရင် မြွေကိုနိုင်တဲ့ ပင့်ကူ ရှိသေးတယ်ဆိုတာ မင်း မမေ့နဲ့။ ငါက ဝေယံရှိန် မဟုတ်ဘူး။ သစ္စာတရားကို ငါ့အသက်ထက် တန်ဖိုးထားတယ်ကွ"

စစ်သည် ပြောပြီးတာနှင့် လှည့်ထွက်ဖို့ပြင်လိုက်စဉ်…

"ဒုတ်"

"အ"

"ဒုတ်"

"အား"

"မလုပ်နဲ့…ထပ်မလုပ်နဲ့နော်"

"ဟင်"

အခြေအနေက ရှုပ်ထွေးသွားလေ၏။ စစ်သည်ကို လူတစ်ယောက်က တုတ်နဲ့ ဝင်ရိုက်လိုက်ချိန်မှာ ကိုယ့်အာရုံနှင့်ကိုယ်မို့





ခြံထဲသို့ ကားတစ်စီး ကသောကမျော ဝင်လာတာကို မမြင်လိုက်ကြပေ။ ကားပေါ်က ဆင်းလာတာသည် ဝေယံရှိန်။ သူက ဘယ်လိုရောက်လာပါလိမ့်။

ဝေယံရှိန်…

နောက်ကနေ ထပ်ကြပ်မကွာ လိုက်လာတာမို့ အဥ္ဇလီတို့ ဘာတွေလုပ်တယ်ဆိုတာ သူ အကုန်သိတာပေါ့။ အချို့က မမြင်လိုက်ပေမယ့် ဖြစ်နိုင်တာတွေ တွေးကြည့်ရတာပဲလေ။ နောက်မှာ ကျန်ခဲ့တာက သူ ဖုန်းဆက်နေလို့ပါ။

အခု…

စစ်သည်ကို ပြေးထူဖို့ထက် အဥ္ဇလီလက်ထဲက ဖုန်းကိုပဲ အမိအရ လုယူလေတော့…

"ရှင် ဘာလုပ်တာလဲ ပြန်ပေးနော်"

"မပေးဘူး…မင်း ယုတ်မာမယ့်အကြံအစည်တွေကို ငါ ဖျက်ဆီးပြီးမှ ပြန်ပေးမယ်"

"ဝေယံရှိန်"

"…………"

"ဘာလဲ…ရှင်က မရတဲ့အမဲကို သဲနဲ့ပက်တာလား…ပြန်ပေးနော်"

"ဟော့ကောင်"

"ခင်ဗျား ရှေ့မတိုးနဲ့နော်…ရဲစခန်းကို ကျွန်တော် ဖုန်းဆက်ပြီးပြီ။ ဘုမသိ ဘမသိနဲ့ ခင်ဗျား ဝင်မပါနဲ့။ ခင်ဗျားညီမ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတာလုပ်နေလဲ ခင်ဗျား ပြန်မေးကြည့်ဦး"

"ဟင်"

"ကိုဝေယံရှိန်"

"ဖယ်စမ်း"

ဝေယံရှိန်နဲ့ အဥ္စလီ ဖုန်းကို နှစ်ယောက်လုရင်းပဲ ဝေယံရှိန်က မာတ်ပုံတွေ ဖိုင်ဖျက်လို့ရမယ့်ကတ်ကိုသာ အမိအရ ထုတ်ယူနေမိ၏။ အဥ္စလီရဲ့အစ်ကိုမှာလည်း ရဲစခန်းကို ဖုန်းဆက်ထားတယ်ဆိုတာနှင့် ရှေ့တိုးမလာရဲတော့ပေ။ သူ့ညီမ ဘာလုပ်နေတယ်ဆိုတာကိုလည်း သူ မသိပါဘူး။

တကယ်က…

သူနဲ့အဥ္စလီသည် မောင်နှမဝမ်းကွဲတော်တာကို ဝေယံရှိန် သိပြီးတာ စုံစမ်းထားလို့လေ။ ဘာရယ်လို့တော့ မဟုတ်ပါဘူး။ တစ်ခါက အဥ္စလီနဲ့တွဲတွေ့လို့ သူငယ်ချင်းက ပြောပြတာနဲ့ပဲ သိတာပါ။

သိန်းထိုက်လည်း…

သူ အိမ်ထဲကနေထွက်အလာမှ ကိုယ့်ညီမနဲ့ ဟိုကောင်ကိုမြင်တော့ ဘာပြဿနာဖြစ်နေလဲလို့ ဖြေရှင်းဖို့လာခဲ့တာပါ။ နောက် အဥ္စလီက သူ့ကို ပါးရိုက်ပြီး သူက အဥ္စလီကို ပြန်ရိုက်တာ မြင်လိုက်ရတော့ ကိုယ်က အစ်ကိုတစ်ယောက်ပဲလေ။ ကိုယ့်ညီမကို ရိုက်ရမလားဆိုပြီး ဘုမသိ ဘမသိနဲ့ ဟိုကောင့်ကို ဝင်ရိုက်လိုက်မိတာပါ။

"အဥ္စလီ…ရပ်စမ်း"





"…………"

"အဥ္စလီ"

ဖုန်းကို လုနေကြရင်းပဲ ဝေယံရှိန် ကတ်ကို ထုတ်ယူပြီးပြီမို့ ဖုန်းကို ပြန်ပေးလိုက်ကာ…

"မင်း…အတ္တတွေ၊ လောဘတွေက အစွန်းရောက်နေပြီ အဥ္စလီ။ အဲဒါ မင်း ကိုယ့်ဘဝကိုယ် ဖျက်ဆီးနေတာနဲ့ အတူတူပဲ။ ငါ စေတနာနဲ့ ထပ်ပြောလိုက်မယ်။ မကောင်းမှုပဲဖြစ်ဖြစ် ကောင်းမှုပဲ ဖြစ်ဖြစ် ဘက်ပြန်ပြီး တန်ပြန်သက်ရောက်မှု ရှိလာတတ်တယ်။ မင်း ခလိမ္မာချင်နေ…မမိုက်ပါနဲ့တော့"

ဝေယံရှိန် ပြောချင်တာတွေပြောပြီး စစ်သည်ကို ပွေ့ထူကာ ကားပေါ်သို့ တွဲတင်လိုက်၏။ ပြီးတော့ ကားကို မောင်းထွက်လာခဲ့တော့သည်။

အဥ္စလီ…

မင်းက တော်တော်ကြောက်စရာကောင်းတဲ့ မိန်းမပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၈)

"အား…ကျွတ်…ကျွတ်"

စစ်သည် သတိရလာတော့ ခေါင်းကို လက်နှင့် စမ်းမိလိုက်၏။ စမ်းမိတော့ ခေါင်းမှာ ပတ်တီးနဲ့လေ။ သူ ဘာဖြစ်တာလဲ ပြန်တွေးမိတော့ သတိရလိုက်ပါပြီ။ သူ အရိုက်ခံရပြီး တစ်ယောက်ယောက် လှမ်းအော်လိုက်တာကို ကြားသည်။

"မလုပ်နဲ့…ထပ်မလုပ်နဲ့နော်" တဲ့။

မူးနေတဲ့အချိန်ကလည်းရှိပြီး အရိုက်ခံရလိုက်တော့ သူ သတိမေ့သွားခဲ့တာပါ။

အဲ့ဒီ…





တော်တော်ယုတ်မာပြီး အကြံပက်စက်တဲ့ မိန်းမ။ ဟာ… သူ့ ဓာတ်ပုံတွေကို တကယ် facebook ပေါ်တင်လိုက်ရင် ဒုက္ခပဲ။ ဒီမိန်းမ က တကယ်လုပ်မှာ။ သူ ထသွားဖို့ စောင်ကို ခွာလိုက်ပြီး သေသေ ချာချာ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ကိုယ်ရောက်နေတာ ကိုယ့် အခန်းပဲလား။ ဟုတ်လားမဟုတ်လားသိရအောင် စားပွဲပေါ်ကို ကြည့် လိုက်တော့…

စားပွဲပေါ်မှာ သူနဲ့မွေး အတူရိုက်ထားတဲ့ ဓာတ်ပုံလေးက ရှိနေ သည်။ ဒါဆို ကိုယ့်အခန်းပဲပေါ့။ ဘယ်သူ ပြန်ပို့တာလဲ။ ဘယ်သူ လာခေါ်တာလဲ။ ကိုယ့်ဘာသာ မေးခွန်းပေါင်းစုံနှင့် ဘေးကိုကြည့် လိုက်မိစဉ်…

"ဟင်"

သူ့ဘေးမှာ သူ့အိပ်ရာပေါ် မျက်နှာမှောက်ပြီး ငုတ်တုတ်အိပ်နေ တာ မွေးပါ။

"မွေး"

သူ ချက်ချင်းပဲ အိပ်ရာပေါ်ကနေ ဆင်းလိုက်ကာ…

"မွေး…မွေး"

"………"

"မွေး"

"ဟင်"

"မွေး…ဟာ…ဘာလို့ ဒီမှာ လာအိပ်နေတာလဲ။ ထ…ထ"

သူ ပွေ့ထူလိုက်တော့ မွေးက မျက်စိတွေ ပွတ်သပ်ပြီး သူ့ကို

www.burmeseclassic.com



ကြည့်လေသည်။ ပြီးမှ…

"နင်…နင် သတိရလာပြီလား စစ်သည်"

"အင်း…ရပြီ။ ငါ့ကို နင် လာကယ်တာလား။ ဒါမှမဟုတ် ဘယ်သူကယ်ပြီး ပြန်ပို့တာလဲဟင်"

မွှေး မျက်နှာလေးလွှဲသွားပြီး…

"ကိုဝေယံရှိန်ပါ"

"ဟင်"

"သူ အကျိုးအကြောင်း ဖုန်းဆက်ပြောတော့ ငါ စိတ်ပူနေတာ။ လူကြီးတွေကလည်း လိုက်မယ်ပြုမယ်နဲ့။ ဒါပေမယ့် ဝေယံရှိန်က ပြဿနာတွေ ရှုပ်ကုန်မှာစိုးလို့ ဘယ်သူမှ လိုက်မလာပါနဲ့တဲ့။ သူ စစ်သည်ကို အိမ်ရောက်အောင် ပြန်ပို့ပေးမယ်ဆိုတာနဲ့"

"ဒါဆို ငါ့ကို သူလာပို့ပေးတာပေါ့…ဟုတ်လား"

"ဟုတ်တယ်"

မွှေး စားပွဲပေါ်မှာတင်ထားတဲ့ ကတ်ကလေးကို ထယူလိုက်ပြီး

"ရော့…သူ ဒီကတ်ကလေးပေးသွားတယ်။ ဒီကတ်ပေးလိုက်တာနဲ့ နင် သိတယ်တဲ့"

လက်ဝါးထဲရောက်လာတဲ့ ကတ်ကလေးကိုကြည့်ပြီး စစ်သည် ဝေယံရှိန်ကို ဘယ်လိုကျေးဇူးတင်မှန်း မသိတော့ပေ။ ကိုယ့်ရဲ့ဂုဏ်သိက္ခာကို ဝေယံရှိန် ကယ်တင်လိုက်တာပဲပေါ့။ သူ့ကို ကယ်လိုက်တာသည် မွှေးမျက်နှာကြောင့်လား။ တကယ့်လူမှုဝန်ထမ်းစိတ်နဲ့လား။

ဘာပဲဖြစ်ဖြစ်…





ကျေးဇူးရှင့်တော့ ဖြစ်သွားတာပဲလေ။

"စစ်သည်"

"ဟင်"

"နင် စိတ်ညစ်လို့ အရက်သောက်တာလား။ နင့်အကြောင်းကို ငါ သိပါတယ်။ နင်က မဖြစ်မနေ သောက်ရမယ့်အခါမျိုးတွေမှသာ သောက်တတ်တာ။ အခုက တစ်ယောက်တည်း သွားသောက်တာလေ"

"…………"

"နင် ဘာကို စိတ်ညစ်နေတာလဲ။ ငါ့ကို ပြောပြလေ။ နင် ငါ့ကိုမှ ရင်မဖွင့်ရင် ဘယ်သူ့ကို သွားရင်ဖွင့်မှာလဲ စစ်သည်"

စစ်သည် ပြန်မဖြေရခက်သွားလေ၏။ ကိုယ်က ကိုယ်လက်ထပ်ရမယ့်ဇနီးလောင်းကို ရည်းစားဟောင်းနဲ့အတူ ထိုင်နေတာတွေ့တော့ မွန်သွားတယ်လို့ ပြောရမလား။ တကယ်ဆို ကိုယ်နဲ့ လက်ထပ်တော့မှာပဲလေ။ သူတို့ ရိုးရိုးပဲဖြစ်ဖြစ်၊ ဆန်းဆန်းပဲဖြစ်ဖြစ် မွှေး ပြတ်သားတတ်တာကို ကိုယ်သိနေတာပဲဥစ္စာ။

ကိုယ့်အမှားမို့ ခေါင်းငုံ့လိုက်စဉ်…

ကိုယ်ဝတ်ထားတဲ့ အင်္ကျီလက်ကိုမြင်တော့ ကိုယ့်မှာ ဒီလို ဆွယ်တာတစ်ထည်မှ မရှိပါဘူးလို့ ကိုယ်လုံးကို ပြန်ငုံ့ကြည့်တော့ သူ သိတာပေါ့။ ဒါ မွှေးထိုးနေတဲ့ အင်္ကျီပဲလေ။ ကိုယ့်ကိုယ်မှာ ဘယ်သူဝတ်ပေးထားတာလဲ။ ဝေယံရှိန်ကို ပေးလိုက်တာမဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



"မွေး"

"ပြော"

"ဒီ…ဒီဆွယ်တာက"

"ငါထိုးနေတဲ့ ဆွယ်တာလေ…နင် မမှတ်မိဘူးလား"

"မှတ်မိပါတယ်…ငါ့ကို ဝတ်ပေးတာ နင်လား ဝေယံရှိန်လား"

မွေး မျက်မှောင်လေးကြုတ်သွားပြီး…

"နင် ဘာလို့ အဲလိုမေးတာလဲ"

"သိချင်လို့ပါ"

"ငါ ထိုးထားတဲ့ဆွယ်တာ ငါ့အပြင် နင့်ကို ဘယ်သူဝတ်ပေးမှာတဲ့လဲ။ အဲ…ကိုဝေယံရှိန်ကတော့ နည်းနည်းကူညီရတာပေါ့။ ဒီဆွယ်တာကို နင့်အတွက် ငါ အပင်ပန်းခံပြီး ထိုးထားတာလေ။ နင့်ကို မပေးလို့ငါက ဘယ်သူ့ကို ဝတ်ပေးရမှာလဲ…ပြောပါဦး"

"နင် ဝေယံရှိန်ကို ပေးလိုက်တာမဟုတ်ဘူးလား။ သူ့လက်ထဲမှာ ကိုင်ထားတာ ငါ မြင်လိုက်ပါတယ်။ ငါ နင်တို့အတွက် အနှောင့်အယှက်ဖြစ်မှာစိုးလို့ လှည့်ပြန်သွားခဲ့တာ"

"ဘာ"

ဒီလောက်ဆို မွေး သဘောပေါက်လိုက်ပါပြီ။ သူ ဒါကြောင့် စိတ်ညစ်ပြီး အရက်သွားသောက်တာပဲဖြစ်မှာပေါ့။ မွေးတို့ကို အခုချိန်မှာ ဒီလိုထင်လိုက်တာ မွေးသိက္ခာကို စော်ကားလိုက်ခြင်းပါပဲ။

"စစ်သည်"





"…………"

"နင် ငါ့မေတ္တာနဲ့ ငါ့သစ္စာတွေကို စော်ကားလိုက်တာလား ဟင်…နင့်ကွယ်ရာမှာ တို့ကို ဖောက်ပြန်နေတယ်လို့ ထင်တာလား။ နင် မှတ်ထား စစ်သည်…ငါဆိုတဲ့မိန်းမက လှေနှံနှစ်ဖက်နင်းတာမျိုး ဘယ်တော့မှ မလုပ်ဘူး။ တစ်ဖက်ကို မပြတ်သားဘဲနဲ့လည်း တစ်ဖက်ကို လက်ခံပြီး ဒုက္ခမပေးတတ်ဘူး။ ငါ့စိတ်ကို နင် အသိဆုံးပါ။ ပစ္စည်းဖြစ်ဖြစ်၊ ဘယ်အရာဖြစ်ဖြစ် ငါက ကျော်ခိုင်းပြီးရင် ဘယ်တော့မှ ပြန်လှည့်မကြည့်တတ်ဘူး။ အခု နင်ဒီလိုဖြစ်သွားတာအတွက် ငါ ဘယ်လောက်စိတ်ပူပြီး ငိုခဲ့ရလဲ…နင် သိလား"

ပြောရင်း မွေး မျက်ရည်တွေကျလာတော့…

"ဆောရီးပါ မွေးရယ်…ငါ တောင်းပန်ပါတယ်။ ငါ မှားသွားတာကို ငါ ဝန်ခံပါတယ်ဟာ…နင့်ကို ငါ ယုံပါတယ်။ တဒင်္ဂအတွင်းမှာ ငါ အချစ်စိတ်နဲ့ အမှန်တရားကို မတွေးလိုက်မိတာပါ။ မငိုနဲ့တော့နော်"

ပြောပြီး မျက်ရည်တွေသုတ်ပေးကာ မွေးကိုယ်လေးကို ဆွဲဖက်ထားလိုက်မိ၏။ ဟုတ်သားပဲ။ ကိုယ့်ကိုချစ်လို့ ကိုယ်နဲ့လက်ထပ်တော့မှာကို ဘာများသံသယဝင်စရာ ရှိလဲနော်…။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"ဒုန်း"

အဥ္ဆလီ ကိုယ့်ဖြစ်ချင်တိုင်းမဖြစ်ရတော့ ဒေါသတွေ ပေါက်ကွဲကာ စားပွဲကို ခါးနှင့် ထိုးစိုက်လိုက်တာ ဒုန်းကနဲပါပဲ။ မျက်လုံးထဲလည်း မီးတွေပဲ ထတောက်ပြီး အခိုးအငွေ့တွေ ထွက်နေသလိုပါ။ ဒါကိုကြည့်ပြီး အစ်ကိုလုပ်သူက…

"နင် ဘယ်လိုဖြစ်နေတာလဲ အဥ္ဆလီ…နင့်ရုပ်နင့်ရည်နဲ့ နင့်အတွက် ယောကျ်ား ဒီလောက်တောင်ပဲ ရှားသလား။ အခု နင် လုပ်ပုံက ဘယ်လောက်ရှက်စရာကောင်းလဲ။ နင်တင်မဟုတ်ဘူး မိသားစုရဲ့ဂုဏ်သိက္ခာကိုပါ ချနင်းပစ်တာ။ တောက်…ရှက်ဖို့ကောင်း လိုက်တာကွာ…ကိုယ့်မျက်နှာကိုယ် ခါးနဲ့လှီးပစ်ဖို့ပဲ ကောင်းတော့ တယ်"





"ရှက်ရင် လှီးပစ်လိုက်လေ။ ကိုကြီး ဒီကိစ္စမှာ ဘာမှဝင်ပါစရာ မလိုဘူး။ အစ်ကိုဝမ်းကွဲပဲဥစ္စာ…ဥပေက္ခာပြုပြီး သူစိမ်းဆန်လို့ရတယ်။ လိုအပ်ရင် ဘာမှမတော်စပ်ဘူးလို့ ကြော်ငြာလိုက်။ အဥ္ဆလီကိစ္စမှာတော့ ဝင်မရှုပ်ပါနဲ့"

"ဘာ"

"အဥ္ဆလီ သူ့ကို တကယ်ချစ်မိသွားတာ။ အဲဒါကြောင့် အရှုံးမခံနိုင်ဘူး…ပိုင်ဆိုင်ချင်တယ်။ အဥ္ဆလီမှ ပိုင်ဆိုင်ခွင့်မရဘူးဆိုရင် ဘယ်သူ့မှ ပိုင်ဆိုင်ခွင့်မရစေရဘူး။ အဲဒါ…အဥ္ဆလီရဲ့ဆုံးဖြတ်ချက်ပဲ"

"အဥ္ဆလီ"

ညီမလုပ်သူ၏စကားကြောင့် သိန်းထိုက် ကြက်သီးမွေးညင်းများ ပင် ထသွားလေ၏။ သူ့ရဲ့အတ္တစိတ်က တော်တော်ကြောက်စရာ ကောင်းပါလား။ ခုမှ ရှာမီးခဲလို ရဲရဲငြိးအောင် တောက်လောင်နေတာ လေ။ သူ့ဖြစ်ချင်သလို ဖြစ်ပေးရအောင် တစ်ဖက်ကလည်း နှလုံးသား မပါတဲ့ ကော်ပတ်ရုပ်တွေမှမဟုတ်တာ။

ဒီအကြောင်းတွေ…

ကိုယ့်မှာ ဘယ်သူ့ကို ပြေးတိုင်တန်း တားဆီးခိုင်းရမှန်းလည်း မသိပေ။ ဖိနှိပ်ရင် ရန်ကြွတတ်တဲ့သဘောတရားရှိတာမို့ တားဆီးမှ ပိုဆိုးမှာလည်း စိုးရ၏။

"လောကမှာ သူ့ထက်ချောပြီး သူ့ထက်တော်တဲ့ယောကျ်ားတွေ အများကြီးပါ ညီမလေးရယ်…ကိုယ့်ကြောင့် သူများအပျော်တွေကို မပျက်စီးပါစေနဲ့။ သူများကိုဖျက် ကိုယ်အရင်ပျက်တဲ့။ အခုပဲကြည့်…



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ညီမကို ရိုက်ရမလားဆိုပြီး ကိုကြီးက သူ့ကို ဝင်ရိုက်မိတာ။ ဟိုက တိုင်လားတောလားမလုပ်လို့ တော်သေးတာပေါ့"

"..............."

"ဟိုတစ်ကောင်ဆိုရင်လည်း ကြည့်...ရဲစခန်းကို ဖုန်းဆက်ထားတယ်သာ ပြောတာ။ ဘယ်ရဲတစ်ယောက်မှ ရောက်မလာဘူး။ သူတို့ဘက်ကကျတော့ တစ်ဖက်သားကို ဒုက္ခမပေးဘဲ အဆင်ပြေအောင် ဖြေရှင်းသွားတာ။ အဲဒီအတွက် အစ်ကိုကြီးတို့က ကျေးဇူးတောင်တင်ရဦးမှာ"

"မတင်နိုင်ပါဘူး... ဘာလို့ကျေးဇူးတင်ရမှာလဲ။ အဲဒီတစ်ယောက်ကရော အဋ္ဌလီကို မရလို့ သဲနဲ့ဝင်ပက်တာ။ ဒင်းတို့ကို တစ်ယောက်မှ မကျေဘူး"

"ကျွတ်"

သိန်းထိုက် စိတ်ပျက်စွာ ထိုင်ချလိုက်ပြီး မားကိုသာ စိုက်ကြည့်နေလိုက်မိတော့သည်။ ခုမှ မာရ်နတ်ထက်ဆိုးတာကို ဘယ်သူက တရားဟောပြီး ချွတ်နိုင်မှာတဲ့လဲ။ သူထင်ရာ လျှောက်လုပ်တာကို ကြည့်နေလို့ကလည်း မဖြစ်ပြန်ဘူးလေ။

"ကိုကြီး...မယုံစောင့်ကြည့်၊ သူတို့မင်္ဂလာပွဲ မဖြစ်စေရဘူး။ အဋ္ဌလီ ရအောင်ဖျက်မယ်"

"နင် ရူးနေသလား အဋ္ဌလီ...အများနဲ့တစ်ယောက် နင်လုပ်ချင်ရာလုပ်လို့ ရမယ်ထင်နေလား။ မကောင်းမှုဆိုတာ ဘယ်တော့မှ ဆိတ်ကွယ်ရာမရှိဘူး"





"အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးလေ"

"နင်က စစ်သည်ကို ချစ်တာမဟုတ်ဘဲ နင့်ကိုယ်နင်ချစ်တာဖြစ်နေပြီ အဋ္ဌလီ...အဲဒါဆို နင် တကယ်မချစ်တတ်သေးဘူး"

"ဟုတ်တယ်...ကိုကြီး ကြိုက်သလိုပြော။ အဋ္ဌလီက ကိုယ်ကြိုက်တဲ့ဟင်းခွက်ကို ကိုယ်မှ မနိုက်ရဘူးဆိုရင် ယန်းကန်ပါ ရိုက်ခွဲပစ်မယ်"

"နင် ထင်တိုင်းကြဲတာကို တရားဥပဒေက လက်ပိုက်ကြည့်နေမှာတဲ့လား"

"သိပါတယ်...ဘာဖြစ်လဲ...အရှုံးခံမယ့်အစား ထုတဲ့ဥသျှစ်လည်းကွဲ ခံတဲ့ဥသျှစ်လည်းကွဲပေါ့။ အဋ္ဌလီဆိုတဲ့မိန်းမ ဘယ်လောက်အဆိပ်ပြင်းလဲဆိုတာ သူတို့သိရမှ ကျေနပ်မယ်"

ပါးနှစ်ဖက်ကို စမ်းကြည့်မိပြီး အံကြိတ်ပြောလိုက်ပုံက မားတောင်ကိုပဲ ကျော်ရကျော်ရ မီးပင်လယ်ကို ဖြတ်ရဖြတ်ရ သူလုပ်ချင်တာကို တကယ်အကောင်အထည်ဖော်မည့်ပုံဆိုတော့...

အင်း...

တစ်နည်းနည်းနဲ့တော့ ဖျက်နိုင်အောင်လုပ်မှပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"တီ…တီ"

ဝေယံကျော် ပန်းပင်တွေကို ရေလောင်းနေရင်းမှ ခြံရှေ့ဆီမှ ကားဟွန်းတီးသံကြောင့် မော့ကြည့်လိုက်တော့ ကားက ကိုယ့်ခြံရှေ့မှာ ရပ်နေတာမို့ အပြေးတစ်ပိုင်းနှင့် လာခဲ့တော့သည်။ ဘယ်သူများပါလိမ့်လို့ ခြံတံခါးကို ဖွင့်ပေးလိုက်တော့ ကားထဲကနေ ခေါင်းပြူထွက်လာသူက…

"ညီလေး…ကိုဝေယံရှိန် အိမ်မှာ ရှိလားမသိဘူး"

"ဟုတ်ကဲ့!…ရှိပါတယ် အစ်ကို…ဝင်လေ…ကျွန်တော် သွားခေါ်ပေးပါ့မယ်"

"ကျေးဇူးပဲနော်"





အပြန်အလှန် ခေါင်းညိတ်ပြုံးပြပြီး စစ်သည် ကားကို မောင်းဝင်ခဲ့တော့ ဝေယံကျော်လည်း နောက်မှလိုက်လာကာ အိမ်ထဲသို့ အတူတူ ဝင်ခဲ့ကြပြီး…

"ထိုင်…အစ်ကို…ကိုကြီးက အပေါ်ထပ်မှာဗျ…ကျွန်တော် သွားခေါ်ပေးမယ်နော်"

"ကောင်းပါပြီ"

ဝေယံကျော် အပေါ်ထပ်သို့တက်သွားတုန်းမှာ စစ်သည် တစ်ယောက်တည်း ထိုင်ကျန်ခဲ့ရင်း ဟိုကြည့်ဒီကြည့်နှင့်ပါ။ ခဏကြာတော့ အပေါ်ထပ်မှ အမျိုးသမီးကြီးတစ်ဦး ဆင်းလာပြီး လက်ထဲမှာလည်း ဘုရားပန်းအိုးတွေနှင့်ပါ။ သူ့ကိုမြင်သွားလေတော့ ပြုံးပြပြီး…

"သြော်…ဧည့်သည်ရောက်နေတာကိုး…သားကြီးနဲ့ တွေ့ချင်တဲ့ဧည့်သည်ဆိုတာ ထင်တယ်…ဟုတ်လား"

"ဟုတ်ကဲ့ပါ အန်တီ"

"ခဏစောင့်နေနော်…သား…သားကြီး လာပါလိမ့်မယ်"

သူ့ကို ပြောပြီးနောက်…

"အဝင်းရေ…ဧည့်သည်ရောက်နေလို့ တစ်ခုခု စီစဉ်ပေးပါဦးဟော့"

"ဟုတ်ကဲ့ မမ"

အထဲမှ ပြန်အော်သံကြားတော့ စစ်သည် မလုပ်ပါနဲ့လို့ မပြောဆော့ပေ။ မှာပြီးမှတော့ ကိုယ်တားလည်း အလကားပဲဖြစ်မှာပါ။

"အန်တီ ဘုရားပန်းသွားလဲလိုက်ဦးမယ်…ထိုင်ဦးနော် သား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ပါ အန်တီ”

ဝေယံရှိန်မေမေထွက်သွားတော့ စစ်သည် ထိုင်နေရင်း ဟိုတွေး ဒီတွေး ဟိုငေးဒီငေးပေါ့လေ။ ဝေယံရှိန်မိသားစုတွေက ဖော်ရွေကြ သားပဲ။ ကြည့်ရတာ ရိုးရိုးသားသားနဲ့ အေးအေးချမ်းချမ်းနေတတ်ကြ တဲ့ မိသားစုပဲဖြစ်မှာပါ။ ဝေယံရှိန်ကတော့…

အဋ္ဌလီနဲ့တွေ့မှ ပူလောင်မှုတွေ တွေးပိုက်ရသူပဲပေါ့။ သူသာ အဋ္ဌလီနဲ့ မတွေ့ခဲ့ရင် စစ်သည်နဲ့မွေးလည်း ဖူးစာဆုံကြရမှာ မဟုတ် ပေ။ သြော်…ကံအကြောင်းတရားနဲ့ ရေးရေစက်အပေါ် မူတည်တာပဲ လေ။

အပေါ်ထပ်ကနေဆင်းလာတဲ့ ခြေသံတွေကြောင့် စစ်သည် မော့ကြည့်လိုက်တော့ ဝေယံရှိန်က လှေကားမှ ဆင်းလာရင်းပဲ သူ့ကို ပြုံးပြလေသည်။

“ကောင်းစစ်သည်ပါလား”

သူ ခေါင်းညိတ်ပြလိုက်တော့ ဝေယံရှိန်က လျှောက်လာပြီး ဝင်ထိုင်လိုက်ကာ…

“ဖိတ်စာလာကမ်းတာ ထင်တယ်”

“ဆိုပါတော့”

“ဟင်”

“အခိကလာတဲ့ရည်ရွယ်ချက်က ကိုဝေယံရှိန်ကို ကျေးဇူးတင် လွန်းလို့ပါ။ ကိုဝေယံရှိန်သာ မကယ်ခဲ့ရင် ကျွန်တော့်တဝ ရေစုန်မျော တော့မှာ။ အရှက်နဲ့ဂုဏ်သိက္ခာဆိုတာ အဖတ်ဆယ်လို့ကို ရမှာမဟုတ်





တော့ဘူး။ အဲဒီအတွက် ကျွန်တော် ကျေးဇူးမမေ့ပါဘူး ကိုဝေယံရှိန်”

“ရပါတယ်…ကျေးဇူးတင်ခံချင်လို့ ကူညီခဲ့တာမှ မဟုတ်တာ။ ပြီးတော့ ဘယ်သူ့မျက်နှာကြောင့်မှ ကူညီခဲ့တာလည်း မဟုတ်ဘူး။ လူတစ်ယောက် ဒုက္ခရောက်မှာကို လက်ပိုက်ကြည့်မနေနိုင်လို့ လူမှု ဝန်ထမ်းစိတ်နဲ့ ကူညီခဲ့တာပါ။ အဲဒီအတွက် စစ်သည် စိတ်ထဲမှာ ဘာမှမထားပါနဲ့”

“ဘာမှမထားလို့တော့ မရဘူးလေ…ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်လို့ ကျွန်တော် လာခဲ့တာပါ။ ဒီအဖြစ်အပျက်က ကျွန်တော့် အတွက် တစ်သက်လုံး မေ့လို့ရမှာ မဟုတ်တော့ပါဘူး”

“ငါလည်း သူနဲ့လွဲသွားတာ ကံကောင်းသွားတယ်။ မဟုတ်ရင် သူ့စရိုက်နဲ့ ငါ့စရိုက် မလိုက်ဖက်တာကို အတင်းပေါင်းစပ်ရင် ငါ တစ်သက်လုံး ရှုံးနေမှာ”

တကယ်ပါ…ဝေယံရှိန် နှောင်တရလို့ မဆုံးနိုင်ခဲ့ပါဘူး။ အတုအယောင်ကြားမှာ ပျော်မွေ့ခဲ့မိလို့ သူ အချစ်စစ်ကို ဆုံးရှုံးလိုက်ရ တာပါ။ သူမှားလက်ထဲရောက်မှ တန်ဖိုးကြီးမှန်းသိလာတော့ လိုက်လို့ မမီတော့ဘူးလေ။ မွေးလည်း ကိုယ့်လိုစိတ်အပြောင်းအလဲမြန်တဲ့ ကောင်နဲ့ လွဲသွားခြင်းအတွက် သူ့ကိုယ်သူ…

“ကံကောင်းသူအဖြစ်နဲ့ သတ်မှတ်မှာပါလေ။

စစ်သည်ကမှ မွေးအပေါ် မယိုင်မနဲ့ မပြိုမပျက် မေတ္တာတွေနဲ့ ချစ်နိုင်သူ။ သူတို့နှစ်ယောက် လိုက်ဖက်ညီကြပါတယ်။ မွေး ပျော်မယ် ဆို မောင် ချော့နပ်ပါတယ် မွေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လိုကောင်ကို သတိမရပါနဲ့။

မင်းတို့နှစ်ယောက် ရာသက်ပန် သာယာဖြောင့်ဖြူးစွာနဲ့ လက်တွဲနိုင်ကြပါစေ။

"ကိုဝေယံရှိန်"

"ဟင်"

ဖိတ်စာကိုကိုင်ပြီးမှ စစ်သည် မပေးရက်ဖြစ်နေမိ၏။ မွေးဘက်က ပြတ်နိုင်ပေမယ့် သူ့ဘက်မှာက နှောင်ကြိုးတွေ တွယ်ငင်နေသေးတယ်ဆိုတာ စစ်သည် သိနေတယ်လေ။ မွေးကတော့ နင် ဘာမှ အားနာစရာမလိုဘူး စစ်သည်။ ဒီဖိတ်စာကို သူ့လက်ထဲ ထည့်ဖြစ်အောင်ထည့်ပေးခဲ့ပါတဲ့။

ပေးရမလား၊ မပေးရဘူးလား...

စစ်သည် တွေဝေနေဆဲမှာပဲ ဝေယံရှိန်က စစ်သည်လက်ထဲက ဖိတ်စာကို မြင်သွားကာ...

"ဖိတ်စာပေးမလို့လား...ပေးပါ...အားနာမနေပါနဲ့။ ငါ လာမှာပါ"

ဝေယံရှိန် လက်ကမ်းလေတော့ စစ်သည် အားနာနာနှင့်ပဲ ပေးလိုက်ပြီးနောက်...

"အောင်နိုင်သူ အပြုံးမျိုးနဲ့ လှောင်ချင်လို့ လာကမ်းတာတော့ မဟုတ်ပါဘူး ကိုဝေယံရှိန်။ ကျေးဇူးရှင်တစ်ယောက်အနေနဲ့ ကိုဝေယံရှိန်ကယ်လို့ ကျွန်တော့်ဘဝ ဖြောင်းထဲမရောက်ဘဲ မွေးနဲ့ လက်ထပ်ခွင့်ရတဲ့အတွက်..."





"ငါ သဘောပေါက်ပါတယ်။ ငါနဲ့လွဲပြီး မင်းနဲ့မွေး ဖူးစာဖက်လို့ သဝန်တိုမရှုစိမ့်နိုင်တာမျိုး ငါ မဖြစ်ပါဘူး။ မင်းတို့နှစ်ယောက်က ဘုန်းကံချင်းညီမျှလို့ ပေါင်းစပ်ခွင့်ကြုံရတာပါ။ ငါနဲ့က ဘုန်းကံချင်း မညီမျှလို့ လွဲရတယ်လို့ပဲ ငါ သတ်မှတ်ပါတယ်"

"အဲလိုတော့ မပြောပါနဲ့ ကိုဝေယံရှိန်...တကယ်တော့ ကိုဝေယံ ရှိန်သာ အဋ္ဌလီ မာယာကြောမှာ မနစ်မျောခဲ့ရင် မွေးနဲ့ အသင့်တော်ဆုံးလူက ခင်ဗျားပါ"

"အဟွန်း"

မချိလို့ သွားဖြဲတာကို ရယ်တယ်လို့တော့ မမှတ်လိုက်နဲ့ဆိုတာမျိုးပေါ့။ စစ်သည်စကားကြောင့် ဝေယံရှိန် ရင်ထဲမှာ စူးကနဲ ကျင်ကနဲ ဖြစ်သွားရလေ၏။ အခုမှ ဘယ်သူ့ကို အပြစ်တင်ရမလဲ။ အချစ်နဲ့ တပ်မက်ခြင်းကို မခွဲခြားတတ်ခဲ့တာက ကိုယ်ပဲလေ။ ဖွတ်ထွက်လာတာတောင်...

တောင်ပို့မှန်းသိသိနဲ့...

အရှက်ပြေ ဆက်ပြီး ဦးချနေမိသေးတဲ့ ကိုယ့်အပြစ်ပဲ မဟုတ်လား။

"ပြီးခဲ့တာတွေကို ငါ ပြည်ဖုံးကားချလိုက်ပြီ စစ်သည်...ငါလည်း မင်းတို့မင်္ဂလာပွဲပြီးတာနဲ့ သိပ်မကြာပါဘူး...မလေးရှားကို သွားတော့မှာပါ"

"ဗျာ"

"ဟိုမှာ အဆင်ပြေရင် ပြေသလိုနေမယ်။ မြန်မာပြည်ကိုပြန်ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မြန်မာပြည်ကိုလွမ်းရင် ငါ့ဘဝ ဘယ်နေရာမှာ အဆုံးသတ်မယ် ဆိုတာ ငါကိုယ်တိုင်တောင် မသိသေးပါဘူး"

စစ်သည် နှလုံးသားချင်း စာနာစွာ သူ့ကို ကြည့်လိုက်စဉ် ဝေယံရှိန်က ဖိတ်စာကို ဖတ်နေလေ၏။ ဖိတ်စာဖတ်ရင်း သူ့ရင်ထဲမှာ ဘာတွေခံစားနေရမလဲ စစ်သည် တွေးကြည့်ရုံနဲ့သိတာပေါ့။

"ဒါဆို…ကျွန်တော် တစ်ခုလောက်တော့ တောင်းဆိုပါရစေ ကိုဝေယံရှိန်"

"ဘာလဲ"

"ကိုဝေယံရှိန် သွားတဲ့နေ့ကျရင် လေဆိပ်ကို ကျွန်တော်တို့ လိုက်ပို့ပေးပါရစေ။ အဲလိုပြောလို့ တစ်မျိုးတော့ မထင်ပါနဲ့နော်။ ကျွန်တော်က ကျေးဇူးရှင်မို့ သဘောရိုးနဲ့ လိုက်ပို့ချင့်တာပါ"

"နေပါစေ စစ်သည်…လိုက်မပို့တာပဲ ကောင်းပါတယ်။ နောက်ထပ် သံယောဇဉ်တွေ ထပ်ပြီး အမျှင်မတန်းချင်တော့ပါဘူး။ ငါ့စိတ်ကို ငါနိုင်အောင် ဆုံးမနေတာပါ။ ငါ့အပြစ်နဲ့ငါပေါ့ကွာ"

စစ်သည် သူ့ကို ဘယ်လိုနှစ်သိမ့်ပေးရမလဲ။ ကိုယ်က အောင်နိုင်သူ မထင်မှတ်ဘဲ ဖြစ်ခွင့်ရတဲ့ဘဝမှာ စေတနာတွေကနေ ဝေဒနာတွေလည်း မဖြစ်စေချင်။

"ငါ ကတိပေးပါတယ်"

"ဗျာ"

"မင်းတို့မင်္ဂလာပွဲကို ငါ တက်ဖြစ်အောင်တက်မှာပါ"

"ကျွန်တော်က တက်ရကောင်းစေလို့ မတောင်းဆိုပါဘူး။





လာခဲ့တာက ကိုဝေယံရှိန်ကို ကျေးဇူးတင်စကား ပြောဖို့ပါ။ ကျွန်တော် ကိုဝေယံရှိန်သိအောင် တစ်ခုတော့ ပြောခဲ့ချင်တယ်"

"အင်း…ပြောပါ"

"အဲဒါ…ဘာလဲဆိုရင် မွေးရင်ထဲမှာ ကိုဝေယံရှိန်အတွက် အမုန်းမရှိဘူးဆိုတာပါပဲ"

နှစ်ယောက်သား အကြည့်ချင်းဆုံလိုက်ခြင်းမှာ တစ်ယောက် အပေါ်တစ်ယောက် မနာလိုဝန်တိုမှုတွေမပါဘဲ နားလည်မှုများနှင့်သာ။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၁)

"ဒုတ်"

"ဒုတ်"

"ဒုတ်"

အဥ္စလီ စားပွဲကို ခေါင်းနှင့်ပေါက်နေမိတာ တဒုတ်ဒုတ်နှင့်ပါ။ မျက်နှာကလည်း တင်းနေတာ ပြတ်ထွက်တော့မယ့်အတိုင်းပါပဲ။ မနက်ဖြန်ဆို ကောင်းစစ်သည်နဲ့မွေးတို့ လက်ထပ်ကြတော့မှာ။ သူမ မျက်လုံးထဲမှာ မြင်နေတာသည် စားပွဲ၊ ကစားပွဲ မဟုတ်ပေ။

သူမ ခေါင်းတစ်ချက်စိုက်လိုက်တိုင်း…





မြင်ယောင်နေမိတာသည် စစ်သည်ရဲ့နှလုံးသား။ မွေးရဲ့နှလုံးသားပါပဲ။ သူတို့နှလုံးသားတွေကို အဲဒီလိုပဲ လုပ်ပစ်ချင်တာဆိုတော့ အဲဒီလိုပဲ မြင်ယောင်နေမိတာလေ။ နင်တို့နှစ်ယောက် ပေါင်းရလိမ့်မယ်လို့ မထင်နဲ့။ နင်တို့နှစ်ယောက် ပေါင်းရလိမ့်မယ် မထင်ကြနဲ့…

ရင်ထဲမှာ…

ကြိမ်းဝါးသံနှင့်အတူ မျက်လုံးတွေက အရောင်တောက်လာလိုက်၊ မှေးစင်းသွားလိုက်နှင့် ဂနာမငြိမ်ပေ။ အချစ်ကနေ ဆန့်ကျင်ပြီး ဖြစ်တည်လာတဲ့ အမုန်းတရားတွေက ရင်ဘတ်နဲ့ မဆံ့တော့ပါဘူး။

"အဥ္စလီ"

"…………"

"အဥ္စလီ"

"…………"

"ဟဲ့…အဥ္စလီ"

နောက်ကနေ ခေါင်းကိုကိုင်ပြီး တွန်းလိုက်ကာမှ ရှေ့သို့ ခေါင်းစိုက်ကျသွားပြီး သတိရကာ ပြန်လှည့်ကြည့်လိုက်တော့ သူမ၏မိခင်ပါ။

"အဲဒါ…ဘယ်လိုဖြစ်နေတာလဲ"

အဥ္စလီ ဘာမှပြန်မဖြေလေတော့…

"ကြည့်စမ်း…စားပွဲတစ်ခုလုံး ခေါင်းနဲ့စိုက်ထားတာ ရစရာကို မရှိတော့ဘူး…မွနေတာပဲ။ ဘာဖြစ်နေတာလဲ…ပြောစမ်းပါ။ ဘာလဲ သွေးဆာပြီး လူသတ်ချင်နေတာလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

တိုပြတ်ပြတ်နှင့် အဋ္ဌလီ့အဖြေကြောင့် မိခင်ဖြစ်သူ ဒေါ်ရင်မေမှာ ရင်ဘတ်သာ ဖိမိတော့၏။ ကိုယ်မွေးထားတဲ့သမီးမို့ ကိုယ့်သမီး အကြောင်း ကိုယ်သိသည်လေ။ သူ ဖြစ်ချင်တာကိုမှ ဖြစ်ခွင့်မရရင် ရှေ့နောက်မစဉ်းစားဘဲ လုပ်ချင်ရာကို လုပ်တတ်သူ။ သူ့စိတ်က အစွန်း ရောက်တတ်တာမို့…

"နေစမ်းပါဦး…ညည်းက ဘာကိစ္စနဲ့ ဘယ်သူ့ကို သတ်ချင်နေ တာလဲ"

"ကောင်းစစ်သည်"

"ဟင်"

ဘယ်က ကောင်းစစ်သည်လဲ။ ဒေါ်ရင်မေမှ မသိတာ။

"ပြီးတော့…မွေး"

ဒါလည်း သူမ မသိပေ။ ဘယ်အငြိုးကြောင့် ဒီလောက် သတ်ချင်ဖြတ်ချင်နေရတာတဲ့လဲ။ လူတစ်ယောက်ကို သတ်ဖို့ဆိုတာ ကြက်ကလေး၊ ငှက်ကလေးတွေ သတ်ရတာလောက် လွယ်ကူလို့ လား။ အခု သူ သတ်ချင်တာက နှစ်ယောက်လေ၊ ဒီကလေးမပုံကြည့် ရတာ…

မှုမမှန်တာ ကြာပြီ။

တကယ်လုပ်ရင်တော့ ဒုက္ခပါပဲ။ ဘယ်လိုလုပ်ရပါ့မလဲနော်။

"သမီး"

"…………"





"အဲဒီလူတွေကို သမီး သတ်ချင်လောက်အောင် ဘာဖြစ်လို့ မုန်းတာလဲ… အမေ့ကို ပြောပြစမ်းပါ။ ဒီအိမ်မှာ ဘာဖြစ်ဖြစ် တိုင်ပင် စရာဆိုလို့ သမီးနဲ့မေမေပဲ ရှိတာလေ။ သမီးရင်ထဲမှာ ဘာတွေဖြစ်နေ လဲ။ ဘာတွေခံစားနေရလဲ…မေမေ့ကို ပြောပြမှပေါ့"

ဒီတော့မှ အဋ္ဌလီမျက်နှာ မိခင်ဘက်သို့ လှည့်လာပြီး လက်က တော့ ဓားကို တင်းတင်းဆုပ်ထားဆဲပါ။ နှုတ်ခမ်းက တင်းတင်းစေ့လို့၊ ပြီးမှ တစ်လုံးချင်းထွက်လာသော စကားလုံးများသည်…

"ကောင်းစစ်သည်ဆိုတဲ့လူကို အဋ္ဌလီ ချစ်တယ်။ နက်နက် ရှိုင်းရှိုင်းကို ချစ်ခဲ့တာ။ သူကတော့ မွေးမှမွေးပဲ။ အခု သူတို့ မင်္ဂလာ ဆောင်ကြတော့မှာ။ မနက်ဖြန်ပေါ့…အဲဒါကြောင့် အဋ္ဌလီကို ပြန်မချစ် တဲ့ ယောကျ်ားရော သူ့ကို ပိုင်ဆိုင်ခွင့်ရမယ့် မိန်းမကိုရော အဋ္ဌလီ မုန်းတယ်။ သတ်ပစ်ချင်တယ်"

"ဘုရား…ဘုရား"

"သူတို့နှစ်ယောက် ပေါင်းခွင့်မရစေရဘူး။ သူတို့ကို အဋ္ဌလီ သတ်ရမှ ကျေနပ်မယ်"

"သမီး"

ကိုယ့်သမီးစိတ်ဓာတ် ပြင်းထန်တာက တစ်မျိုးလေ။ စိုးရိမ်စိတ် နှင့်ဒေါ်ရင်မေ ရင်တွေ တဒိတ်ဒိတ်ခုန်လာ၏။

"သမီးရယ်…ကိုယ့်ကိုမချစ်တဲ့သူကို သမီးက ဘာ[illegible] ခင်တွယ်နေရမှာလဲ။ ဟိုစကားတောင် ရှိသေးတာပဲ။ ကိုယ်[illegible] မရှာနဲ့၊ သူချစ်ကိုရှာတဲ့။ အခု သူက ကိုယ့်ကိုမချစ်လို့ သူ[illegible]



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်တာ ဝမ်းနည်းနေစရာ မလိုပါဘူး။ မေမေ့သမီးက ဒီလောက် လှနေတာ သူ့ထက်သာတဲ့သူကို ရှာလိုက်စမ်းပါကွယ်"

"ရှာလို့ကရတယ်…ဒါပေမယ့်"

"အဲဒါဆိုလည်း ဘာလို့ သူများကို အငြိုးထားနေရမှာလဲ"

"မရဘူး မေမေ…အဥ္ဇလီဆိုတဲ့မိန်းမက ကိုယ်ချစ်လို့မှ ကြွေကျ ရင်ကျ…မကျရင် အမြစ်ပါ တူးဖော်ပြီး အဆုံးသတ်ပစ်ချင်တာ"

"ဒုန်း"

"ဟဲ့…အဥ္ဇလီ"

နောက်ဆုံး ဓားဦးနှင့် စားပွဲကို စိုက်ချပြီး ထသွားပုံက ရှေ့မှာ ဘာအတားအဆီးပဲရှိရှိ ရှိတဲ့အတားအဆီးကိုပါ ဖြိုဖျက်တိုက်ခိုက်ပြီး လုပ်ချင်တာကို လုပ်ကိုလုပ်မယ်ဆိုတဲ့ အရိပ်အယောင်တွေပါ။

ဟင်း…ရင်လေးလိုက်တာ။

❀ ❀ ❀





## အခန်း (၃၂)

အဥ္ဇလီ တစ်ကိုယ်လုံးကို အနက်ရောင်တွေ ဝတ်စားဆင်ယင်၍ ထွက်လာခဲ့တော့သည်။ အဝတ်၊ ဖိနပ်၊ လက်ကိုင်အိတ်၊ နားကပ်၊ လည်ဆွဲမှအစ အားလုံး အနက်ရောင်။ နှုတ်ခမ်းနီကတော့ စိုရဲနေတဲ့ အနီရောင်ပေါ့လေ။ သူ ဒီလိုဆင်မြန်းလာတာ သူ့အဓိပ္ပာယ်နဲ့သူပါပဲ။

မင်္ဂလာပွဲ…

ဘာမင်္ဂလာပွဲလဲ…မဖြစ်စေရဘူး။ ဖြစ်ချင်းဖြစ် အမင်္ဂလာပွဲပဲ ဖြစ်စေရမယ်။ နှစ်ယောက်စလုံးကို ငါကိုယ်တိုင် သတ်မယ်။ နင်တို့ အသက်ကို ငါ့လက်နဲ့ ငါကိုယ်တိုင်ယူမယ်။ ဖြစ်ချင်သလိုမှ ဖြစ်ခွင့် မရတာ မဖြစ်တာကို လက်ပိုက်ကြည့်နေမယ့်အစား သူတို့ဖြစ်ချင်တာ ဖြစ်ခွင့်ရတာကို ဖျက်ဆီးလိုက်ရုံပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…လှလိုက်တာ မွေးရယ်။ တို့သူငယ်ချင်းက အသား ညိုတော့ ဒီအတိုင်းနေရင် မလှဘူးလိုလိုနဲ့နော်…အခုလို ပြင်လိုက် တော့ နတ်သမီးလေးအတိုင်းပဲ…လှလိုက်တာ"

"စစ်သည် မပြောနဲ့…နှင့်ကြည့်ပြီး ငါတောင် ရင်တွေခုန်လာ ပြီ"

"အမယ်…အားကျရင်ကျတယ်ပြောစမ်းပါ"

"ဟေး…ဟေး"

"ရုပ်ကိုက အသိအသာကြီး"

"သိရင် သိတဲ့ဘာသာနေလေဟာ…ပေါ်တင်ကြီးမပြောနဲ့၊ ရှက်တာပေါ့လို့"

သူငယ်ချင်းတွေ ဝိုင်းစကြတော့ မွေးက ရယ်နေရုံသာ။ ဒီအချိန် မှာ ဘာပြောရမှာလဲလေ။ ရှက်နေတာပဲသိတာပေါ့။

"မွေး"

"…………"

"မွေး"

"ဟော…စစ်သည်လာပြီ"

"ပြင်လို့မပြီးသေးဘူးလား"

"ပြီးပြီ စစ်သည်ရေ…ပြီးပြီ…လာကြည့်ပါဦး…မှုးဇော်း လဲကျနေမယ်နော်…သတိလည်းထားဦး"

စစ်သည် မွေးကို ကြည့်လိုက်မိတော့ တကယ့်ကို မျက်တောင် ခတ်ဖို့ပင် မေ့လျော့သွားသည့်နှယ်။





"လှလိုက်တာ မွေးရယ်"

ပြောပြီး လက်ကလေးကို ဆုပ်ကိုင်လိုက်တော့ မွေးက ရှန်းကာ

"ဘယ်လိုဖြစ်နေတာလဲ…ဧည့်မှာလူတွေနဲ့ကို"

"လူတွေရှိတာ ဘာဖြစ်လဲ…ကိုယ့်မိန်းမလက် ကိုယ်ကိုင်တာပဲ ဥစ္စာ"

"စစ်သည်နော်"

"ကဲပါ…ပြီးရင် သွားရအောင်"

စစ်သည်နှင့်မွေး လက်ချင်းချိတ်၍ ထွက်လာခဲ့ကြတော့သည်။ သူတို့နှစ်ယောက်က သူများအားကျစရာ စုံတွဲလေးပေါ့လေ။ ဂုဏ်တွေ၊ ဒြပ်တွေထက် တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်ကြတာကိုက သူငယ်ချင်းတွေကြားမှာ ဂုဏ်ယူစရာပါ။ သူရယ်ကိုယ်ရယ် ချစ်ကြ တာချင်းမှာ နားလည်မှုတွေပါ ဖြည့်ဆည်းလိုက်တော့ သာယာတဲ့ အိမ်ထောင်ရေးတစ်ခုပဲ ဖြစ်တည်လာမယ်ဆိုတာ ယုံကြည်နေကြသည် လေ။

မင်္ဂလာခန်းမထဲကိုရောက်တော့…

ရွှေဂဟေ ငွေဂဟေခိုင်ခိုင်ဆက်လို့ ရွှေပွဲမင်္ဂလာ၊ ငွေပွဲမင်္ဂလာပေါ့ လေ။

"စစ်သည်"

"ဟင်"

အနားသို့ရောက်လာသူက ဝေယံရှိန်ဖြစ်ပြီး…

"မင်းအတွက် ငါ ဂုဏ်ယူပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝေယံရှိန်"

"ငါ လာတယ်နော်"

ပြောပြီး လက်မထောင်ပြလေသဖြင့် စစ်သည် အားတုံ့အားနာ ဖြစ်သွားရ၏။ မွေးမျက်နှာ ဘယ်လိုရှိနေမလဲ လှည့်မကြည့်တော့ပါဘူး။ တစ်ချိန်က ပတ်သက်ခဲ့ဖူးပေမယ့် အခု ဆိုင်မှမဆိုင်ကြတော့ပဲလေ။ ကိုယ်က သဘောထားသေးသိမ်တဲ့သူမဟုတ်တော့ သဝန်တိုစရာ အကြောင်းလည်း မရှိပါဘူး။

ပြီးတာတွေက ပြီးသွားခဲ့ပြီ…

သူ့အတွက် စိတ်မကောင်းတော့ ဖြစ်မိတာပေါ့။ စွန့်လွှတ်ဆုံးရှုံး လိုက်သူကို ကိုယ်သာဆိုရင်လို့ ကိုယ်ချင်းစာကြည့်ပေးတော့ အတွေး နှင့်ပင် ရင်ထဲမှာ တစ်ဆို့ဆို့နှင့်ပါ။

ဝေယံရှိန်…

ပြန်လှည့်ထွက်မလို့ ပြင်လိုက်စဉ်မှာပဲ…

"ဟင်"

သူနှင့် မျက်နှာချင်းဆိုင်လိုက်မိတာသည်…

"အစ္စလီ"

"သြော်…ရှင်လည်းလာတာကိုး"

"လာရတာပေါ့…မလာနိုင်ရလောက်အောင် ငါက အသည်းမှ မပျော့တာ။ ပြီးတော့ သူတို့ပျော်နေရင် ငါ ကျေနပ်တယ်။ မင်းလို ရယူလိုမှုတစ်ခုအတွက်နဲ့ မယုတ်မာဘူး"

"ဟုတ်တယ်…ယုတ်မာခဲ့တာ ရှင့်ကြောင့် မအောင်မြင်ခဲ့ဘူး





လေ။ အဲဒီတော့ လက်ဖွဲ့ပဲ လာပို့ရတာပေါ့"

"မင်းပေးတဲ့လက်ဖွဲ့ကို တို့မလိုချင်ဘူး အစ္စလီ။ မင်းလို မိန်းမယုတ်မရဲ့လက်ဖွဲ့ကိုယူပြီး တို့စိတ်သန့်ရှင်းမှာလည်း မဟုတ်ဘူး။ အဲဒီတော့ မင်းကို ဖိတ်မထားတဲ့အတွက် သူများတွေ မင်္ဂလာယူနေ တဲ့အချိန်မှာ မနှောင့်ယှက်ပါနဲ့"

"စစ်သည်"

မွေး အားနာပေမယ့် စစ်သည်စကားကို မတားဆီးလိုက်နိုင်။ ရန်သူတောင် လက်နက်ချရင် ကျေအေးရသေးတာပဲလေ။ အခုလည်း ရန်သူလိုဖြစ်နေပေမယ့် သူက အေးရာအေးကြောင်းနဲ့ လက်ဖွဲ့လာပေး တာ မဟုတ်လား။

ဒါကို…

ကိုယ့်ဘက်က စီးလားနင်းလား ပြောနေတာတော့ မကောင်း ဘူးပေါ့။ ပြီးတော့ လူတွေ ဝိုင်းကြည့်နေကြတာကို မွေး ရှက်လာ သည်။ ဘာမဟုတ်တာလေးကို ပုံကြီးချဲ့နေစရာမှ မလိုတော့ပဲလေ။

"မဖိတ်ခေါ်ဘဲ လက်ဖွဲ့လာပေးတဲ့သူကို ရှင် ဒီလို ဆက်ဆံရ သလား ကောင်းစစ်သည်…ရှင် စိတ်ချပါ။ ကျွန်မ လက်ဖွဲ့ပေးပြီးရင် ပြန်မှာပါ"

"ကျွတ်"

"မင်းနဲ့ ဘာမှပတ်သက်စရာအကြောင်း မရှိတဲ့အတွက် ဘာလက်ဖွဲ့မှ မလိုဘူး…မင်း ပြန်ပါ"

"အစ္စလီ"



www.burmeseclassic.com

www.burmeseclassic.com



“..........”

“မွေး တောင်းပန်ပါတယ်။ အဥ္ဇလီ ပြန်ပါတော့နော်”

အဥ္ဇလီ လွန်ကာနဲ့ ပြုံးလိုက်ရင်း လက်ကိုင်အိတ်ကို မသိမသာ ဖွင့်၍ တစ်ခုခုကို နှိုက်ယူလိုက်၏။ သူမ နှိုက်ယူလိုက်တာ သူမ ပေးမယ့်လက်ဖွဲ့လေ။ ခင်းတို့ရဲ့ဝိညာဉ်ကို ခြွေမယ့်လက်ဖွဲ့ပေါ့။

“မင်း...အေးအေးဆေးဆေး လှည့်ပြန်လိုက်ပါ အဥ္ဇလီ... ကိုယ့်ကြောင့် သူတစ်ပါးကို စိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့။ မင်း ရှေ့ဆက်ရပ်နေမယ်ဆိုရင် ငါ့အဆိုးမဆိုနဲ့”

“မသွားဘူးဆိုရင် ရှင်က ဘာလုပ်မှာလဲ”

“မင်းကို ငါကိုယ်တိုင် ဆွဲထုတ်ပစ်မယ်”

“အပွန်း”

“မင်း...ခုထွက်သွား”

“ရှင် တကယ်ဟိုအကောင်နဲ့ တူနေပြီသိလား ကိုဝေယံရှိန်... ကိုယ်စားလို့ရတာမဟုတ်ဘဲ သူများအတွက်”

“အဥ္ဇလီ”

နှစ်ယောက်သား အကြည့်ချင်းဆုံလိုက်ကြခြင်းမှာ ဟိုတုန်းက ချစ်သူဆိုတဲ့ အဆိုပြုသင်္ကေတထဲမှာ ရှိကြသလို နူးညံ့ပျော့ဝင်ခြင်းတွေ မပါတော့ပေ။ တစ်ယောက်က အတ္တမျက်ဝန်း၊ တစ်ယောက်က မာနမျက်ဝန်းနှင့်ပေါ့လေ။ တစ်ယောက်က စွန့်လွှတ်ပေးဆပ်ခြင်းအချစ်နဲ့ ကိုယ်ချစ်ရသူအတွက် ဘာမဆိုလုပ်ပေးဖို့ ဆုံးဖြတ်ထားသူ။

တစ်ယောက်ကတော့...





ကိုယ်မှ မပိုင်ဆိုင်ရရင် သူများလည်း မပိုင်ဆိုင်စေရမှုဝါဒနှင့် ဒီပွဲကို ဖျက်အောင်ဖျက်ဖို့ ရောက်လာသူ။ စစ်သည် အခြေအနေကို ဝင်ထိန်းပေးဖို့အတွက်...

“အဥ္ဇလီ”

“............”

“မင်း လက်ဖွဲ့ပေးချင်လွန်းလှတယ်ဆိုရင်လည်း ပေးပါ။ ငါ လက်ခံပေးမယ်။ ပေးပြီးရင်တော့ ညှို့သည်က ညှို့သည်နဲ့တူအောင် သိမ်သိမ်မွေ့မွေ့လေး ထိုင်နေပေးပါ”

အဥ္ဇလီ့အကြည့်က စစ်သည်ဆီသို့ ရောက်သွားပြီး...

“လက်ဖွဲ့ကို လက်ခံပေးမယ်...ဟုတ်လား”

“မင်း ပေးချင်နေတာမဟုတ်လား”

“ဟုတ်တယ်”

“ငါပြောတာလည်း ရှင်းရှင်းလေးပါ။ မင်း ပေးချင်သပ့်ဆို ပေး...ပြီးရင်”

“နှင်စရာမလိုအောင်ကိုပဲ ပြန်မှာပါ။ ကျွန်မ ရှင်တို့အတွက် ပေးမယ့်လက်ဆောင်က”

“ဖျောက်”

“ဟင်”

ဖျောက်ကနဲအသံကြားလို့ အသံကြားရာဆီသို့ ငုံ့ကြည့်လိုက်မိကြတာ စစ်သည်နဲ့ဝေယံရှိန်ပါ။ ဝေယံရှိန်က စစ်သည်နဲ့မွေးရှေ့ကနေ အာရပ်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မင်း"

"သိပ်ကြောက်သွားလား"

စစ်သည့်ကို ကြည့်၍ မေးလိုက်ခြင်းပါ။ စစ်သည် မဖြေခင် ဝေယံရှိန်ကပဲ အသံတိုးတိုးကျိတ်ကျိတ်နှင့်…

"အဥ္စလီ…မင်း မယုတ်မာနဲ့နော်။ သူများ မင်္ဂလာယူနေတဲ့ အချိန်မှာ ဘာတွေလာပြီး အရှုပ်ထနေတာလဲ။ မင်း အဲဒီလိုလုပ်ရင် မင်းနောက်ကို တရားဥပဒေက ထပ်ကြပ်မကွာ လိုက်လာမယ်ဆိုတာ မင်း မသိဘူးလား"

"သိတယ်…အဲဒီတရားဥပဒေကိုလည်း ငါ ဂရုမစိုက်ဘူး။ ငါ ဂရုစိုက်တာက ငါ့အချစ် ငါ့မေတ္တာတွေကို ဥပေက္ခာပြုတဲ့ စစ်သည်၊ ပြီးတော့ ငါ ပိုင်ဆိုင်ခွင့်မရတဲ့ စစ်သည်ကို ပိုင်ဆိုင်ခွင့်ရသွားတဲ့ မွေး…သူတို့နှစ်ယောက်ကို သတ်ပြီးရင် ငါ…ငါ့ကိုယ်ငါလည်း အဆုံးစီရင်ပစ်မယ်"

တစ်ခွန်းချင်း ပြတ်သားအောင်ပြောပြီး အဥ္စလီ ရှေ့တိုးလာလေတော့ ဝေယံရှိန် မျက်ခြေမပြတ် ကြည့်ရင်းမှ…

"အဥ္စလီ…မင်း မလုပ်နဲ့နော်"

"တောက်…တော်တော်ယုတ်မာတဲ့ မိန်းမ"

"စစ်သည်"

"ကဲ"

"အဥ္စလီ"

မွေးက စစ်သည်လက်ကို ဆွဲထားပြီး ဝေယံရှိန်က အဥ္စလီပြမယ့်





အန္တရာယ်ကို ကာကွယ်ဖို့ ကြိုးစားသူ။ သတို့သမီး၊ သတို့သားအနားမှာ ရုတ်ရုတ်သဲသဲပုံစံဖြစ်နေတော့ ဧည့်သည်တွေကလည်း ကြည့်နေကြလို့ပေါ့။ ပထမ အဥ္စလီရဲ့ပစ်မှတ်က မွေးပါ။ မွေးကို ဓားနှင့်ထိုးစိုက်မယ်အလုပ် ဝေယံရှိန်က ထိုလက်ကို ဖမ်းဆွဲထားပြီး နှစ်ယောက်သားဓားကို လုနေကြစဉ်…

ဝေယံရှိန်…

ဒီမိန်းမရဲ့ယုတ်မာမှုတွေအတွက် ဒေါသထွက်ပြီး စိတ်ကို ဘယ်လိုမှ မထိန်းနိုင်တော့ပေ။

"ကဲကွာ"

"အား"

"ဟင်"

ထင်မှတ်မထားတာကြောင့် စစ်သည်နဲ့မွေး နောက်သို့ ဆုတ်သွားကြလေသည်။

"ကိုဝေယံရှိန်"

"လုပ်ကြပါဦးဟ"

အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားချိန်မှာ ဝေယံရှိန် ကြက်သေသေနေမိ၏။ အဥ္စလီက သူ့ရှေ့မှာပဲ ဓားတန်းလန်းနှင့် လဲကျသွားပြီလေ။ ဒါ မကောင်းတဲ့သူတွေ လားရာလမ်းပဲပေါ့။ စောစောက ကြောင်နေတဲ့ပုံစံကနေ အခု ဝေယံရှိန် မျက်လုံးတွေက အရောင်တောက်လာသည်။

ဖြစ်လာသမျှကို ရင်ဆိုင်မယ်ဆိုတဲ့ သတ္တိရောင်ခြည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စစ်သည်တို့ဘက်သို့ လှည့်လိုက်ပြီး···

"မွေး"

"..............."

"ဒါ···ကျွန်တော့်ရဲ့ပေးဆပ်မှုတစ်ခုပါ။ မွေး ကျေနပ်မယ်လို့ ထင်ပါတယ်။ မွေးတို့ဇနီးမောင်နှံ ဘဝတစ်လျှောက်လုံး သာယာချမ်းမြေ့စွာနဲ့ လက်တွဲနိုင်ကြပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ်"

"ကိုဝေယံ"

စစ်သည် သူ့လက်ကို တင်းတင်းဆုပ်လိုက်တော့···

"ဒီအဖြစ်အပျက်ကလေးကြောင့် ငါ့ရဲ့စေတနာနဲ့မေတ္တာကို မင်းတို့ အသိအမှတ်ပြုတယ်ဆိုရင် ငါ ကျေနပ်ပါတယ်"

"အသိအမှတ်ပြုတာပေါ့ ကိုဝေယံရှိန်···တစ်သက်လုံး ကျွန်တော့်ရင်ထဲမှာ ကိုဝေယံရှိန်က စံပြုထိုက်တဲ့သူတစ်ယောက်အဖြစ် တည်ရှိနေမှာပါ"

မွေးကိုကြည့်တော့ မျက်ရည်တွေနှင့်ပါ။ အဲဒီလောက်အထိ ပေးဆပ်စရာလိုလို့လား မောင်ရယ်။ တကယ်ဆို အနေသာကြီးပေမယ့် သူ မားစာခံဝင်လုပ်သွားတာ မိုက်လို့ စိန်ခေါ်တဲ့ပွဲမှ မဟုတ်ဘဲလေ။ အချစ်အတွက် နှလုံးသားရော ဘဝကိုရော စတေးလိုက်တာပါ။ မွေး ဘယ်လိုဖြေရမလဲ မောင်···။

အရင်လို မချစ်နိုင်တော့ပေမယ့်···

ရင်ထဲမှာ သံယောဇဉ်လက်ကျန်တော့ ရှိနေပါသေးတယ်။



BURMESE CLASSIC



ဒါကြောင့် သူ့အတွက် မျက်ရည်ကျမိတာကို စစ်သည် နားလည်ပေးနိုင်မှာပါ။

"ငါ သွားတော့မယ်"

"မောင်"

"ဟင်"

လွှတ်ကနဲ ထွက်သွားမိလို့ စစ်သည်မျက်နှာကို ပြန်မော့ကြည့်မိတော့ စစ်သည်က သဘောထားကြီးစွာ ခေါင်းညိတ်ပြလေသည်။

မောင်တဲ့···

ဒါ နောက်ဆုံးကြားရတဲ့ ခေါ်သံလေးမို့ ပေးဆပ်ရကျိုးနပ်ပါပြီလေ။ မောင် ကျေနပ်ပါတယ် မွေးရယ်။ မောင် သွားပါရစေတော့နော်။

"ပျော်ရွှင်ပါစေ"

"အဟင့်"

ဝေယံရှိန် ထွက်သွားလေတော့ စစ်သည်··မွေးပခုံးလေးကို ဖက်ပြီး နှစ်သိမ့်လိုက်၏။ ငိုတာကို မတားပါဘူး မွေးရယ်။ ငိုပါ··· မွေး အားရပါးရ ငိုလိုက်ပါ။ ကိုယ် နားလည်ပေးနိုင်ခြင်းများနှင့်သာ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၃)

"မွေး"

စစ်သည် တသိမ့်သိမ့် ငိုရှိုက်နေတဲ့ ချစ်ဇနီး၏ပခုံးလေးကို ဖက်ကာ ထွေးပွေ့ထားလိုက်မိသည်။ ငိုနေရမလားလို့ သူ မတားပါဘူးလေ။ ငိုသင့်လို့ငိုတာ ငိုပါစေပေါ့။ သူသာ ဘဝနဲ့ရင်းပြီး မစွန့်စားခဲ့ရင် အခုချိန်မှာ သူတို့ ပေါင်းကြရမှာမဟုတ်ဘူးလေ။ ဘာတွေဖြစ်ကုန်ကြမလဲ။

ဩော်…ကိုဝေယံရှိန်ရယ်…။

မွေးအပေါ်ချစ်တဲ့ ခင်ဗျားရဲ့အချစ်မျိုးကို ကျွန်တော့်နှလုံးသားမှာ ကမ္ဗည်းတင်ပြီး သတိရနေမှာပါဗျာ။ ကျွန်တော်လည်း ခင်ဗျားကို အတုယူခြင်းနဲ့ မွေးနဲ့ပတ်သက်သမျှ ဘာမဆိုရင်ဆိုင်ရဲတဲ့သူအဖြစ်နဲ့





မွေးကို တစ်သက်လုံး ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုးနဲ့ ပေါင်းသင်းသွားပါ့မယ်ဗျာ။

"စစ်သည်"

"ဟင်"

"ငါ့ကို ခွင့်လွှတ်ပါနော်"

"ဘာအတွက်လဲ…မွေး"

"သူ့အတွက် ငါ မျက်ရည်တွေကျနေမိလို့ပါ။ အဲဒါ ငါ နင့်အပေါ် သစ္စာဖောက်တာမဟုတ်ပါဘူး။ ငါ ငိုမိတာ သူ့ရဲ့ပေးဆပ်မှုအတွက်ပါ။ တကယ်တော့ ငါ့ရင်ထဲမှာ သူ့အတွက် အချစ်မရှိတော့ဘူး။ အခုရှိနေတာ ကရုဏာတွေပါပဲ"

"ငါ နားလည်ပါတယ် မွေးရယ်…ငါလည်း သူ့လိုအချစ်မျိုးနဲ့ နင့်အပေါ် ထာဝရချစ်သွားမှာပါ"

"ငါလည်းလေ"

"အင်း…ဘာဖြစ်လဲ"

"နင့်ကို အရမ်းချစ်တယ်"

"ငါ အကြွင်းမဲ့ယုံတယ် မွေး"

"ငါလည်း နင့်ကို ယုံပါတယ်"

တစ်ယောက်ကိုတစ်ယောက် ခပ်တင်းတင်းလေးဖက်ပြီးနောက်

"သူ ငါ့သစ္စာတွေ တကယ်ရှူးသွားတာလား မသိဘူးနော်"

"မဟုတ်တာ မွေးရယ်…ဖြစ်ချိန်တန်လို့ဖြစ်၊ ပျက်ချိန်တန် ပျက်ရမယ့် ကံကြမ္မာကို ဘယ်သူကမှ မတားဆီးနိုင်ဘူးလေ။ ဘယ်သူ့



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်သူကမှ အပြစ်တင်လို့ မရပါဘူး"

"သူသာ အဲဒီလိုမကာကွယ်ရင် တို့နှစ်ယောက်စလုံး ဒါမှမဟုတ် တစ်ယောက်ယောက် သေမှာ"

"ဟုတ်တယ်""

စစ်သည်ပြောပြီး အံကြိတ်လိုက်မိ၏။ အဠလီဆိုတဲ့ မိန်းမကတော့ သေတာတောင် လွမ်းလောက်စရာမရှိအောင် မိုက်မဲသွားတာ။ ကိုယ်က ပတ်သက်ခဲ့တာမဟုတ်ဘဲ သူလာပတ်သတ်ပြီး မွေနှောက်သွားတာ အဆုံးသတ်မလှခဲ့ပေ။

သူများကို ဒုက္ခပေးချင်တဲ့ မိန်းမ…။

နောက်ဆုံးတော့ သူ့ဘဝလည်း ဇာတ်သိမ်းမလှခဲ့ဘူးပေါ့။

"ရှေးဘဝက ကံအကြောင်းတရားတွေပေါ့ မွေးရယ်… ကိုဝေယံရှိန့်အတွက်ကတော့ တို့ရင်ထဲမှာ ထာဝရကျေးဇူးရှင်အဖြစ်နဲ့ လေးစားကြည်ညိုသွားရမှာ"

"အင်း"

"ကဲ…အဲဒါတွေထားပါတော့"

"ဘယ်ဟာကို မထားရဘူးလဲ"

"ဒါ"

စိတ်ပြေလက်ပျောက် မျက်ရည်ကိုသုတ်ပြီး ပြောလိုက်တော့ စစ်သည်က သူ့ပါးကို ဖောင်းပေးလေလျှင်…

"လာပြီ"

"ဟင်…ဘယ်သူလဲ"





"မသိဘူး"

"မသိလို့ မရဘူးလေ…မင်းယောကျ်ားပဲဥစ္စာ…လုပ်ပါ…ဒါလေး"

"ဘာဒါလေးလဲ…စစ်သည်နော်"

"ချစ်လား"

"မချစ်ဘူး"

"မယုံပါဘူး"

"မယုံလည်းနေပေါ့"

"နေလို့တော့ မရဘူးလေ…ဟောဒီလို"

ပါးပြင်ကို ဖျတ်ကနဲ ငုံ့နမ်းလေတော့ မွေး ရှက်မျက်နှာလေးဝှက်ကာ ငြိမ်သက်နေမိသည်။

ဩော်…

ဝမ်းနည်းခြင်းရဲ့အခြားတစ်ဖက်မှာ အသစ်စက်စက် ဇနီးမောင်နှံအတွက် ဝမ်းသာလက်ကလေးတော့ ဆုပ်ကိုင်ခွင့်ရှိနေတော့ အနစ်နာခံသွားသူကို ရင်ထဲကပဲ တောင်းပန်ပါသည်လေ။

အချစ်ကြောင့် ရင်းနှီးသွားတဲ့ဘဝအတွက်တော့ ထာဝရ လေးစားခြင်းနှင့် ဦးထိပ်တင်သွားမယ်ဆိုတာ…

ပရိသတ်များကို ထာဝရ ချစ်ခင်လေးစားလျက်…

မိုးစက်ပွင့်

၁၂-၅-၂၀၀၅



www.burmeseclassic.com